
www.burmeseclassic.com
မဟူရာကြောင်နက်နှင့် ငရဲငှက်များ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

• စာမူခွင့်ပြု
၅၃၂ / ၂၀၀၂ (၅)
• အဖုံးခွင့်ပြု
၅၁၂/ ၂၀၀၂ (၈)
• ထုတ်ဝေသူ
ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
၅၃၃(အေ)၊ ၈-ရပ်ကွက်၊ ပြည်သို့လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
• အဖုံး၊ အတွင်းပုံနှိပ်
ဒေါ်တင်တင်ရွှေ (၀၄၆၈၀)
ပန်းကြာဒိုင်ပုံနှိပ်တိုက်
အမှတ်-၅၆၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။
• ၂၀၀၂၊ အောက်တိုဘာလ
အုပ်ရေ (၅၀၀)
ပထမအကြိမ်
တန်ဖိုး (၂၅၀) ကျပ်
• အထက်မြန်မာပြည်ဖြန့်ချိရေး —
နဂါးစာပေ(မန္တလေး)
• ပြည်လုံးကျွတ်ဖြန့်ချိရေး —
ရွှေဥမ္မာစာပေ
၁၅၈-က၊ ၃၇-လမ်း၊
ကျောက်တံတား၊ ရန်ကုန်မြို့။

ရွှေဥမ္မာစာပေ

# တက္ကသိုလ် မွန်းကျ

## မဟူရာကြောင်နက်နှင့်ငရဲငှက်များ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

### ဧတူရာဧကြောင်နက်ကြီးနှင့် အရိုင်မညိး

နွေညတစ်ည....

ရှိအန်းပြည်နယ်မြို့တော် စီယန်မြို့။

စိန်ပွင့်များ ပြာစင်သော ကောင်းကင်တွင် ကြဲပြန့်နေ၏။

လမင်းကြီး ထိန်ထိန်သာနေ၍ ဖတ်စန်းချောင် တစ်ဝိုက် ထင်းထင်းကြီး လင်းနေခဲ့သည်။ ဖြာကျနေသော လရောင် ကြောင့် အရာရာတိုင်း ငွေရောင်ရွှန်းလက်နေကြ၏။

လေပြည်က တဖြူးဖြူး တိုက်ခတ်နေရာ ငွေရည်လူး ထားသော သစ်ရွက် သစ်ခက်များမှာ တဖျပ်ဖျပ် လှုပ်ခတ် နေကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော ခြံဝင်းကြီးအား မြင့်မားသော အုတ်တံတိုင်းများဖြင့် ကာရံထားသည်။

ခြံဝင်း၏ အလယ်ဗဟိုဝယ် ကြီးမားခန့်ညားသော စံအိမ်ကြီးတစ်လုံးက ငွေလရောင်အောက်တွင် ထီးထီးမားမားကြီး တည်ရှိနေ၏။

စံအိမ်ကြီး၏ ခေါင်မိုး ဇလစ်မွမ်းချွန်များမှာ အနီရောင်ဆေးများ သုတ်ထားသဖြင့် လရောင်၌ ရွှန်းလက်တောက်ပနေခဲ့သည်။

ယင်းစံအိမ်ရှေ့၌ အရောင်သွေးစုံလှသော ပန်းမျိုးများ ဖူးပွင့်ဝေဆာနေသည့် ဥယျာဉ်ကြီးတစ်ခုလည်း ရှိသည်။

ထိုပန်းဥယျာဉ်အလယ်မှ ရေကန်မျက်နှာပြင်ဝယ် လရိပ်ထိုးနေပြီး လေညင်းသုတ်ဖြူးလိုက်တိုင်း တဖျပ်ဖျပ်လှုပ်ခတ်၍ တောက်ပနေလေသည်။

မြင့်မားသော ခြံဝင်းအုတ်တံတိုင်း၌ ကြီးမားသော သံတံခါးနှစ်ချပ် တပ်ဆင်ထားသည့် ဂိတ်ပေါက်ကြီးတစ်ပေါက် ရှိသည်။ ထိုဂိတ်ပေါက်ဝယ် ခမောက်နီဆောင်း ဓားလွယ်ထိုင် ရဲမက်အချို့ စောင့်ကြပ်နေကြသည်။

ဂိတ်ပေါက်ဝတွင် အနီရောင်ခံဝယ် ရွှေရောင်စာလုံးများဖြင့် ရေးခြယ်ထားသည့် ဆိုင်းဘုတ်ကြီး တစ်ခုလည်း ချိတ်ဆွဲထားပြန်သည်။

"ရှိအနီးနယ်စားကြီးစံအိမ်တော်"

အိမ်ပေါက်ဝမှ ကျောက်ခင်းလမ်းက စံအိမ်ကြီး၏ ဆင်ဝင်ပေါက်ဆီသို့ တန်းတန်းမတ်မတ် ရောက်စေသည်။



စံအိမ်တော်၏ ဆင်ဝင်အောက်၌လည်း လှံကိုင် ရဲမက်နှစ်ဦးက တံခါးပေါက်အား လူးလာတုံ့ခေါက် လျှောက်လျက် စောင့်ကြပ်နေပြန်သည်။

အချိန်မှာ ညဆန်းခေါင်ယံ ရှိနေပေပြီ။

ပတ်ဝန်းကျင်ဝယ် အပ်ကျသံ ကြားလောက်အောင်ပင် ငြိမ်သက်နေခဲ့သည်။ တစ်ခါတစ်ရံမှသာ ငှက်အချို့၏ အော်မြည်သံများ ထွက်ပေါ်လာတတ်သည်။

ထိုစဉ်ခိုက်....

ဒုန်းစိုင်းနှင်လာသည့် မြင်းခွာသံသဲ့သဲ့က အဝေး တစ်နေရာမှ ရောက်ရှိလာခဲ့သည်။

ထိုမြင်းခွာသံကြောင့် ငိုက်မျဉ်းနေသည့် စံအိမ်တော်စောင့် ရဲမက်တပ်ဖိုလ်လေး ချင်းယီမှာ ဆတ်ခနဲ ခေါင်းထောင်ထလိုက်မိသည်။ တစ်ဖန် သူက ငြိမ်သက်စွာ နားစွင့်နေလိုက်ပြန်သည်။

"ခွပ် ခွပ် ခွပ် ခွပ်"

"ခွပ် ခွပ် ခွပ် ခွပ်"

မြင်းခွာသံသဲ့သဲ့တို့က မှန်မှန်ကြားနေရသဖြင့် အနီးရှိ ရဲမက်သားအချို့အား နှိုးလိုက်သည်။

"ဟေ့ကောင်တွေ ထကြစမ်း၊ မြင်းခွာသံကြားရတယ်"

အိပ်ပျော်နေသော ရဲမက်သုံးဦးမှာ ကယောင်ကတမ်း နှင့် ဓားရိုးများကို ဆုပ်ကိုင်လျက် ဟိုဟိုသည်သည် ရန်သူများအား ရှာဖွေနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရောက်မလာသေးဘူးကွ၊ မြင်းခွာသံပဲ ကြားနေရတာ၊ တဖြည်းဖြည်းတော့ အသံကျယ်လာနေတယ်၊ ဒီဘက်ကို လာနေကြဖို့ပဲ၊ သတိရှိကြပါစေ"

"ကောင်းပါပြီ ဗိုလ်လေး"

"ကျန်တဲ့ကောင်တွေပါ နှိုးလိုက်စမ်းဟေ့"

ရဲမက်များက ငုတ်တုတ်အိပ်ပျော်နေကြသည့် ရဲမက်များကို လိုက်လံနှိုးနေကြလေသည်။

"ဟော့ ကောင်တွေ ထ,ကြစမ်း၊ မင်းဧလေးတွေ လာနေတယ်"

အချို့ ရဲမက်များက အိပ်မှုန်စုံမွှားနှင့် ဓားတို့ဆွဲကာ များယီးများယာဖြင့်--

"ဘယ်မှာလဲ၊ ဘယ်မှာလဲ ရန်သူ"

"မင်းအဘရန်သူ မလာသေးဘူး၊ စောင့်နေဦး"

ထိုစဉ် မြင်းသုံးစီးက သူတို့ရှေ့တူရူမှ အပြင်းစိုင်းနှင်လာသည်ကို တွေ့လိုက်ရသည်။

"ဟော့...အဆင်သင့် သတိနဲ့နေကြ"

တပ်ဗိုလ်လေး ချင်းယီက သတိပေးလိုက်သဖြင့် ရဲမက်များမှာ ဓားများထိုဆွဲထုတ်လိုက်ပြီး သဆင်သင့်ကိုင်ဆောင်ထားလိုက်ကြသည်။

"ရပ်စမ်းဟေ့"

"ခွပ်- ခွပ်- ခွပ်- ခွပ်"

မြင်းစီးသမားများက မရပ်ဘဲ ဂိတ်ပေါက်ဝထိ စီးနှင်လာကြသည်။



တပ်ဗိုလ်လေး ချင်းယီက သူ၏အမိန့်ကို မနာခံဘဲ မြင်းများကိုဆက်လက် စီးနှင်းလာသည့် မြင်းစီးသမားများအား ဒေါပွသွား၏။

"ဘာကိစ္စလဲဟေ့"

သူက ကျွဲမြီးတိုသွားသောကြောင့် လေသံမာမာဖြင့် မေးလိုက်သည်။

မြင်းစီးသမားများထဲမှ ခေါင်းဆောင်နှင့်တူသူက...

"ကျုပ်တို့ မန်ချူးဘေလေရာဇ်ဆီက တမန်တွေပဲ"

ဧကရာဇ်၏ တမန်တွေဟု ကြားလိုက်ရ၍ ဗိုလ်လေး ချင်းယီ မျက်လုံးပြူးသွားသည်။

သို့သော် သူက ကလန့်ခြမပျက်၊ မျက်နှာထား တင်းတင်းတို့ မဖျက်ဘဲ....

"ဘာကိစ္စလဲလို့ ကျုပ်မေးနေတယ်"

"ပြောလို့ မဖြစ်ဘူး၊ နယ်စားကြီးနဲ့တွေ့မှ ဖြစ်မယ်၊ ရွှေနန်းတော်ရဲ့ အတွင်းစကားတို့ ခင်ဗျားတို့ ကျုပ်တို့ အောက်လက်ငယ်သားတွေ မသိချင်ပူနဲ့ဗျာ၊ ကျုပ်တို့ တမန်တော်တွေကို နယ်စားကြီးဆီကိုသာ အမြန်ပို့ဆောင်ပေးပါ"

တမန်တစ်ဦးက လေသံမာမာနှင့် ပြောကြားလိုက်သောကြောင့် တပ်ဗိုလ်လေး ချင်းယီမှာ မြင်းစီးသမားများတို့ အကဲခတ်ကြည့်ရှုလိုက်သည်။

သူတို့ ပြည်နယ်ရဲမက်များကဲ့သို့ ခမောက်နီ မဟုတ်ဘဲ ခမောက်စိမ်းများ ဆောင်းလျက် ဝတ်စုံစိမ်းများဖြင့် ခါးတွင် ဓားရှည် ချိတ်ထားကြသူများမှာ မနုပြည်တော်မှ

www.burmeseclassic.com

www.burmeseclassic.com



ရဲမက်များ ဝတ်ဆင်သော အဆောင်အယောင်များ ဖြစ်ကြောင်း သူသိသည်။

ထို့ကြောင့် သူ့အပေါ်ဝယ် အပြစ်တွေ့လာမည်ကို စိုးရိမ်ပြီး ရဲမက်များအား အမိန့်ပေးလိုက်ရတော့သည်။

"ဟေ့…တမန်တော်စီတွေကို တံခါးဖွင့်ပေးလိုက်ကြစမ်းကွာ"

ကြီးမားသော တံခါးကြီးနှစ်ချပ် ပွင့်ဟသွားသည်နှင့် တမန်တော် မြင်းစီး ရဲမက်များက စံအိမ်တော်သို့ မြင်းကို စိုင်းနှင်သွားကြရာ…

"ဟေ့…ဟေ့…နေကြပါဦး၊ ကျုပ် လိုက်ပို့ပေးပါ့မယ်"

တမန်တော်များက သူ့အား ဂရုမစိုက်ဘဲ မြင်းများကို စိုင်းနှင်သွားကြ၏။ ဗိုလ်လေးချင်းယိမှာ နောက်မှ ပြေးလိုက်သွားရသည်။

စံအိမ်ပေါက်ဝစောင့် ရဲမက်များက မြင်းစီးသမားများအား တစ်ဖန်တားဆီးကြပြန်သဖြင့် ချင်းယိ အမောတကော ပြေးလာပြီး…

"ဟေ့-ဟေ့…ရဲမက်တွေ၊ စစ်ဆေးမနေကြနဲ့၊ အဲဒါ နေပြည်တော်က တမန်တော်တွေ"

"လာဗျို့ ဆွေးသောက်တို့၊ ကျုပ်နဲ့လိုက်ခဲ့ပါ"

သူက ပြေးလိုက်လာ၍ မောပန်းနေသည့် ကြားကပင် ဧည့်သည်များကို စံအိမ်တော် ဧည့်ခန်းတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။



ထိုအခိုက်၌ မြင့်မားသော အုတ်တံတိုင်းပေါ်မှ မည်းနက်သော အရိပ်တစ်ခု လွင့်ကျဆောတော စံအိမ်တော်ရှေ့ ပန်းဥယျာဉ်တွင်းသို့ ရိပ်ခနဲ ဝင်ရောက်သွားခဲ့သည်ကို စံအိမ်စောင့် ရဲမက်များပင်လျှင် သတိမပြုမိလိုက်ကြချေ။

ထိုအချိန်တွင် မင်းချူးနယ်စားကြီး ချူဟို့လျှူသည် ကြင်ရာတော်နှင့်အတူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီ ဖြစ်သည်။ ထိုကဲ့သို့ နှစ်ခြိုက်စွာ အိပ်မောကျနေခိုက် အသံတစ်ခုက တိုးဝင်ရောက်ရှိလာသောကြောင့် လန့်နိုးသွားခဲ့သည်။

"သခင်ကြီး၊ သခင်ကြီး"

သူက မျက်စိဖွင့်ကြည့်လိုက်ရာ အိပ်ခန်းဝ၌ စံအိမ်တော်စောင့် တပ်ဗိုလ်ချင်းယိအား တွေ့လိုက်ရ၏။ ရုတ်တရက် ဒေါသံဖြင့်…

"ဟေ့ ကောင် ချင်းယိ၊ ငါ အိပ်ပျော်နေတယ် ဆိုတာ မင်းမသိဘူးလားကွဟေ…"

နယ်စားကြီး၏ ကျယ်လောင်လှသော အသံကြောင့် ဘေးမှ ကြင်ရာတော်မှာလည်း လန့်နိုးသွားခဲ့ပြီး…

"ဘာ…ဘာဖြစ်လို့လဲဟင်"

"ဒီကောင် ချင်းယိ ငါတို့ အိပ်ဆောင်ထဲထိ ဝင်လာပြီး နှိုးနေလို့"

ထိုအခါ ရဲမက်ဗိုလ်လေးချင်းယိမှာ ပျာပျာသလဲဖြင့်—

"ကျွန်တော်မျိုး မနှောင့်ယှက်ဝံ့ပါ၊ သခင်ကြီးခင်ဗျာ၊ နေပြည်တော်မှ ဧကရာဇ် ကိုယ်တော်တိုင် စေလွှတ်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



တမန်တော်တွေ စံအိမ်ကိုရောက်လာပြီး သခင်ကြီးကို အရေးတကြီး တွေ့ဆုံလိုကြောင်း တောင်းဆို လာကြတာမို့ ကျွန်တော်မျိုး ခုလို လာရောက်အကြောင်းကြားရခြင်း ဖြစ်ပါတယ်၊ ခွင့်လွှတ်တော်မူပါ သခင်ကြီး"

"ဘာကွယ့်၊ ကောရာဇ်ဘမန်တော်တွေ ဟုတ်လား"

"မှန်ပါ သခင်ကြီး"

"တမန်တော်တွေကလဲ အချိန်မရှိ အခါမရှိ ညကြီး မင်းကြီး၊ ဟွန်း...."

နယ်စားကြီးကတော်ကာ မကျေမနပ် မြည်တွန်လိုက်ရာ....

"အို...ကောရာဇ်ရဲ့ အမှုတော်ထမ်း တွေဟာ နေ့ရယ် ညရယ် မရှိဘူးကွယ့်၊ တမန်တော်တွေ စေလွှတ်လိုက်တာ အရေးကြီးတဲ့ ကိစ္စရှိလို့ဖြစ်မယ်၊ ကောရာဇ်ရဲ့ အမိန့်စာချွန်တွေ ပါလာမယ်ထင်တယ်၊ သာ...သာ... ဧည့်ခန်းဆောင် သွားကြမယ်"

နယ်စားကြီး ချူဟို့လျူ မှာ ကောရာဇ်၏ တမန်တော်တွေဟု ကြားသည်နှင့် ထိတ်လန့်နေပြီ ဖြစ်သည်။

နယ်စားကတော်မှာ အိပ်ရေး ပျက်သွားသောကြောင့် မကျေမနပ်နှင့် အိပ်ရာထဲတွင် ကျန်ရစ်ခဲ့လေသည်။

သို့ဖြင့် နယ်စားကြီးမှာ တမန်တော်များ စောင့်ဆိုင်းနေသည့် ဧည့်ခန်းဆောင်တွင်းသို့ ချင်းယီနှင့်အတူ ဆင်းလာခဲ့သည်။



ကောရာဇ်ဘမန်တော်များမှာ နယ်စားကြီးအားမြင်လိုက်သည်နှင့် မတ်တတ်ရပ်လျက် ရင်တွင် လက်နှစ်ဖက်စုပြီး ဦးညွှတ်အရိုအသေ ပြုလိုက်ကြသည်။

"တမန်တော်ကြီးတွေ ဘာသိုအခရေးအခင်းများ ပေါ်လာကြလို့လဲကွယ့်"

ဧည့်ခန်းဝယ်ထိုင်မိသည်နှင့် နယ်စားကြီးက မေးမြန်းလိုက်ရာ တမန်တော်တစ်ဦးက....

"ကောရာဇ်ထံမှစာချွန်လွှာဖါးလိုက်ပါသယ်နယ်စားကြီး၊ ကျွန်တော်တို့ ကောရာဇ်ပေးအပ်လိုက်တဲ့ တာဝန်ကို လက်ခံပြီးကတည်းက နေ့ခအား ညခအား ခရီးနှင်လာ ခဲ့ကြရပါတယ်၊ အခုချိန်မှ ရောက်ပြီး နယ်စားကြီးရဲ့ စံအိမ်ကို နှောင့်ယှက်မိတာ ခွင့်လွှတ်တော်မူပါခင်ဗျာ"

ထိုနောက် တမန်တော်ဘ နယ်စားကြီးဘေးမှ ချင်းယီအား ကြည့်လိုက်ရာ နယ်စားကြီးက သဘောပေါက်သွားပြီး ဦးခေါင်းဆတ်ခနဲ ညိတ်လျက်....

"ဟဲ...ချင်းယီ၊ မင်း တာဝန်ရှိတဲ့နေရာ ပြန်သွားနိုင်ပြီ"

"ကောင်းပါပြီ နယ်စားကြီး"

ဘပ်ဗိုလ်ဒေါသး ချင်းယီ ဧည့်ခန်းမှထွက်သွားသောအခါမှ တမန်ရဲမက်က နယ်စားကြီးအား ကောရာဇ် အမိန့်စာချွန်တို လက်ကမ်းပေးလိုက်စဉ်—

နယ်စားကြီးမှာ ကောရာဇ်၏ အမိန့်စာလွှာကို ဒူးထောက်လက်ခံယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လျှို့ဝှက်စခန်းဖြစ်လို့ နယ်စားကြီး တစ်ဦးတည်းရှိမှ လက်ထဲသို့အပ်ပါလို့ ကျွန်တော်တို့ မိန့်ကြားထားခဲ့ပါတယ် နယ်စားကြီး"

"တာဝန်ကိုအဲဒီလိုတိတိကျကျလိုက်နာတာဟာအမှုထမ်း ကောင်းတို့ရဲ့ အလေ့အထပဲ၊ ကျုပ်နားလည်ပါတယ် တမန်တော်၊ ကဲ…ကဲ အနားယူပြီး တစ်ခုခု စားသောက်ကြပါ၊ ခရီးအတော် ပန်းလာကြတာပဲ"

"ကျွန်တော်တို့ ခရီးဆက်စရာ ရှိပါသေးတယ် နယ်စား ကြီး၊ တာဝန်တစ်ခုကျန်ရှိနေပါသေးတယ်၊ အနားယူအချိန် ဖြုန်းလို့ မဖြစ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့ ခွင့်ပြုပါဦး"

"တာဝန်တွေ ကျန်သေးတယ်ဆိုရင်တော့ မတားဝံ့ ပါဘူးကွယ်"

တမန်တော် ရဲမက်များသည် နယ်စားကြီးအား အရို အသေပေးလျက် စံအိမ်ဧည့်ခန်းမှ လျင်မြန်စွာထွက်ခွာသွား ကြလေသည်။

စံအိမ်စောင့် ရဲမက်နှစ်ဦးသည် ချက်ချင်းပြန်လှည့် ထွက် ခွာသော တမန်တော် ရဲမက်များအား အံ့သြစွာကြည့်ရှု လျက်—

"သွားသောက်တို့ မနက်မှပြန်ကြပါလားဗျာ၊ ညဥ့်နက် သန်းခေါင်ကြီး ခရီးပန်းလှရောပေါ့"

"ကျုပ်တို့ ခရီးဆက်စရာ ရှိသေးတယ် မိတ်ဆွေရဲ့"

"အင်း… ကရောင်တာဝန်က အလွန်ကြီးလှပါလား"

"သွားမယ်ဗျို့"



နေပြည်တော်မှ တမန်တော်များက နှုတ်ဆက်၍ စံအိမ် ဝင်းပေါက်ဝသို့ ကျောက်လမ်းလေးအတိုင်း မြင်းများကိုစိုင်း နှင်သွားကြတော့သည်။

"ခွပ်…ခွပ်…ခွပ်…ခွပ်"

"ခွီး…ခွီး…ခွီး…ခွီး…"

မြင်းခွာသံများနှင့်အတူ တခွီးခွီးမြည်၍ မာန်ဖီထသံတစ်ခု အား ကြားလိုက်ရသဖြင့် အစောင့်ရဲမက်နှစ်ဦးမှာတစ်ဦးကို တစ်ဦး ကြည့်လိုက်မိကြသည်။

"အသံလဲကွ၊ မင်း ကြားလိုက်သလား"

"အေး…ကြားတယ်ကွ၊ ဒီအနီးအနားကပဲ"

သို့ဖြင့်နှစ်ဦးသား ပတ်ဝန်းကျင်တစ်ဝိုက်ရှိ လျှောက်ရှာဖွေ ကြည့်လိုက်မိကြသည်။

"ဟင်…ဘာကောင်ကြီးလဲ"

ရဲမက်တစ်ဦးက ဥယျာဉ်ရှေ့ သစ်ပင်အမှောင်ရိပ်အောက် မှ တောက်ပြောင် စိမ်းဖန့်သည့် မျက်လုံးနှစ်လုံးအား တွေ့ မြင်လိုက်ရသဖြင့် နှုတ်မှ ရေရွတ်လိုက်မိသည်။

"ဘယ်မှာလဲကွ"

ကျန်တစ်ဦးက မမြင်သဖြင့် မေးမြန်းရာ မြင်တွေ့ထား သော ရဲမက်က သစ်ပင်အောက်သို့ လက်ညှိုးထိုးပြလိုက် သည်။

www.burmeseclassic.com



"တို့မှာတွေ့လေား စိမ်းစိမ်းကြီး"

"ခွီး"

"အ....အ"

"ဟာ...ကြောင်နက်ကြီး"

နက်မှောင်ပြီး အလွန်ကြီးမားတုတ်ခိုင်သည့် ကြောင်နက်ကြီး တစ်ကောင်က လက်ညှိုးထိုးပြနေသည့် ရဲမက်တစ်ဦးအား လွှားခနဲခုန်အုပ် တိုက်ခိုက်လာသဖြင့် ထိုရဲမက်မှာ လန့်ဖျပ်ပြီး အောက်သို့ စက်လက်ဖနှီ ကျသွားရှာတော့သည်။

ဒုတိယရဲမက်မှာလည်း လှံရှည်ကြီးအား တဝင့်ဝင့် တရွယ်ရွယ်နှင့် လူနှင့်ကြောင် လုံးထွေးတိုက်ခိုက်နေကြသည်အား မည်သို့တိုက်ခိုက်ရမည်မှန်း မသိဘဲ နှုတ်ဆသာလျှင်...

"ဟဲ့ကြောင်...ဟဲ့ ကြောင်၊ ရှူး...ရှူး"

ဟု အော်ဟစ် ခြောက်လှန့်နေခဲ့၏။

ထိုအခိုက် အရိပ်မည်းတစ်ရိပ်မှာ စံအိမ်ပေါ်ကမှလှစ်ခနဲ စံအိမ်တွင်းသို့ ဝင်ရောက်သွားသည်အား ထိုရဲမက်နှစ်ဦး ခမျှာ သတိမမူမိခဲ့ကြပေ။



ကြောင်နက်ကြီးတစ်ကောင်နှင့်လူနှစ်ဦးမှာ တိုက်ခိုက်နေခဲ့ကြလေသည်။

ထိုအချိန်၌ နယ်စားကြီးသည် စေါရာစ်ထဲမှ အမိန့်စာချွန်လွှာအား စာကြည့်ခန်းထဲဝယ်ဝင်ရောက်ကြည့်ရှုပြီး အိပ်ခန်းထဲသို့ ပြန်လည်ဝင်ရောက် လာလေသည်။ ခုတင် ဘေးခင်းဝ၌ နယ်စားကတော်မှာ တစ်ဖက်သို့လှည့် အိပ်နေသဖြင့် စိတ်ကောက်နေသည်ဟု ထင်မှတ်လျှက် သူမ၏ သက်မောင်းအား ညင်သာစွာ ဆုပ်ကိုင်ပြီး မေးမြန်းလိုက်သည်။

"ကျေပ်ကို စိတ်ကောက်နေတာလား"

ယူမက တုတ်တုတ်မျှ မလှုပ်သဖြင့် ချော့မော့နှစ်သိမ့်ရန် သက်မောင်းကို ဆွဲ၍ သူ့ဘက်သို့ လှည့်လိုက်သည်။

"ဟာ...."

နယ်စားကြီးသည် ထိတ်လန့်စွာနှင့် နှုတ်မှ အာမေဍိတ်သံ ထွက်ပေါ်သွားခဲ့သည်။ နယ်စားကတော်မှာ မျက်လုံးပြူးလျက် အလွန်ကြောက်ရွံ့ထိတ်လန့်သောအသွင်ဖြင့် အသက်မရှိတော့သောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com



လည္မ်ိဳတြင္ အနီစင္းဒဏ္ရာႀကီးကို ထင္ရွားစြာေတြ႕ေန ရသည္။

ထိုျပင္ သူမ၏ရင္ဘတ္ေပၚတြင္ မဟူရာေၾကာင္ရုပ္တစ္ ေကာင္ပါသည့္ ရင္ထိုးတစ္ခုက ခ်ိတ္လ်က္သားေတြ႕လိုက်ရ သည္။

"ဟင္…မရဏက်ာပြတ္မယ္"

သူက အလြန္ထိတ္လန္႔စြာျဖင့္ ေနာက္သို႔ လွည့္လိုက္ ေသာ္လည္း အလြန္ေနာက္က်သြားခဲ့ၿပီျဖစ္သည္။

"ရွမ္း"

က်ာပြတ္ရိုက္သံတစ္ခ်က္ ၾကားလိုက္ရၿပီး သူ၏လည္မ်ိဳ မွာ ပူခနဲျဖစ္သြားေသာ တင္းက်ပ္ေသာ ရစ္ပတ္မႈကို ခံစား လိုက္ရသည္။

"ဟင္း…ဟင္း…ဟင္း"

စက္စုနက္ဝတ္ဆင္ထားၿပီး မ်က္ႏွာတြင္ ေၾကာင္မ်က္ႏွာ ဖုံး တပ္ထားေသာ ရန္သူအား ေတြ႕ရွိလိုက္ရေလသည္။

မရဏက်ာပြတ္မယ္၏ က်ာပြတ္က သူ၏ လည္မ်ိဳအား တင္းက်ပ္စြာ ရစ္ပတ္ထားခဲ့ၿပီး ျဖစ္သည္။



"အ….အ….အ"

အသက္ရႉက်ပ္လာၿပီး အဆိပ္တက္သည့္ႏွယ္ မ်က္ႏွာ မွာ ျပာႏွမ္းလာခဲ့သည္။

"အယ္ သိုလဲ မန္ခ်ဴးနယ္စားႀကီးရဲ႕"

"ဟင္း…ဟင္း…ဟင္း"

ျမက္ရယ္ျပဳေသာအသံတစ္ခုက သူ၏နားထဲသို႔ ခပ္သဲ့ သဲ့ ဝင္ေရာက္လာသည္ကို သတိျပဳမိသည္။ သူမက က်ာ ပြတ္အား ေဆာင့္ဆြဲလိုက္ေသာအခါ နယ္စားႀကီးခမ်ာ မရဏ က်ာပြတ္မယ္၏ ေရွ႕သို႔ ဟပ္ထိုးက်ေရာက္လာေတာ့ သည္။

"မန္ခ်ဴးေအာ္ရာဇ္ရဲ႕ စာခၽြန္ကိုလိုခ်င္လို႔ပါ၊ ဝမ္းနည္းပါ တယ္ နယ္စားႀကီး"

သူမက နယ္စားႀကီး၏ အေပၚအက်ႌအိတ္ထဲမွ ဘုရင့္ စာခၽြန္အား ႏိႈက္ယူလိုက္သည္။

"ကဲ…ႏိုဗိုစက္ခံ တရုတ္ျပည္သူေတြကိုယ္စား လက္စား ေခ် တာဝန္တစ္ရပ္အေနနဲ႔"

"ျဖန္း"

"အား"

ျပင္းထန္ေသာ လက္ဝါးရိုက္ခ်က္တစ္ခ်က္က နယ္စား ႀကီး၏ ပါးျပင္ေပၚ က်ေရာက္သြားခဲ့သည္။ နယ္စားႀကီး၏

www.burmeseclassic.com

www.burmeseclassic.com



ဝါးပြင်ပေါ်ဝယ် လက်ရာအစင်းကြီး ထင်၍ကျန်ရစ်ခဲ့သည်။ ထို့နောက် မရဏကျားပွတ်မယ်၏ ကျားပွတ်သည် နယ်စား ကြီး၏ လည်မျိုသို့ ထပ်မံရစ်ပတ်သွားပြီး ကျားပွတ်ကိုဆောင့် ဆွဲလိုက်တော့သည်။

သူမက အေးဆေးစွာဖြင့် အပြင်သို့ထွက်၍ လာခဲ့လေ သည်။

စံအိမ်တော်၏ ဆင်ဝင်အောက်၌ ကြောင်နက်ကြီးနှင့် ရဲမက်နှစ်ဦးမှာ ပြင်းထန်စွာ တိုက်ခိုက်ကြဆဲဖြစ်သည်။

ရဲမက်နှစ်ဦးမှာ မဟူရာကြောင်နက်ကြီး၏ တိုက်ခိုက်မှု ကြောင့် မျက်နှာ၌ သွေးအရဲရဲဖြစ်နေကြသည်။

"ဖေား မဟူရာ"

"ညောင်"

မရဏကျားပွတ်မယ်ထံမှ ခေါ်သံ ကြားလိုက်သည်နှင့် ကြောင်နက်ကြီး နားဆည်သည့်အလား ငြိမ်သည်အသံပေး လိုက်ပြီး တိုက်ခိုက်နေရာမှ ရုတ်ခြည်း ခုန်ထွက်လာခဲ့၏။

"ညောင်...ညောင်...ဝမ်"

မဟူရာကြီးသည် မရဏကျားပွတ်မယ်၏ခြေထောက်အား ဦးခေါင်းဖြင့် သွားရောက်ပွတ်တိုက်နေလေရာ....

"မင်းတာဝန်ကျေပါတယ် မဟူရာ"

သူမက ကြောင်နက်ကြီး၏ ဦးခေါင်းအား ပွတ်သပ်လိုက် ပြီး ကောက်ချီပွေ့လိုက်သည်။ ထိုစဉ် မျက်နှာစနှင့်တစ်ကိုယ်



လုံးတွင် ကြောင်ကုတ်ရာ ဒဏ်ရာဗရပွနှင့် အစောင့်ရဲမက် နှစ်ဦးသည် ဒယိမ်းဒယိုင် ထလာကြပြီး မဟူရာကြီးနှင့်မရဏ ကျားပွတ်မယ်တို့အား တွေ့မြင်ရသောအခါ သံပြိုင် အော် ဟစ်လိုက်ကြလေတော့သည်။

"ရန်သူ...ရန်သူ"

"ရန်သူ...ရန်သူ"

သူတို့၏ အော်ဟစ်သံကြောင့် စံအိမ်ဝင်း ဂိတ်ပေါက် စောင့်ရဲမက်တစ်ဖွဲ့လ်လေးချင်းယှဉ်နှင့်ရဲမက်တစ်စုတို့ကျောက် ခင်းလမ်းအတိုင်း ပြေးလာကြသည်။

မရဏကျားပွတ်မယ်က သွေးအလိမ်းလိမ်း ပေနေပြီး လှံများကိုင်ဆောင်ထားသော ရဲမက်နှစ်ဦးအား ကျားပွတ် ဖြင့် ရိုက်ချလိုက်သည်။

ထို့နောက် စံအိမ်နောက်ဘက် အုတ်တံတိုင်းဆီ ပေါ့ ပါးစွာ ခုန်ကျော်၍ ပျောက်ကွယ်သွားလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### စေ့နှယ်စား

ရှီအန်းမြည့်နယ် မန်ချူးနယ်စားကြီးချူတို့ လျူးနှင့် ကြွင်ရာဘော်တို့ တရုတ်ခေတ်လွန်ခရီးသွားမ မရဏကျော်ပွဲတော်မယ်၏ လှုပ်ကြံမှုကြောင့် ထံကူနိုင်သည့် သတင်းကြားသိရသည့် စေ့နယ်စားကြီး ချူရှန်လန်းမှာ ဒေါသများမေ့ ကြွေလျက် အနီးရှိ စားပွဲကြီးအား ရိုက်ချလိုက်သည်။ ထူထဲသော သစ်သားများဖြင့် ပြုလုပ်ထားသော စားပွဲကြီးမှာ ထက်ပိုင်းကျိုးကျေသွားတော့သည်။

သာရောက်သတင်းပို့သော ရှီအန်းနယ်စား၏ အိမ်တော်စောင့် စိုလ်လေးချင်းယိမှာ ထိတ်လန့်တုန်လှုပ်သွားခဲ့လေသည်။



"ဘောက်"

နယ်စားကြီး ချူရှန်လန်း၏ တက်ခေါက်သံက စံအိမ်ဧည့်ခန်းတွင်းဝယ် မဲ့ တင်မြည်တိန်းသွားခဲ့သည်။

"မင်းတို့စံအိမ်စောင့်ရဲမက်တွေက ဘာလုပ်နေလဲကွ"

ချင်းယိမျှာ နယ်စားကြီး၏ မေးမြန်းလိုက်မှုကြောင့် တုန်လှုပ်သွားရှာသည်။

"ကျွန်... ကျွန်တော်တို့လဲ ကောရာဇ်ထံက ရောက်ရှိလာတဲ့ တမန်တော်ရဲ့မက်ခတွေကို ကြိုဆိုပြီး သခင်ကြီးထံ ပို့ဆောင်ပေးခဲ့တာပါခင်ဗျ၊ တမန်တော် ရဲမက်တွေက ကောရာဇ်ရဲ့ အမိန့်စာချွန်လွှာကို ယူဆောင်လာခဲ့တယ်လို့ ကြားပါတယ်၊ ကျွန်တော် ကိုလဲ ဧည့်ခန်းက နှင်ထုတ်လိုက်လို့ ဝင်းဂိတ်ပေါက်ဝမှာ တာဝန်ပြန်လည်ထမ်းဆောင်နေတုန်း ရုတ်သွက် ဘယ်လိုလာသလဲလိုကျောက်ဖော့ပြီး သခင်ကြီးတို့ဇနီးမောင်နှံကို လုပ်ကြံသွားနိုင်ခဲ့တာလဲ မသိရပါဘူးခင်ဗျာ..."

"စံအိမ်အောင်စောင့် ကျွန်တော်ရဲ့မက်နှစ်ဦးမှာလဲ သူနဲ့အတူပါလာတဲ့ ကြောင်နက်ကြီးရဲ့ တိုက်ခိုက်မှုကြောင့် မြင်းထန်ရွာ ဒဏ်ရာရကျန်ခဲ့ပါတယ် နယ်စားကြီး၊ နောက်ပြီး သခင်မကြီးရဲ့ ရင်ဘတ်မှာလဲ ကြောင်ရုပ် ရုပ်ဆိုးတစ်ခု ချိတ်လျက်သားတွေ့ရှိရပါတယ်"

www.burmeseclassic.com



"တောက်"

"အဲဒါ မရဏဈေးပွတ်မယ်ရဲ့ ဆက်ချက်ပဲကွ"

နယ်စားကြီး ချူရှန်ဆန်းသည် နီရဲသောမျက်နှာကြီးဖြင့် တောက်ကောင်ကာ မေးမြန်းလိုက်သည်။

"ဒါဖြင့် ကောရာဇ်ရဲ့ အမိန့်စာချွန်လွှာ ရန်သူ့လက်ထဲ ပါသွားတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်းသွားနိုင်ပြီ"

ဗိုလ်ချေးချင်းယီမှာ ခွင့်ပြုချက်ရသည်နှင့် ဝေ့နယ်စားကြီးအား ဂါရဝပြု၍ လျင်မြန်စွာ ထွက်ခဲ့လေသည်။

တက်နိုင်လျှင် နယ်စားကြီး ရှေ့မှောက်မှ အတောင်ပံ တပ်ပြီး ပျံပြေးချင်နေသူ ဖြစ်သည်။ တကယ်တော့ ဝေ့နယ်စားကြီးမှာ သူတို့ ရှီအန်း နယ်စားကြီး၏ ညီတော် တစ်ဦး ဖြစ်သည်။ အလွန်ဒေါသကြီးသော နယ်စားတစ်ဦး လည်း ဖြစ်သည်။ အရွယ်ကလည်း မကြီးလှသေး၊ အသက် (၃၅) နှစ်ခန့်သာ ရှိဦးမည်။

ရှီအန်းနယ်စားကြီးနှင့် ဝေ့နယ်စားကြီးတို့မှာ မန်ချူး ဧကရာဇ်၏ တူတော်များလည်း ဖြစ်ကြသည်။



ချင်းယီမှာ နယ်စားကြီး၏ စံအိမ်တော်ဝင်းပေါက်မှ သူ၏ရဲမက်များနှင့် ထွက်ခွာလာပြီးသော်မှ အသက်ရှဲရှဲ ရှူရှိုက်တော့သည်။

ဤသတင်းအား လာရောက်ပို့ဆောင်ရာ၌ ရင်တထိတ်ထိတ်နှင့် ရှိနေခဲ့ရသည်။ ယခုတော့ သူတို့ကိုယ်စား စံအိမ်ဧည့်ခန်းမှ သစ်သားစားပွဲကြီးက ကြွားမှ ခံလိုက်ရရှာ၍ တော်တော့၏။

ထိုအချိန်၌ စံအိမ်တော်တွင်းဝယ် ငုငုကြီး ကျန်ရစ်ခဲ့သော ဝေ့နယ်စားကြီးမှာ နောင်တော် နယ်စားကြီး အတွက် ကြိတ်မနိုင်ခဲမရ ဖြစ်နေခဲ့လေသည်။ မကြာသေးမီ ကမှ နောင်တော်အား ရှန်အီနယ်မှ တရုတ်တော်လှန်ရေး သမားများ၏ အန္တရာယ်ကို သတိထားနေရန် မပြောကြား မိခဲ့သေးသည်။

"ဟား....ဟား....ဟား....တား.... မပူစမ်းပါနဲ့ ညီတော်ရယ်၊ ဒီတော်လှန်ရေးသမားတွေက တောအုပ်တွေထဲမှာ ခိုအောင်းပြီး ငါတို့ရဲ့ ရဲမက်တွေကို အဆစ်ဖင် တိုက်တာ လောက်ပဲ လုပ်ပုံကြတာပါကွယ်၊ ငါ့ရဲ့အသက်ကို အန္တရာယ် ပေးလောက်အောင် အစွမ်းမရှိကြပါဘူးကွယ်၊ သတ္တိရှိလို့

www.burmeseclassic.com

www.burmeseclassic.com



ထာအိုက်ကြိုရင်လဲ သင်းတို့ သေတွင်း သင်းကို တူးတာနဲ့ အတူတူပဲပေါ့ ညီရယ်"

သူက နောင်တော်၏ မယိမ်းမယိုင် ဖြစ်တန်နှင့် တုံ့ပြန်ပြော ကြားခဲ့သည်များကို ကြားယောင်နေခဲ့သည်။ အမှန်တော့ သူတို့မိန်းမချုပ်များက ဘုရားပြည် တစ်ပြည်လုံးအား သိမ်း သွင်းထားနိုင်ခဲ့သည်မှာ မကြာလှသေး။

ထို့ကြောင့် မြို့ရွာများအား မြိမ်ဝပ်ပိပြားအောင် မအုပ်ချုပ်နိုင်ခဲ့ကြသေးပေ။

သူတို့မန်ချုးများအား အနယ်နယ်အရပ်ရပ်မှ မျိုးချစ် ဘုရင့်လူငယ်များ၊ သိုင်းအဖွဲ့အစည်း မြောက်မြားစွာမှ သိုင်းသမားများ၊ တောင်သူလယ်သမားများ၊ ပြည်သူလူထု အပေါင်းက ရဲရဲလက်နက် စွဲကိုင်ပြီး အတွဲတွဲ အပြားပြား ကိုယ်စီအစုနှင့်ကိုယ် တော်လှန်တိုက်ခိုက်နေကြသော အခါ လည်း ဖြစ်လေသည်။

ထိုသို့ တော်လှန်ပုန်ကန်သူ မြောက်မြားစွာအနက် နာမည်ကြီး ထင်ရှားနေသူက ဂျမ်ရုဏာကျောက်ပွတ်မယ် အမည်ရှိ သိုင်းသမား မိန်းမကြီးမ်းတစ်ဦးသာ ဖြစ်သည်။



သူမက မဟူရာ ကြောင်နက်ဂိုဏ်းအား ဦးဆောင် လှုပ် ရှားနေသူ ဖြစ်သော်လည်း သူမ၏ တစ်ကိုယ်တော် စွန့်စား ပြီး တိုက်ခိုက်မှုများက မန်ချုးတို့အား အထိနာစေခဲ့သည် မှာ ကြာပြီဖြစ်သည်။

သူမ လှုပ်ရှားနေခဲ့သည်မှာ နောင်တော်၏ ရန်အိနယ် တစ်ပိုင်းမှာ ဖြစ်သောကြောင့် သူမ၏ အနှောင့်အယှက်အား ရိုးရိုး မှုစန်ပြီး နောင်တော်အား ထိတိုးပေးခဲ့မိခြင်း ဖြစ်သည်။ တကယ်တော့ နောင်တော်၏ သိုင်းအဆင့်မှာ ထိပ်တန်း ပညာရှင် အဆင့်မျိုး ဖြစ်၏။ ထိုအဆင့်မျိုးရှိသည့် နောင် တော်ကိုပင် လှုပ်ကြွသွားနိုင်သည့် မဟူရာကြောင်နက်မယ်၏ အဆင့်ကား အတင်သေး၍ မဖြင့်တော့ပေ။

မည်သို့ဖြစ်စေ ဂျမ်ရုဏာကျောက်ပွတ်မယ်အား မန်ချုးတို့၏ နံပါတ်တစ် ရန်သူအဖြစ် သတ်မှတ်၍ သုတ်သင်ပစ်ရမည်သာ ဖြစ်သည်။

ခုတော့ ထိုသိုင်းသမားသည် သူ၏ နောင်တော်တို့ ဇာနီးဖမောင်နှံကိုပင် လုပ်ကြံသွားနိုင်ခဲ့ပြီဖြစ်ရာ ထက်စားချေ ရေးတာဝန်မှာ သူ၏ပခုံးပေါ်သို့ ကျရောက်လာခဲ့ပြီ ဖြစ် သည်။

ထို့ကြောင့် သူက သန္နိဋ္ဌာန် ချလိုက်မိတော့သည်။

"နောင်တော်ရေ၊ နောင်တော် ကို လုပ်ကြံသတ်ဖြတ် သွားခဲ့တဲ့ မရုဏာ ကျောက်ပွတ်မယ်ဆိုတဲ့ သိုင်းသမား ကို

www.burmeseclassic.com

www.burmeseclassic.com



ညီတော်ရဲ့ အသည်းနှလုံး ခုန်နေသရွေ့ ဖောက်စားချေ သုတ်သင်မယ်ဆိုတာ သစ္စာဆို ကတိပေးပါတယ်”

ဝေ့နယ်စားကြီး ချူရှန်ဆေန်းသည် ရုတ်တရက် လက်တစ်ဖက်ဖြင့် လှုပ်ရှားလိုက်ရာ အလင်းတန်းတစ်ချက် ဖောင်းလက်သွားပြီး နံရံပေါ်ဝယ် ချိတ်ဆွဲထားသည့် မန်ချူးပန်းချီကျော်တစ်ဦး၏ ‘တိရစ္ဆာန်များ’အမည်ရှိ ပန်းချီကားထဲမှ ဆင်၊ ခြင်္သေ့၊ ကျား၊ ကျားသစ်၊ တောဝက်၊ ဝံပုလွေနှင့် ကြောင်ပုံများအနက်မှ ကြောင်၏ မျက်လုံး တစ် ဖက် အား ပေါက်ကြားပါးတလေး တစ်ချောင်းက စိုက်ဝင်သွားခဲ့တော့သည်။

★

# အခန်း (၃)

## ညည်းညူသံများ

ရှန်အီနယ်စားကြီးနှင့် ကြင်ရာတော်တို့ တရုတ်တော်လှန်ရေးမယ် မရဏကျွာပွတ်မယ်၏ဖောက်ခွဲချက်နှင့် ကွယ်လွန်သွားကြသောကြောင့် မန်ချူးရဲမက်များသည် ရှန်အီနယ်အတွင်း မြို့များ၌ တော်လှန်ရေးသမားများအား ခြေချင်း လိမ်အောင် ရှာဖွေနေကြလေသည်။

ထို့ကြောင့် မန်ချူးတို့သည် မြို့သူမြို့သားများ၏ အိမ်များတွင်းသို့ တစ်အိမ်တက်တစ်အိမ်ဆင်း တော်လှန်ရေးသူပုန်များကို ရှာဖွေသည်ဟူဆိုလျက် တက်ရောက်ရှာဖွေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က မြင်းမျှားစီးနှင်းလျက် ဒေါ်း၊ လှံ၊ ဓလေး၊ မြား၊ လက်နက်အပြည့်အစုံ ကိုင်ဆောင်ပြီး တစ်တမ်းဝင် တစ်လမ်းထွက် ပိုက်စိပ်တိုက်လျက် ရှိကြ၏။

"ဟေ့…အိမ်ပေါ်ကလူတွေ၊ အမြင်အားလုံး ထွက်ကြစမ်း…"

"အိမ်ထဲမှာ ကျန်တဲ့လူဆိုရင် သူပုန်ပဲဟေ့…"

မြို့သူ မြို့သားများမှာ ကြောက်ရွံ့စွာဖြင့် လျင်မြန်စွာ အိမ်ပြင်သို့ ထွက်ပေးကြရသည်။

မန်ချူးတို့က မထင်လျှင် မထင်သလို သူပုန်ဟု စွပ်စွဲ၍ ကြက်ကလေး ငှက်ကလေးများပမာ တရုတ်လူမျိုးတို့အား သတ်ဖြတ်ပစ်ကတ်ကြလေသည်။

ထို့ကြောင့် သူတို့ပြောသည့်အတိုင်း လိုက်နာပြီး ကမန်းကတန်း အိမ်နှင့်ဝေးရာသို့ ထွက်ပေးကြ၏။

ထိုအခါမှ အိမ်ရှင်မရှိတော့သော အိမ်များအတွင်း ရန်သူများတို့ ရှာဖွေသည်ဆိုကာ အဖိုးတန်ရွှေငွေကျောက်မျက်ရတနာ၊ ငွေစများအား စိတ်ကြိုက်ရှာဖွေ ယူငင်ကြလေတော့သည်။



တစ်လမ်းဝင်တိုင်း မြို့သားတစ်ယောက်စ နှစ်ယောက်စအား တော်လှန်ရေးသမားဟု စွပ်စွဲလျက် သတ်ဖြတ်ပြလိုက်သည်နှင့် တစ်လမ်းလုံး ကြောက်ရွံ့ထိတ်လန့်သွားကြ ကုန်သည်။

"ဟော့ကောင်၊ ခင်းအစ်ကို ဘယ်မှာလဲ"

"ကုန်သွားရောင်းပါတယ် ခင်ဗျာ"

"ငါ့ကို မညာနဲ့နော်၊ တော်လှန်ရေးအဖွဲ့ထဲ လိုက်သွားတာ မဟုတ်လား"

"မဟုတ်ပါဘူးခင်ဗျာ၊ မန်ချူးကောရာဇ်ရှင် မတော်လှန်ပါဘူး"

"အေး…တော်လှန်ပုန်ကန်တဲ့လူကတော့ ရေမြည်ရောက်သွားမှာပဲ၊ ငါတို့မန်ချူးတွေကိုအနိုင်ကုတဲ့လူမှန်သမျှသေဒဏ်ပဲတော့ နားလည်ယား"

ထိုကဲ့သို့ ခြိမ်းခြောက်ပြီး မြို့သူမြို့သားများ၏ အဖိုးတန်ပစ္စည်းများအား ခိုးယူလုယက်လျက် ရှိကြလေ သည်။ သို့သော်ငြားလည်း တော်လှန်ရေးဘပ်သားများရှိသည့်တောအုပ်ကြီးများသို့ကား မသွားဝံ့ခဲ့ပေ။

www.burmeseclassic.com

သို့နှင့် မန်ချူး ရဲမက်တပ်ဖွဲ့ဝင်တို့မှာ မြို့သို့ လာရောက်ခဲ့စဉ်က သူတို့မြင်းများ ကျောပေါ်ဝယ် လူသာလျှင် ထိုင်လျက် လိုက်ပါလာခဲ့ကြပြီး ပြန်သောအခါတွင်မူ မြင်းများ၏ ကျောပေါ်၌ ကိုယ်စီ အထုပ်ကြီး အထုပ်ငယ်များ ပါသွားကြတော့သည်။

မြို့သားများကား မိမိတို့အိမ်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသောအခါ သူတို့ပစ္စည်းများမရှိတော့သည်ကို သိရှိကြသော်လည်း မည်သူမျှ ပြန်လှန်မပြောဝံ့ကြပါချေ။

မန်ချူးများကား မြို့သားများနှင့် ဝေးရာ သချိုင်း၊ ဘုရားဝင်း၊ လွင်ပြင်များသို့ရောက်လျှင် သူတို့ရရှိလာသည့် ပစ္စည်းများကို စုပုံလျက် ဝေစုခွဲကြ၏။

ယခုလည်း မန်ချူးတပ်ဗိုလ်တစ်ဦး ဦးဆောင်သည့် ရဲမက်တစ်သိုက်သည် သချိုင်းမြက် တစ်ခုအလယ်ရှိ သစ်ပင်ရိပ်တွင် ဝေစုခွဲလျက် ရှိကြသည်။

စုစုပေါင်း ဆယ်ဦးတိတိ ရှိကြသည်။

တပ်ဗိုလ်က...

"ကဲ...မင်းတို့ကိုငါ ဝေစု မျှမျှတတခွဲပေးမယ်"



ရဲမက်များက မြင်းကျောပေါ်ရှိ အထုပ်များကို သယ်ချလာကြသည်။

"အေး...ဟုတ်ပြီ၊ စက်ဝိုင်းဝိုင်းပြီး ထိုင်ကြဟေ့"

ရဲမက်များက သူတို့တပ်ဗိုလ် ပြောသည့်အတိုင်း ဝိုင်းထိုင်လိုက်ကြသည်။

ထို့နောက် တပ်ဗိုလ်က အလယ်ဗဟိုဝယ် ဝင်ရောက်ထိုင်လိုက်သည်။

"ကဲ...မင်းတို့နဲ့ငါ ဝေစုခွဲကြမယ်၊ ကိုယ့်အထုပ် ကိုယ့်ရှေ့မှာ သွန်ချထားလိုက်၊ မျက်မြင်ပေါ့ကွာ၊ ကဲ...ကဲ"

ရဲမက်များသည် ပစ္စည်းများအား မြေပေါ်သို့ သွန်ချလိုက်ကြသည်။

ရဲမက်တစ်ဦးမှာ ရှေ့မှပစ္စည်းများကို ကြည့်လိုက်ပြီး...

"ကဲ...ဟောဒီမှာ ငါ့လက်စွပ်တစ်ကွင်းနော်"

"ရော့...မင်းအတွက်တစ်ကွင်း"

"ဒီမှာ ငါ့လက်ကောက်တစ်ဖက်"

"ရော့...မင်းအတွက်တစ်ဖက်"

သို့နှင့် ရဲမက်နှင့်သူ တစ်ယောက်တစ်ခုစီ ခွဲဝေယူပြီး [illegible]သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာယ်လိုလဲ ကျေနပ်တယ်မဟုတ်လား"

ရဲမက်က ခေါင်းညိတ်ပြ၏။ သို့သော် အရေတွက်ချင်းတူကြသော်လည်း သူကအရင်ယူသောကြောင့် လက်စွပ်ချင်း၊ လက်ကောက်ချင်းတူညီသော်လည်း သူယူသည့်ဘက်က ကြီးမြ...။

ထို့ကြောင့် တပ်ဗိုလ်အား ကျေနပ်မှုတော့မရှပေ။

ရဲမက်တပ်ဗိုလ်မှာ ရဲမက်များနှင့် ထိုနည်းနှင်နှင် ခွဲဝေယူကြလေရာ သူ့ဝေစုအတွက် တုံးပုံတိတိရရှိသွား၏။

ထို့ပြင် သူ့မြင်းကျောပေါ်တွင် တင်ဆောင်လာသည့် ပစ္စည်းအထုပ်တို့ကား ဝေစုခွဲဆည့်အထဲ၌ မထည့်ပေ။ ထို့ကြောင့် တပ်ဗိုလ်၏ဝေစု များစွာဖြစ်နေတော့၏။ ရဲမက်သားများတွေး မကျေမနပ်ဟန်နှင့် ရှိနေကြ၏။

"ဟဲ...ဟဲ၊ ငါဝေစုခွဲတာ မျှတဘာယ်မဟုတ်လား"

သူ၏နောက်လိုက်ရဲမတ်များက မည်သို့မျှ မဖြေကြားကြချေ။ သို့ရာတွင်...

"သိပ်တို့ တရားမျှတတာပေါ့၊ ...င်း...ဟင်း"



တစ်စုံတစ်ဦးက ကြားမှ ဝင်ရောက်ဖြေကြားလိုက်သဖြင့် မန်ချူးများ အရုပ်လေးများလို ဦးခေါင်းများလည်ပြီးရှာဖွေကြည့်ရှုလိုက်ကြသည်။

"ဘုတ်"

သူတို့အပေါ်ရှိ သစ်ပင်ထက်မှ အရိပ်မည်းတစ်ရိပ် လွင့်ကျလာ၏။ ကြောင်မျက်နှာဖုံးနှင့် ဝတ်စုံနက်တစ်ဦး။

"ဟာ...မရဏကျောပွတ်မယ်"

မန်ချူးဗိုလ်မှာ ကွက်ခနဲ မျက်နှာပျက်သွားပြီး နှုတ်မှသည်း အာမေဋိတ်သံထွက်သွား၏။ လက်တစ်ဖက်တွင် ကျောက်တစ်ချောင်းအား ခွဲပြီးကိုင်ဆောင်ထားသည်။ ဘယ်ဘက်လက်တွင်ကား ကြောင်လက်သည်းကဲ့သို့သော သံမဏိသက်သည်းချွန်များ ထိုးထိုးထောင်ထောင်။

သူ၏ပခုံးထက်တွင် နက်မှောင်နေသည့် မဟူရာ ကြောင်ည်းတစ်ကောင်ကငုတ်တုတ်။ ကြောင်ကြီး၏ မျက်လုံးအစုံတာ...းဖန့်ဖန့်။ မန်ချူးရဲမက်များအားခုန်အုပ်၍တိုက်ခိုက်တော့မယောင်ယောင် စားတော့ဝါးတော့မတတ် စူးစူးရဲရဲကြည့်နေ၏။

"အင်း ... တော်လှန်ရေးသမားတွေကို ရှာဖွေမယ်...ကြောင်းပြပြီး မြို့သားတွေဆီက ခိုးယူလာတဲ့ပစ္စည်းတွေ

www.burmeseclassic.com



ရှို အချင်းချင်းတောင် ညီညီမျှမျှခွဲမယူဘဲ လောဘဇောနဲ့ တလိမ်တကျစ် လှုပ်နေခဲ့တာပဲ၊ ရှင်တို့မန်ချူးတွေဟာ အင် မတန် ကောက်ကျစ်စဉ်းလဲတဲ့ ပိုးပုလွေတွေပဲရှင့်၊ ဟင်း.... ဟင်း”

သူမက ပယ်ပယ်နယ်နယ် ပျစ်ပျစ်နှစ်နှစ်ပြောလိုက်သော ကြောင့် မန်ချူးဗိုလ်၏ မျက်နှာမှာ ရဲတွတ်သွားခဲ့ပေသည်။ သူကိုယ်တိုင်က ကြွားသာကြွားဖူး၍ မမြင်တွေ့ဖူးသော ဤမရဏကျွဲပွတ်မယ်၊ ကြောက်ကျွဲမယ်အား နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရသောအခါဝယ် ကြောက်ဒူးတုန်လျက် ရှိ၏။ သို့သော် သူ၏သတ္တိနည်းမှုကို ငယ်သားများရှေ့တွင် ဖုံးကွယ်၍ တန်တိုယ်ဖို့ဆိုသလို လှုပ်၍ ဆောင်မေးအား ဆွဲထုတ်လိုက်သည်။

“တော်လှန်ရေးသမားတွေရှိတဲ့ နေရာလိုတော့ လိုက် ရှာတဲ့ မရှိတဲ့နေရာ လိုက်ရှာနေတဲ့နောက် ဘယ်တွေမှာ လဲရှင့်၊ ဒါကြောင့် အရှာခံရတဲ့ ကျွန်မတို့ကိုယ်တိုင်ကပဲ လာ ရောက်တွေ့ဆုံတာပေါ့၊ ဟင်း ဟင်း”

“ကဲ...ခိုးဆောတဲ့ပစ္စည်းတွေပြန်မပေးချင်ရင်တော့ ကျွန်မ တို့ အနိုင်တိုက်ကြစေ့ရှင်”



“ရှမ်း”

သူမက ပြောပြောဆိုဆို ကျွဲပွတ်ကို တစ်ချက်ဖွေ့ယမ်း လိုက်ရာ သစ်ရွက်များ တဖွဲဖွဲ ဆဝဲကြွေကျလာကြသည်။

ကျွဲပွတ်ဖျားရှိ သံဆူးများက တဖျပ်ဖျပ် လက်နေကြ သည်။

“တော့...ဒီတစ္ဆေမကို တိုက်ကြပါတော့လား”

“ရှမ်း”

“အာ–အာ”

ရဲမက်ဗိုလ်မှာ နေခုက်လိုက်များအားအမိန့်ပေးတိုက်ခိုက် ခိုင်းသော်လည်း သူကိုယ်တိုင်ကမူ ရှေ့သို့ထွက်မလာဝံ့ဘဲ ပုန်းရပ်နေသောကြောင့် မရဏကျွဲပွတ်မယ်က ကျွဲပွတ် ဖြင့် တစ်ချက်ပေးလိုက်ရာ လန့်ဖျပ်ပြီး နောက်သို့ ခုန်ဆုတ် ပြေးတော့သည်။

“ခွီ”

“အာ–အာ”

သို့ရာတွင် ကျွဲပွတ်မယ်၏ပခုံးထက်မှ မတူရာကြောင်ကြီး က မာန်ဖီပြီး မန်ချူးဗိုလ်၏ မျက်နှာပေါ်သို့ ခုန်အုပ်လိုက် တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့်...

ရဲမှက်များလည်း မရဏကျော်ပွတ်မယ်အား တစ် ပြိုင်နက် ဝင်ရောက်တိုက်ခိုက် ကြတော့၏။

"ဟိတ်"

"ယား"

"ရှမ်း"

"အူး"

"အီး"

ရှေ့တိုးထွက်လာသော ရဲမက်သုံးယောက်မှာ ကျော်ပွတ် ရိုက်ချက်စာမိသွားပြီး ခေါင်းတခြား လုံတခြား လူတခြား ဖြစ်လျက် မြေပေါ်တွင် လူးလိမ့်နေကြရလေသည်။

"ခွီး...ခွီး"

"အ...အ...ဟဲ့ကြောင်...ဟဲ့ကြောင်"

မဟူရာကြောင်နက်ကြီး၏ တိုက်ခိုက်မှုကြောင့် မန်ချူး ရဲမက်ဗိုလ်မှာ မျက်နှာ၌ သွေးများ အလူးလူးနှင့် တုန်လှုပ် ချောက်ချားနေရှာ၏။ ကျန် မန်ချူးရဲမက်များမှာ သူတို့၏ ရှေ့တွင် ကျော်ပွတ်ရိုက်ချက်မိသွားသူများ၊ ကြောင်ဆိုးကြီး၏



ပြင်းထန်စွာ တိုက်ခိုက်ခြင်းခံနေရသော သူတို့၏ တပ်ဗိုလ် လေး အဖြစ်ကိုသော်လည်းကောင်း မြင်တွေ့နေခဲ့ကြရာ အလွန်ထိတ်လန့်ကြောက်ရွံ့နေကြတော့သည်။

သို့ဖြင့် သူတို့က ရရှိထားသည့် ရွှေ၊ ငွေ၊ ကျောက်မျက် များအား ယူဆောင်ပြီး လက်လွတ်ထွက်ပြေးရန် အားထုတ် ကြလေတော့သည်။

"ရှမ်း"

"ဝှန်း"

သူတို့က ရတနာအိတ်များကို ဆွဲလျက် မြင်းနှင့်ပြေးရန် အားထုတ်ကြသော်လည်း မရဏကျော်ပွတ်မယ်၏ ရိုက်ချက်က မြင်းရောလူပါ တလိမ့်ခေါက်ကွေး ကျသွားစေခဲ့သည်။

မြင်းများထားရစ်ကာ ထွက်ပြေးရန်ကြိုးစားသူများမှာ လည်း သူမ၏ လက်ဝါးရိုက်ချက်၊ ကျော်ပွတ်ရိုက်ချက်တို့ဖြင့် မြေပေါ်တွင် လူးလိမ့်နေကြရသည်။

သူမ၏လက်သည်းကုတ်ချက် ထိသွားသူများမှာ မကြာမီ အတွင်း သေမွဲဝင်ကြရမည်သာ ဖြစ်ပေသည်။

မဟူရာကြောင်နက်ကြီး၏ ကုတ်ခြစ်ကိုက်ခဲမှုကြောင့် မျက် လုံး တစ်ဖက် ထွက်သွားရှာသည့် မန်ချူးတပ်ဗိုလ်မှာ ခြေဦး

www.burmeseclassic.com

www.burmeseclassic.com



တည့်ရာ လျှောက်ပြေးနေစဉ် မဟူရာကြီးမှာ အခြားမန်ချူး ရဲမက်တစ်ဦးအား ထပ်မံတိုက်ခိုက်နေပြန်သည်။

"ခွိ...ခွိ"

"အ...အား"

မဟူရာကြီး မဇန်ဖိသံနှင့် နာကျင်စွာ အော်ဟစ် ညည်း တွားနေသည့် မန်ချူးတို့၏အသံမှာ ဆူညံလျက်ရှိသည်။

"ရှမ်း"

"ဖြောင်း"

"ရှမ်း"

"အား"

မရဏကျော်ပွတ်မယ်မှာလည်း ဟိုမှ သည်မှ ခုန်ပျံ ကူး ပြောင်းရင်း ကျော်ပွတ်နှင့် ရိုက်ချလိုက်ရာ မန်ချူး ရဲမက်များ မှာ သချိုင်းပျက် မြေအဖြင့်၌ အပြိုပြိုအလဲလဲနှင့် အော် ဟစ် ညည်းတွားနေကြလေသည်။

မည်သို့ဆိုစေ မကြာခင် အချိန်အတွင်း၌ သူတို့အားလုံး တစ်လွန်တင်သို့ ကူးပြောင်းသွားကြမည်ဖြစ်ကြောင်း မရဏ ကျော်ပွတ်မယ် သိရှိပြီးဖြစ်ရာ တည် ငြိမ် အေး ဆေး စွာ ဖြင့်



ကျော်ကျော်ရတနာအိတ်များအား တစ်ခုပြီးတစ်ခု လိုက်လံ ကောက်ယူနေခဲ့သည်။

"မဟူရာရေ သွားမယ်"

"ကောင်း...ဝမ်"

ရတနာအိတ်များအားမြင်းတစ်စီးပေါ်တင်လျက်သချိုင်း ပျက်တွင်းမှ တစ်လှမ်းချင်း ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

### ဘာဝန်အပြောင်းအလဲ

ဝေ့နယ်စား ချူရှန်လန်းသည် ဦးရိုးတော် မန်ချူး ကောရာဇ်၏ ဆင့်ခေါ်မှုကြောင့် နေပြည်တော် မိကင်းသို့ ရောက်ရှိနေခဲ့လေသည်။

လတ်ရွှေးစင်ရဲမက် အနည်းငယ်နှင့် ခရီး ပြင်း နှင်ခဲ့ရာ နေပြည်တော်သို့ မိုးသောက်ချိန်တွင် ရောက်ရှိခဲ့သည်။

နန်းတော် အတွင်းဝန်ထံသို့ မိမိ ရောက်ရှိနေကြောင်း သတင်းပို့ထားပြီး အလွန်စောလှသေးသောကြောင့် နန်းတော်စောင့် တပ်မှူးနှင့် စကားပြောနေကြသည်။



တပ်မှူးက ရှိအန်းနယ်စားလွှပ်ကြံခံရခြင်းအတွက် ဝမ်း နည်းစကား ပြောကြားခဲ့သည်။

"အဲဒီသတင်း ကြားစဉ်က ကောရာဇ် တော်တော်စိတ်ထိ ခိုက်သွားတယ်၊ အခုတော့ကိုလဲ ရန်သူတွေအပေါ် နာကြည်း ဒေါသ ဖြစ်နေတယ်၊ နောက်ဆုံးတော့ ကောရာဇ်ရဲ့ ဒေါသ ဟာ အနီးကပ် ကျုပ်တို့အပေါ်ပဲ ကျတော့တာပဲ…

"ကျုပ်တို့ငစ်ဘက် တပ်မှူးတွေ ပေါ့ညံ့လို့ ခုလို သူပုန် တွေက အတင့်ရဲနေတာတဲ့၊ အမှန်တော့ သူပုန်တွေအနက် ရှိအန်းဒေသက မရဏာကျွာပွတ်မယ်ဟာ အဆိုးဆုံးပဲ၊ ကျုပ် တို့ မန်ချူးတွေကို ဒုက္ခအပေးဆုံးပဲလေ"

ဝေ့နယ်စား ချူရှန်လန်းသည် တပ်မှူးစကားကို နားထောင်ရင်း အံကိုတင်းနေအောင် ကြိတ်မိသည်။

"မှန်တယ်တပ်မှူး၊ နေဝင်တော်ကို မရဏာကျွာပွတ်မယ်ရဲ့ အန္တရာယ်ကို သတိထားဖို့ သတိပေးခဲ့ပါသေးတယ်၊ ကိုယ့် သိုင်းစွမ်းကိုယုံပြီး ရန်သူ့ကို အထင်သေးတဲ့အတွက် အသက် ဆုံးရှုံးခဲ့ရတာပဲ"

ထိုစဉ် နန်းတော်အတွင်းဝန်က သူတို့ထံဦးတည်လျှောက် လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်လျှင် အရှိအသေးပေးလျက်....

"ဝေ့နယ်စားကြီး၊ ကေရာဇ် ဆင့်ခေါ်ခိုင်းပါတယ်၊ အတွင်းဆောင် ညှိခန်းထဲမှာ ကေရာဇ် စောင့်မျှော်နေပါတယ် ခင်ဗျား"

ထို့နောက် ဝေ့နယ်စားသည် နန်းတော်အတွင်းဝန် ခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့လေသည်။

စာကြည့်ခန်းရှေ့ ရောက်သောအခါ အတွင်းဝန်အသည် အပေါက်ဝ၌ ရပ်တန့်လျက် နယ်စားအား ဦးညွှတ်၏။

"ကေရာဇ် အထဲမှာ စောင့်မျှော်နေပါတယ်"

"နယ်စားကြီး အထဲကိုကြွပါ ခင်ဗျာ"

သို့ဖြင့် စာကြည့်ခန်းထဲသို့ ဝေ့နယ်စား ချိုးနှိမ်လန်း ဝင်ရောက်သွားလေသည်။

ကေရာဇ်က စာကြည့်စားပွဲကြီး၏နောက်တွင် ထိုင်လျက် သူ့အား စောင့်နေ၏။

ဝေ့နယ်စား ကေရာဇ်အား ဒူးထောက်၍ ဂါရဝပြု လိုက်သည်။

"ဦးရိုးတော် ကေရာဇ်အား ဂါရဝပြုပါတယ်"



"ကဲ...ဒီရှေ့ကို လာစမ်းပါဦး တူတော်မောင်၊ သက်သာ သလိုနေစေ"

ဝေ့နယ်စားက ကေရာဇ်အနီးသို့ တိုးရွေ့သွားလိုက် သည်။

"တူတော်မောင်ကိုဆင့်ခေါ်လိုက်ရတာဟာတော့ မင်းရဲ့ နေခင်တော် လုပ်ကြံခံရတာနဲ့ပတ်သက်နေသလို တိုမန်ချူး ဘွဲ့ရဲ့ လုံခြုံရေးကိစ္စတွေကို တိုင်ပင် ဆွေးနွေးဖို့ပါပဲ"

ကေရာဇ်က လက်ခေတ္တချုပ်၍ တူတော်အား အကဲခတ် လိုက်သည်။

ပြီးမှ....

"မင်းရဲ့နေခင်တော်ကို လုပ်ကြံသွားတဲ့သူတို့ သိရဲ့လား"

"သိပါတယ် ဦးရိုးတော်၊ ရှိအနန်းနယ်မှာ ထကြွသောင်း ကျန်းနေတဲ့ မရကာကျောဝ္ဂတ်ခယ်ဆိုတဲ့ အမျိုးသမီး သိုင်း သမားတစ်ဦးပါ။ 'ရာဟုစကြောင်နက်ဂိုဏ်း'ရဲ့ ခေါင်းဆောင် လဲ ဖြစ်ပါတယ်"

ဝေ့နယ်စားက သူသိသားသမျှအား ပြောပြလိုက်လေ သည်။

"အေး....ထုတ်တယ်၊ သူဟာ ဆောင်ဆောင်ဆယ်ပုန်ကန် နေတဲ့သူတွေထဲမှာ တို့ရဲ့ ဒုက္ခအပေးဆုံးတစ်ယောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



“မှန်ပါတယ် ဦးရိုးတော်”

“မင်းရဲ့နောင်တော် လုပ်ကြံခံလိုက်ရတာဟာ တို့မန်ချူးတွေရဲ့ အုပ်ချုပ်ရေး ယန္တရားကို အတော်လေး ထိခိုက်စေတယ်”

“မှန်ပါ၊ ဒီအဖြစ်ဟာ တရုတ်ပြည်သူတွေရှေ့မှာ ကျွန်တော်တို့ မန်ချူးတွေ သိက္ခာချခံရတာဖြစ်ပြီး နောင် အုပ်ချုပ်ရေးမှာ အခက်အခဲတွေ တွေ့လာစေနိုင်ပါတယ်”

ကေရာဇ်ကြီးက...

“ပိုဆိုးတာက ငါသိက ပို လိုက်တဲ့ လျှို့ဝှက်အမိန့်စာချွန်လွှာ အဲဒီသူပုန်မလက်ထဲ ပါသွားခြင်းပဲ တူတော်”

ကေရာဇ်မျက်နှာ၌ မခံမရပ်နိုင် ဖြစ်နေသော အရိပ်အယောင်များ ပေါ်လွင်နေပေသည်။

“ဦးရိုးတော်ရဲ့ တမန်တော်တွေ နောင်တော်ထံရောက်ပြီး အမိန့်စာချွန်လွှာ ပေးပြီးတာနဲ့ မရှေးမနှောင်း ရန်သူ ရောက်လာတယ်လို့ ကြားပါတယ်၊ ရန်သူဟာ အမိန့်စာချွန်လွှာ ရောက်မယ်ဆိုတာ ကြိုသိနေလို့ပါပဲ ခင်ဗျာ”

“အဲဒီ စာချွန်လွှာထဲ ဘာတွေပါတယ်ဆိုတာရော တူတော်မောင် သိရဲ့လားကွယ့်”



“မသိပါဘူး ဦးရိုးတော်”

“အင်း...အလွန်လျှို့ဝှက်ပြီး ဆောင်ရွက် ခဲ့တာတော့ တို့ရဲ့အကြံအစည်ကို ရန်သူတွေသိသွားကြပြီကွယ်၊ ဒါပေမယ့် ခိမ်ချက်ကိုတော့ အပျက်မခံနိုင်ဘူး”

နယ်စား ချူရှန်လန်းမှာ ကေရာဇ်ထံမှ မိန့်ကြားချက်များအား စိတ်ဝင်စားလှစွာဖြင့် တိတ်ဆိတ်စွာ နားစွင့်နေခဲ့၏။

“ဦးရိုးတော်ဟာ ရှီအန်းနယ်စားကို အမိန့်စာချွန်ထဲမှာ တာဝန်နှစ်ရပ် ပေးခဲ့တယ်”

“အမိန့်ရှိပါ ဦးရိုးတော်”

“ပထမတာဝန်က ရှီအန်းနယ်မှာ တို့မန်ချူးတွေကို ဆော်လှုန်နေတဲ့ တော်လှန်ရေးအင်အားစုတွေကို ဖြိုခွဲဖို့ပဲ၊ အထူးသဖြင့် မဟူရာကြောင်ပွတ်မယ်ကို အမိဖမ်း ဖြိုခွင်းဖို့ဖြစ်တယ်...”

“နောက်တာဝန် တစ်ခုကတော့ တရုတ်နန်းကျတုန်း ခင်’မင်းဆက်ရဲ့ ဆွေတော်မျိုးတော်တွေကို ရှာဖွေသုတ်သင်ဖို့ပဲ...”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတာဝန်တွေကို တူတော်မောင်ထံ ပြောင်းလွှဲပေးချင်လို့ ဦးရီးတော် ဆင့်ခေါ်လိုက်ရတာပဲ"

"ကျွန်တော် ဒီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါ့မယ်၊ ထမ်းဆောင်ခွင့် ရတဲ့အတွက်လဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်"

နယ်စား ချူရှန်လန်းက အရိုအသေပေး၍ ကတိပြုလိုက်သည်။

"သတင်း စုဆောင်းသားချက်အရ တရုတ်နန်းကျမင်း လီကွေ့ဟန်ရဲ့သားတစ်ဦးဖြစ်တဲ့ မင်းသား လီကွေ့ ရှန်းဟာ ရှီအန်းနယ်ထဲမှာ ခိုအောင်းနေတယ်လို့ဆိုတယ်၊ နောက်ပြီး တူသားတော်စီတဲ့ လီရှင်းဆိုတဲ့မင်းသားငယ်ကလဲ တော်လှန်ရေး သိုင်းသမားတွေနဲ့ ပူးပေါင်းပြီး လှုပ်ရှားနေတယ်လို့ သတင်းအတိအကျ ရရှိထားတယ်ကွယ့်"

"ကျွန်တော် သူတို့ကိုရှာဖွေပြီး သုတ်သင်ပါ့မယ် ဦးရီးတော်"

"အိမ်း....ရန်သူဟာ တို့ရဲ့ အစီအစဉ်ကို ကြိုတင်သိသွားပြီမို့ ကြိုတင်ကာကွယ်ကြမှာ သေချာတယ်၊ ဒါကြောင့်



ပါ့တူအတွက် အန္တရာယ်ကြီးတယ်၊ မင့်နောင်တော်ရဲ့ အားနည်းမှုတွေကို သင်ခန်းစာယူပါ၊ သတိထားပါ တူတော်"

"ကောင်းပါပြီ ဦးရီးတော်"

"ကဲ...ကဲ ဒီမှာ ဝေ့နယ်စားကနေ ရှီအန်းနယ်စားကြီးအဖြစ် ပြောင်းလဲအမှုထမ်းဖို့ အမိန့်"

နယ်စား ချူရှန်လန်းက ဝါရဝပြု၍ အမိန့်စာတို့လက်ခံယူလိုက်သည်။

"လိုအပ်မှုတွေကို တောင်းခံနိုင်ပြီး ထူးခြားမှုတွေရှိလဲ အစီရင်ခံပါ တူတော်"

"ကောင်းပါပြီ ဦးရီးတော်"

ထို့နောက်...

ရှီအန်းနယ်စားကြီးတာဝန် ဧးအပ်ခံရသော ချူရှန်လန်းမှာ ဦးရီးတော် ဧကရာဇ်အား အရိုအသေပြု နှုတ်ဆက်၍ နန်းတော်တွင်းမှ ထွက်ခွာလာခဲ့တော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### ဓနုချုံး တော်လှန်ရေး နဂါးမေနိအဖွဲ့

ရှိအန်းနယ်အတွင်းရှိ လျှိုကြီးတစ်လျှိုတွင် ဓနုချုံး တော်လှန်ရေးသမားများ စုရုံးရောက်ရှိနေကြသည်။

ထိုလျှိုကြီးကား သစ်ပင်ကြီး ဝါးကြီးများနှင့် နေရောင်မထိုးနိုင်အောင်ပင် ထူထပ်သိပ်သည်းလျက်ရှိ၏။

လျှိုထဲဝင်သည်နှင့် စိမ့်မြနေအောင် အေးသွားရသည်။

သည်လျှိုမှာ သားရဲတိရစ္ဆာန်တွေ ပေါများလှသည်။

သာမန်ခရီးသွားများ ဝင်ထွက်ခြင်းမရှိသော လျှိုတခု ဖြစ်၏။



လူစုကား အင်အားငါးဆယ်ခန့်ရှိသည်။

လျှိုဝင်ရာလမ်းတစ်လျှောက်၌ သေနတ်ကိုင် တော်လှန်ရေး တပ်သားအချို့ စောင့်ပုန်းဝပ်နေကြ၏။

လူစိမ်းသူစိမ်းများ ဝင်ရောက်လာလျှင် စစ်ဆေးတားဆီးရန် ဖြစ်ပြီး ရန်သူများဆိုလျှင်တော့ ဆီးကြိုတိုက်ရန် ပုန်းနေကြခြင်း ဖြစ်သည်။

သူတို့၌ သေနတ်နှင့်အမြောက်အစုံ ကိုင်ဆောင်ထားကြသည်။

သည်နေ့ဝယ် သူတို့ အဖွဲ့အစည်းသည် မျက်နှာစုံညီ အစည်းအဝေး ရှိသည်။

သည်အစည်းအဝေးတွင် ဓနုချုံး ရဲဘော်များ၏ ရန်ဖျက်ရိမ်ပြီး လူတွေမခံဘဲပုန်းအောင်းနေသည့် နန်းကျဘုရင် သီတွေ့ဟန်၏ အမွေတော်သည် မင်းသား လီရှင်း တက်ရောက်လာမည် ဖြစ်သောကြောင့်ပင်။

တော်လှန်ရေးသမားများ စုံညီညီရောက်ရှိစုရုံးနေကြပြီ ဖြစ်သည်။

အဖွဲ့ခေါင်းဆောင် တားနှစ်လက်ချင်းယုံနှင့် မင်းသားသေး လီရှင်းတို့အား စောင့်မျှော်နေခဲ့ကြသေးသည်။

www.burmeseclassic.com



အဖွဲ့သားများမှာ သူတို့အဖွဲ့အစည်းသို့ တရုတ် နန်းကျ
ဘုရင်၏ ဆွေတော်မျိုးတော်တစ်ဦးက ပါဝင်လာမည် ဆို
သောကြောင့် အလွန်တက်ကြွနေခဲ့ကြလေသည်။

သူတို့အဖွဲ့ကား မန်ချူးတို့၏ နှိပ်စက်ညှဉ်းပန်းမှုအား
မခံမရပ်နိုင်သူများ စုစည်း၍ တစ်နိုင်တစ်ပိုင် ဆန့်ကျင် တိုက်
ခိုက်နေကြသူများ ဖြစ်သောကြောင့် အဖွဲ့နာမည်ပင် မရှိ
သေးချေ။

အဖွဲ့ခေါင်းဆောင်ကား ဓားနှစ်လက် သိုင်းသမားကြီး
ချင်းယုံဖြစ်သည်။

သူက သိုင်းလောကမှ သိုင်းသမားကြီးတစ်ဦး ဖြစ်ပြီး
မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူတစ်ဦးလည်း ဖြစ်သည်။

သူ၏မိသားစုအား မန်ချူး စစ်သည်ရဲမက်များက သတ်
ဖြတ်သွားခဲ့ခြင်းကြောင့် တစ်ကိုယ်တော် မန်ချူးများ တို
လိုက်လံ လက်စားချေနေခဲ့သူ ဓားသမားဖြစ်၏။

ထို့နောက်—

သူ၏သိုင်းပညာနှင့် မျိုးချစ်စိတ်ဓာတ်အား ကြည်ညို
လေးစားကြသည့် တရုတ်လူငယ်များက တစ်ယောက်စ နှစ်



ယောက်စ သူ၏နောက်လိုက်ကာ ဖာပည့်ခံလာရာမှ ယခု
ကဲ့သို့ အင်အားငါးဆယ်ခန့် ဖြစ်လာခဲ့ရခြင်း ဖြစ်သည်။

အတွေ့အကြုံအရရော အသက်အရွယ်အရပါ အရင့်
ကျက်ဆုံးဖြစ်ရာ အားလုံးက လေးစားကြပေသည်။

"ခေါင်းဆောင်ကြီးနဲ့ မင်းသားလေး ကြွလာပြီဟေ့"

လျှိုဝမှ ကင်းပုန်းအဖွဲ့သားတစ်ဦးက ကျယ်လောင်စွာ
အော်ဟစ်လိုက်ရာ လျှိုတွင်းရှိ စုရုံးနေကြသော တော်လှန်
ရေးသမားများမှာ လှုပ်လှုပ်ရှရှ ဖြစ်သွားကြလေသည်။

သူတို့က လျှိုဝသို့ လှမ်းမျှော်ကြည့်ရှုနေကြ၏။

မကြာမီ—

လျှိုထဲသို့ နှုတ်ခမ်းမွေးကားကားနှင့် ထွားကျိုင်း တုတ်
ခိုင်သော ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့်လူရွယ်တစ်ဦးတို့ ဝင်ရောက်
လာကြသည်။

လူရွယ်မှာ နှံ့သာရောင် ပိုးဝတ်စုံနှင့် ဖြူစင်သန့်ပြန့်
ချောမောသော ယောက်ျားပျိုတစ်ဦး ဖြစ်လေသည်။

လျှိုထဲသို့ သူတို့နှစ်ဦး ဝင်ရောက်လာသည်နှင့် အဖွဲ့
သားများမှာ တိတ်ဆိတ် ငြိမ်သက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လူစုထဲ၌ရှိ စားပွဲတစ်လုံးနှင့် ကုလားထိုင် တစ်လုံး ထားသည်။

ခေါင်းဆောင်ကြီးက မင်းသားအား ကုလားထိုင် တစ်လုံးတွင် နေရာချထားပေး၏။

သူက မဆိုင်းဘဲ သူ့လူများအား လက်မြှောက်နှုတ်ဆက် လိုက်ပြီး...

"ကဲ...ဒီနေ့ကတော့ တို့အဖွဲ့အတွက် နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်တယ် သွေးသောက်တို့၊ ဘာဖြစ်လို့လဲဆိုရင် တို့အဖွဲ့ထူထောင်ခဲ့တာ တစ်နှစ်မြောက်တဲ့နေ့ ဖြစ်တဲ့အပြင် တို့ရဲ့အဖွဲ့ထဲ တို့ရဲ့အရှင် ကောရာဇ် လီကွေ့ဟန်ရဲ့ တူတော် မောင် မင်းသား လီရှင်း ပူးပေါင်းပါဝင်လာတဲ့ နေ့ တစ်နေ့လဲ ဖြစ်လာတဲ့အကြောင်းပါပဲ"

မင်းသား လီရှင်းအား အဖွဲ့သားများက စိတ်ဝင်တစား ငေးမောကြည့်ရှုနေခဲ့ကြလေသည်။

သူတို့အဖို့ ဘုရင်ကောရာဇ်၏ နန်းဆက် ဆွေမျိုးတော် များကို တွေ့ဖူးခဲ့ကြသည်မဟုတ်ပေ။

"မင်းတို့ကို အခု မင်းသားက နှုတ်ခွန်းဆက် မိန့်ခွန်း မြွက်ကြားပါလိမ့်မယ်"



မင်းသားလီရှင်းက မတ်တတ်ရပ်လိုက်ပြီး...

"မန်ချူးဆန့်ကျင်ရေး တော်လှန်ရေးသမား သွေး သောက် ညီအစ်ကိုများကို ကျုပ် နှုတ်ခွန်းဆက်သပါတယ်၊ သွေးသောက်တို့သိကြတဲ့အတိုင်း ကျုပ်တို့နိုင်ငံဟာ နယ်ချဲ့ မန်ချူးတို့ရဲ့ မတရားသိမ်းပိုက်ခြင်းကို ခံနေရခဲ့တာ ဖြစ် တယ်၊ ကျုပ်တို့သွေးသောက်တို့ရဲ့အရှင်သခင်ဘုရင်မင်းမြတ် လီကွေ့ဟန်မှာလဲ ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည်ကို စွန့်ခွာလို့ လွတ်ရာကျွတ်ရာ အရပ်ကို အသက်ဘေးအန္တရာယ်ကြောင့် ရှောင်တိမ်းနေခဲ့ရှာတယ်၊ ကျုပ်တို့ ပြည်သူတွေအများလဲ မန်ချူးနယ်ချဲ့တွေရဲ့ နှိပ်စက်ညှဉ်းဆဲမှု စော်ကားမှုတွေကို နေ့စဉ်နဲ့အမျှ ခံနေရရှာတယ်၊ ဒါကြောင့်မို့ ကျုပ်တို့ အရှင်သခင်နဲ့ ကျုပ်တို့ပြည်သူတွေ လွတ်မြောက်ဖို့ ကျုပ်တို့ ခင်ဗျားတို့တွေက အသက်ပေးပြီး မန်ချူးတွေကို တော်လှန် ဆန့်ကျင် ခေါင်းထုတ်ဖို့ရမှာ ဖြစ်တယ်...

"ကျုပ်ဟာ တရုတ်ကောရာဇ်ရဲ့ ဆွေတော်မျိုးတော်ထဲက တစ်ဦးပေါ့၊ မန်ချူးတွေဟာ မင်းမင်းဆက်တွေကို ကျူးဖင် ခုတ် ကျုပ်တို့ခေါင်းမကျန်အောင် သုတ်သင်ဖမ်းဆီးနေကြ တယ်၊ ကျုပ်လို ကောရာဇ်နဲ့ သွေးချင်းစပ်ဆွေမျိုးတော်စပ်တွေ ကို သူတို့က အသေရရ အရှင်ရရ လိုချင်နေတယ်၊ သူတို့ကို ကြောက်ရွံ့ပြီး အရွယ်မရောက်ခင်က ကျုပ်ပုန်းအောင်းနေ တာ မှန်ပေမယ့် ခု ကျုပ်အသက်နှစ်ဆယ် ပြည့်လာခဲ့ရပြီ၊

www.burmeseclassic.com



မန်ချူးတွေလက်အောက်က လွတ်မြောက်နိုင်ခဲ့သေးဘူး၊ ပုန်းအောင်းနေမယ့်အတူ နယ်ချဲ့တွေကို တစ်နိုင်ရရ နှိမ်နိုင်ရရ သုတ်သင်မယ်ဆိုပြီး ကျုပ် ထွက်လာခဲ့တာပဲ၊ သွေးသောက်ညီအစ်ကိုတွေနဲ့ လက်တွဲပြီး မန်ချူးတွေကို လုံးခုနှိမ်နေသရွေ့ တိုက်မယ်ဆိုတာ ဒီနေရာက ကျုပ် လိုင်းကတိပေး သစ္စာဆိုပါတယ်"

"ဟေး....ဟေး"

"ဟေး....ဟေး"

"ဖြောင်း...ဖြောင်း"

"ဖြောင်း...ဖြောင်း"

တော်လှန်ရေးသမား ညီအစ်ကိုများက ဝမ်းသာအားရ လက်ခုပ်လက်ဝါးတီးလျက် အော်ဟစ် ကြွေးကြော်ကြကုန်သည်။

ထို့နောက်....

မင်းသားလီရှင်းသည် စားပွဲပေါ်သို့ အထုပ်တစ်ထုပ်ကို တင်လိုက်ကာ ဖြေပြီးနောက် သွန်ချလိုက်၏။

အဖိုးတန် ကျောက်မျက်ရတနာ လက်ဝတ်လက်စားများ ဖြစ်၏။



"ဒီပစ္စည်းတွေကို ကျုပ်တို့အဖွဲ့အတွက် ရန်ပုံငွေအဖြစ် ကျုပ်ထည့်ဝင်ပါတယ်....

"လိုအပ်ရင် ဒီရတနာပစ္စည်းများကို ထုခွဲရောင်းချပြီး အဖွဲ့အတွက် အသုံးချနိုင်မှာ ဖြစ်တယ်"

"ဖြောင်း....ဖြောင်း"

"ဖြောင်း....ဖြောင်း"

သူက ပစ္စည်းတစ်ခုအား စားပွဲထက်ပေးလာပြန်၏။

မာန်ဖီနေသည့် ရွှေနဂါးရုပ်လေးတစ်ရုပ်။

ရွှေသားစစ်စစ်နှင့် သွန်းလုပ်ထားခြင်း ဖြစ်သည်။

အားလုံးသောသူများ၏ မျက်လုံးတို့ကား ထိုနဂါးရုပ်လေးထံမှာသာ စုပြုံရောက်ရှိနေကြ၏။

"ဟောဒီနဂါးရုပ်လေးကတော့ ကေရှင် လီကွေ့ဟန်နဲ့ ကိုယ်တော်တိုင်ဆွေတော်မျိုးတော်တွေကို အသိအမှတ်ပြုတဲ့ အနေနဲ့ ပေးအပ်ချီးမြှင့်ထားတဲ့ နဂါးရုပ်လေးပါပဲ"

"ဟင်"

"ဟာ"

www.burmeseclassic.com

အဖွဲ့ခေါင်းဆောင် ခေးနှစ်လက် ချင်းယုံမှာ ဘရုတ် ကောလုဇ်အိနန်းစဉ်ရဂနာဝတ္ထုတစ်ခုကို လက်ခံရရှိသဖြင့် အလွန်ကျေနပ်အားရ ဖြစ်နေဟန်ရှိသည်။

"ဒီဝတ္ထုကိုလဲ လိုအပ်ရင် အဖွဲ့အတွက် ထုခွဲအသုံးချနိုင်ပါတယ်ခင်ဗျာ"

မင်းသားလီရှင်း၏ ရက်ရောသော စကားကြောင့် ခေးနှစ်လက် ချင်းယုံမှာ အလွန်အံ့အားသင့်သွားပြီး....

"ဟာ...မင်းသားရှယ်၊ ဒီဝတ္ထုက ကျုပ်တို့အရှင်သခင် ကောလုဇ်ရဲ့ နန်းတွင်းအသိအမှတ်ပြု ရတနာဝတ္ထုဘသိပါး ဖြစ်ပါတယ်၊ ကျုပ်တို့မှာ ထိန်းသိမ်းထားဖို့တာဝန် ရှိပါတယ်ဗျာ၊ ဒါကိုတော့ ထုခွဲရောင်းချဖို့ထဲ မထည့်လိုက်ပါနဲ့"

"ဒါကတော့ ခင်ဗျားတို့ကဏ္ဍပါပဲလေ၊ ကျုပ်ကတော့ အဖွဲ့ကြီးအတွက် အသုံးလိုအပ်ရင်ဆိုတဲ့ စိတ်ကူးနဲ့ လှူဒါန်းခြင်းပဲဖြစ်ပါတယ် ခေးနှစ်လက်"

ခေးနှစ်လက်ချင်းယုံသည် မျက်မှောင်ကြီး ကြုတ်လျက် တစ်စုံတစ်ခုကို စဉ်းစားတွေးတောနေဟန်ရှိလေသည်။



အတန်ကြာမှသာအခါ သူက ၊ စကားတစ်ခွန်းကို ပြောကြား၏။

"ကျုပ် တစ်ခုတင်ပြချင်ပါတယ်၊ မင်းသားရော မသွေး သောက်ရဲဘော်တွေပါ စဉ်းစားကြပါ၊ ကျုပ်တို့ မနေ့ညနေ့ ဆန့်ကျင်ရေး တော်လှန်ရေး အင်အားစုဟာ ထူထောင်ခဲ့တာ တစ်နှစ်ကျော်လာခဲ့ပါပြီ၊ ခုအထိ အဖွဲ့နာမည်တစ်ခု မရှိသေးပါဘူး၊ ကျုပ်အဖွဲ့နဲ့ ဆက်သွယ်ပြောဆိုကြသူတိုင်းဟာ ကျုပ်နာမည် ခေးနှစ်လက်ချင်းယုံ အဖွဲ့ဆိုပြီးတော့ပြောဆိုနေကြရတယ်၊ ကျုပ်အနေနဲ့ ပုဂ္ဂလိကဆန်တဲ့ နာမည်ကို မလိုလားပါဘူး၊ တော်လှန်ရေးတစ်ခုဟာ ကာလအားဖြင့် အယ်လောက် ရှည်လျားကြန့်ကြာမယ်ဆိုတာ မသိနိုင်ကြပါဘူး၊ ခေါင်းဆောင်ဖြစ်တဲ့ကျုပ် ကျဆုံးပျောက်ကွယ်သွားတာနဲ့ ကျုပ်အဖွဲ့ကြီးဟာလဲ ပျောက်ရမယ်ဆိုတာ မဖြစ်သင့်ပါဘူး၊ ဒါကြောင့် နာမည်တစ်ခု ရွေးချယ်ဖို့ လိုပါတယ်၊ ညမှာ ရှန်အီနယ်မှာ ကျော်ကြားထင်ရှားတဲ့ မရကျ လျှာပွတ်မယ်ရဲ့ မဟူရာကြောင်နက် အဖွဲ့လို နာမည်တစ်ခုပေါ့"

အားလုံးသော အဖွဲ့သားများမှာ စဉ်းစားပြီး တိတ်ဆိတ်သွားကြ၏။

ခေးနှစ်လက်က ဆက်လက်ပြောကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တတော့ ထွေထွေထူးထူး စဉ်းစားမနေချင်တော့ဘူး၊ တိုက်တိုက်ဆိုင်ဆိုင် အဖွဲ့အစည်းအတွက် ရောက်ရှိလာတဲ့ မင်းသား ပေးအပ်တဲ့ ကျုပ်တို့သခင်ရဲ့ နန်းစဉ်သတ်မှတ်ပစ္စည်းတစ်ခုဖြစ်တဲ့ ဟောဒီ မာန်ဖီနေတဲ့ ရွှေနဂါးရုပ်ကိုပဲ အစွဲပြုပြီး မှည့်လိုက်ချင်ပါတယ်၊ ဘယ်လိုသဘောရကြလဲ ပြောကြပါ"

"ကျွန်တော် တို့လဲ ကြိုက်ကြပါတယ် ခေါင်းဆောင်ကြီး...."

"ကျုပ်တို့လဲ သဘောတူပါတယ်"

မင်းသားက ပြုံးပြီး မေးမြန်း၏။

"ဒါဖြင့် ဘယ်လိုခေါ်မှာလဲ ဓားနှစ်လက်ရဲ့"

"နဂါးရုပ်ဟာရွှေနဲ့လုပ်ထားတဲ့အတွက် ရွှေနဂါးဆိုရင်ကောင်းမလား"

"မဆိုးပါဘူး"

"နဂါးက မျက်စောင်း လှည့်ထိုးနေတာ ခင်ဗျ၊ နဂါးမျက်စောင်းဆိုရင်ရော ခင်ဗျာ"



တော်လှန်ရေးသမား တစ်ဦးက စင်ရောက် အကြံပေးပြန်၏။

"အဲဒါလဲ မဆိုးပါဘူး"

"နဂါးသတ္တိ"

"မာန်ဖီနေတဲ့ နဂါး"

"နဂါးနီ"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ရေရွတ်နေကြကုန်သည်။

"ကဲ....ကဲ...တစ်ယောက်တစ်မျိုးနဲ့ မဆုံးတော့ဘူး၊ ကျုပ်ပေးမယ်၊ ဟောဒီမှာကြည့်၊ နဂါးက မာန်ဖီနေတာ၊ နဂါးဆိုတာ တရုတ်ပြည်ကို ကိုယ်စားပြုတာ၊ မာန်ဖီနေတာက စိတ်ဓာတ်ကို ဖော်ကျူးတာပဲ၊ မဟုတ်မခံတာ၊ အဖိအနှိပ်မခံချင်တာကို ဆိုလိုတယ်၊ ဒါကြောင့် နဂါးမာန်လို့ မှည့်ရအောင်"

"ဟာ...ကောင်းသဗျို့၊ မင်းသား ရွေး တဲ့ နာမည် က အဓိပ္ပာယ် အရှိဆုံး၊ အားအပေါ်ဆုံးပဲ၊ ကျုပ် ကြိုက်တယ်"

ဓားနှစ်လက်က အော်ဟစ် ထောက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်သော အဖွဲ့သားများကလည်း မင်းသားမေးသော နာမည်ကို ရေရွတ်ကြည့်ကြ၏။

မင်းသားရှင်းပြသောအနက်အဓိပ္ပာယ်ကိုလည်း သဘောကျကြသည်။

"ကျုပ်တို့အဖွဲ့ရဲ့အမှတ်တံဆိပ်ကိုလဲ မာန်ဖီနေတဲ့ နဂါးပုံကိုပဲ သတ်မှတ်ကြရင် ကောင်းမယ်ထင်တယ်"

"ကောင်းပြီလေ၊ နဂါးမာန်နာမည်ကို အားလုံးသဘောကျရင် အဖွဲ့ရဲ့တံဆိပ်ကိုလဲ အဲဒီ 'ဟန်' ကိုပဲ အသုံးပြုလိုက်ကြတာပေါ့"

မင်းသားက ဓားနှစ်လက်၏ အဖွဲ့ အမှတ်တံဆိပ် တင်ပြမှုကိုလည်း ထောက်ခံလိုက်ရာ အဖွဲ့သားများက သဘောတူကြလေသည်။

"ဒါဖြင့် ငါတို့အဖွဲ့ဟာ ဒီနေ့ကစပြီး ခန့်ချူးတော်လှန်ရေး နဂါးမာန်အဖွဲ့လို့ နာမည်ရသွားပြီ"

"ဟေး...ဟေး"



"မန်ချူးတော်လှန်ရေး နဂါးမာန်အဖွဲ့ဟေ့"

"နဂါးမာန်ကွ၊ နဂါးမာန်"

"ဖြောင်း...ဖြောင်း"

"ဖြောင်း...ဖြောင်း"

"တို့များ အဖွဲ့သားတွေဟာ နဂါးတစ်ကောင်ရဲ့ မာန်ပါနေလို့ပဲ စိတ်ဓာတ်ပြင်းထန်ရမယ်ကွာ"

"ပြင်းထန်တယ်...ပြင်းထန်တယ်"

"နဂါးတစ်ကောင်ရဲ့ မျက်စေ့ခင်းလိုပဲ ပူပြင်းတောက်လောင် စေရမယ်"

"တောက်လောင်တယ်...တောက်လောင်တယ်"

"နဂါးမာန်တဲ့ဟေ့"

"တို့အဖွဲ့...တို့အဖွဲ့"

"နဂါးမာန်တဲ့ကွ..."

"တို့အဖွဲ့...တို့အဖွဲ့"

"နဂါးမာန်တဲ့ဟေး..."

"တို့အဖွဲ့...တို့အဖွဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟေး...ဟေး"

"ဟေး...ဟေး"

လက်သီးလက်မောင်း လက်နက်များ ကိုင်မြှောက်ဝှေ့ကြွားပြီး အော်ဟစ်ကြွေးကြော်သိုက်ကြသည်ကို လျှိုအတွင်းမဲ့တင်သံများ ဟိန်းညံသွားရလေတော့သတည်း။

☆

အခန်း (၆)

သဲလွန်စ

မလေပြည်လေညင်း တိုက်ခတ်နေသောကြောင့် ထင်းရှူးပင်၊ မိုးမခပင်များသည် နေရောင်ခြည်အောက်ဝယ်စိမ်းစိမ်းလန်းလန်း လှုပ်ရွ ယိမ်းနွဲ့နေကြသည်။

အဝေးဆီ၌ မြားလှမ်းသော မိုးကုပ်စက်ဝိုင်းနှင့် ထိစပ်လုသည့် ညို့မှိုင်းမှိုင်း တောင်စွယ် တောင်တန်းကြီးများရှိနေ၍သွယ်နေရလေသည်။

သည်တောင်စွယ်တောင်တန်းကြီး၏ တစ်ဖက် စွန်းမှာတော့ တောင်ကိုလုပ်ရေးသူပုန်များ ခိုအောင်းနေကြသည် ဆိုသော ကျောက်တစ်လုံးတောင်ဆိုတာ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်တစ်လုံးတောင်တည့်နေရာကား တောင်စွယ်နှစ်ခုအကြားတွင် ညပ်နေသည့်အပြင် ပတ်လည်တွင်လည်း သစ်ပင်တောအုပ်များက ထူထပ်လှသည်။

ထို့ကြောင့်လည်း သည် ကျောက်တစ်လုံးတောင်အား ဇတ်ဝန်းကျင် အနေအထားက ဝှက်ထားသကဲ့သို့ ဖြစ်နေခဲ့၏။

သို့ဖြင့် ဤကျောက်တစ်လုံးတောင်ဝယ်ဝင်ထွက်လှုပ်ရှားနေသည်များ၊ လိုဏ်များအတွင်း မည်သည့်အရာများ ရှိနေခဲ့ကြသည်အား မည်သူမျှ မသိရှိနိုင်ခဲ့ကြပါလေ။

ဤသို့ အကွက်အကွင်းတောင်းမွန်လှသော ကျောက်တစ်လုံး တောင်ဝယ် တော်လှန်ရေးသူပုန်အဖွဲ့တစ်ဖွဲ့ ခိုအောင်းနေသည်ဟု သတင်း ရရှိခဲ့သည်။

တောင်ရှေ့တွင်လည်း ခုတ် ထွင် ရှင်းလင်းထားလျက် သိုင်းလေ့ကျင့်ကွင်း တစ်ကွင်းအဖြစ် ဖန်တီးထားသည်ကိုလည်း ကြားသိရသည်။

ဤအတိုင်းဆိုပါက တော်လှန်ရေးအဖွဲ့တွင် လူအင်အား အတော်တောင့်တင်းဟန် ရှိသည်။

အဆင့်မြင့် သိုင်းသမားကြီးများ ဦးဆောင်ဦးရွက်ပြုလျက် ခေါင်းဆောင်မှုပေးနေပုံရ၏။



ဂိုဏ်းသားအင်အား ငါးဆယ်ခန့် တစ်ပြိုင်နက် သိုင်းလေ့ကျင့်၍ ရအောင် ဖန်တီးပြုလုပ်ထားသည်ကို တွေ့မြင်ရခြင်းဖြင့် သိုင်းသမားများ မွေးမြူလေ့ကျင့်ပေးရန် ရည်ရွယ်ချက် ရှိဟန်တူသည်။

"သူတို့ ဂိုဏ်းသားတစ်စု ခရီးထွက်မယ့် အခြေအနေအထား တွေ့မြင်ခဲ့ရလို့ လမ်းတစ်ဝက်က ဆီးကြိုတိုက်ခိုက်ဖို့ အမိန့်ပေးထားခဲ့ပါတယ် နယ်စားကြီး"

"အေး…ကောင်းတယ်၊ ဒါမှ ဖမ်းမိတဲ့ကောင်တွေကို စစ်ဆေး မေးမြန်း ရင် အဲဒီ ကျောက်တစ်လုံး စခန်းရဲ့ အကြောင်းကို အသေးစိတ် သိရှိနိုင်မယ်၊ ကဲ…ရဲမက်တွေကို ရွေးချယ်ပြီး အမြန်ဆုံး အကူအညီပေးနိုင်အောင် သွားစို့"

"သခင်ကြီးရော တစ်ပါတည်း လိုက်ခဲ့မှာလား"

"ဒါပေါ့၊ ဒါမှ အခြေအနေအမှန်ကို အကဲခတ်လို့ ရမှာပေါ့ကွ"

ရဲမက်ဗိုလ်မှူး နယ်စားကြီး ချူရှန်ထန်းတို့ယ်တိုင် လိုက်မည်ဆိုသောကြောင့် အံ့အားသင့်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက စီယန်သို့ပြန်ရောက်လျှင် တစ်ညနေ မြို့မှာနား ပြီး မနက်မှ ထိုကျောက်တစ်လုံးဒေသသို့ ပြန်လည်သွားမည် ဟု စိတ်ကူးထားခဲ့၏။

သို့ရာတွင်—

နယ်စားကြီးနှင့် တွေ့ဆုံပြီးသောအခါ သူ၏စိတ်ကူးများ မှာ ပျက်ပြားသွားခဲ့ရတော့သည်။

နယ်စားကြီးက ချက်ချင်း ထလိုက်လာသောကြောင့် ဖြစ် သည်။

သို့သော်လည်း သူတို့တစ်ဖွဲ့မှာ အလာကောင်းသော် လည်း အခါနှောင်းရပြီ ဖြစ်သည်။

နယ်စားကြီးမှာ မကျေမချမ်းဖြင့် သူ၏ ရဲမက်တပ်ဖွဲ့ ရစ်တန့်ခိုင်းလိုက်ရတော့သည်။

အဘယ်ကြောင့်ဆိုသော် လမ်းတစ်ဝက်မှ ဆီးကြိုတိုက် ခိုက်ခဲ့ကြသော သူ၏ ရဲမက် တိုက်ခိုက်ရေးသမားများမှာ အတုံးအရုံး ကျဆုံးနေခဲ့ကြသောကြောင့် ဖြစ်သည်။

"တောခက်"



သည်ရဲမက်တပ်ဖွဲ့မှာ သူ၏ အထူး လေ့ကျင့်ပေးထား သည့် ရှေ့ပြေး တောက်လျှမ်းရေး လက်ရွေးစင် တပ်ဖွဲ့ ဖြစ်လေသည်။

သည်အဖွဲ့တစ်ခုလုံး ကျဆုံးသွားခဲ့ရသည်မှာ သူ့အဖို့ အလွန် ထိခိုက်နာခဲ့ရလေသည်။

သည်ကဲ့သို့ ရှေ့ပြေး အထူးတပ်ဖွဲ့ဝင် ရန်သူများအား တန့်တားနိုင်ခဲ့လျှင် ရန်သူတို့၌ အလွန် ဆိုင်းစွမ်းထက် သော ဂိုဏ်းသားများ ပါဝင်နေသည်မှာ ပြောစရာ မလို တော့ချေ။

ထို့စဉ်...

အဆိုးထဲမှ အကောင်း တစ်ကွက်က ပေါ်ပေါက်လာ ၏။

"သခင်ကြီး အသက်ရှင်နေသေးတဲ့ ရဲမက်တစ်ဦးကို တွေ့ရှိထားပါတယ်"

"ဟေ…ဘယ်မှာလဲ"

ရှိအန်းနယ်စားကြီးမှာ ကျေနပ်မျှော်လင့်သောအမူအရာ ဖြင့် လာရောက်သတင်းပို့သည့် ရဲမက်နှင့်အတူ လျင်မြန်စွာ လိုက်ပါသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူရောက်ရှိသွားသောအခါ ထိုရဲမှက်မှာ ဒဏ်ရာ ပြင်
ထန်စွာ ရရှိထားလျက်ရှိ၏။

စကားကိုပင် ဖြည်းညင်း တိုးညင်သာစွာ အားတင်
ပြောနေရရှာလေသည်။

"သ....သခင်ကြီး၊ သူ....သူတို့ မြောက်ဘက်စူးစူးကို ခ
ဆက်ကြလိမ့်မယ်၊ ဓ....မရဏ လျို ...."

ရဲမက်ခမျာ စကားတို့ပင် ဆုံးအောင် မပြောနိုင်ရှာ
သေဆုံးသွားရရှာလေသည်။

"တောက်"

သူက မကျေမချမ်းဖြင့် တက်ခေါက်လိုက်မိပြန်သည်။

"နည်းနည်းလေး အချိန်ရရင် သူဆီက သဲလွန်စတေ
အများကြီး ရနိုင်တာကွ"

သို့ဖြင့် ခြေမြန် ထောက်လှမ်းရေး ရဲမက်နှစ်ဦးတို့ ခေ
လျက် အမိန့်ပေး၏။

"မင်းတို့ မြောက်စူးစူးကိုလိုက်၊ အဲဒီမှာမရဏလျို တ
ရှိလိမ့်မယ်၊ သူတို့ ဝေးဝေးကို ရောက်နိုင်ကြဦးမှာ မဟု
သေးဘူး၊ မင်းတို့ ခပ်သွက်သွက်သာ စိုင်းနှင်သွား၊ မီ
သေးတယ်"



"ကောင်းပါပြီ သခင်ကြီး"

ခြေမြန်တော်နှစ်ဦးက ချက်ချင်းပင် ထိုနေရာမှ မြောက်
စူးစူး အရပ်သို့ မြင်းများကို ဒုန်းစိုင်းလျက် ထွက်သွားကြ
တော့သည်။

နယ်စားနှင့် အဖွဲ့မှာ မြေပြင်ဝယ် အခြေနအထား အမျိုး
မျိုးနှင့် လဲကျသေဆုံးနေခဲ့ကြသော အထူး လက်ရွေးစင်
ထောက်လှမ်းရေးသမားများ၏ အလောင်းများကို ထိုတွေ့
ရှိသော နေရာ၌ပင် ကောင်းမွန်စွာ မြေမြှုပ် သင်္ဂြိုဟ်ပေး
လိုက်ပြီး ရှိအန်းသို့ လှည့်ပြန်ခဲ့ကြရတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### နဂါးတို့၏အောင်ပွဲ

မန်ချူးဆန့်ကျင်ရေး နဂါးမာန်အဖွဲ့သည် မင်းသား လီရှင်း ရောက်ရှိလာပြီးမှ တော်လှန်ရေးတပ်သားအင်အား လျင်မြန်စွာ တိုးပွားလာရာ ယခင်အခြေအနေထက်နှစ်ဆခန့် တိုးတက်များပြားလာ၏။

မင်းသား လီရှင်း၏ အကြံပေးချက်များအရ အသစ်ဝင်ရောက်လာသော လူငယ်လူရွယ်များအား သိုင်းသင်တန်း ပို့ချသင်ပေးသည်။

သူကိုယ်တိုင်လည်း ဓားနှစ်လက်ထံ တပည့်ခံလျက် သင်ယူ၏။



ဓားနှစ်လက် ချင်းယိုမှာ မင်းသား ရောက်လာမှ သူ၏ အဖွဲ့အင်အား တိုးတက်များပြားလာပြီး အဖွဲ့တစ်ခု ပီသလာသည့်အတွက် ကျေနပ်ဝမ်းသာနေသည်။

ထို့ကြောင့် စိတ်မှာလည်းတက်ကြွကာ သိုင်းသင်တန်းမှာလည်း အပိုင်နိုင်ခံ၍ တယ်တက်ကြွကြွ စေတနာပါပါ သင်ကြားပေး၏။

“သင်တန်းမှာ အပင်ပန်းခံပြီး ချွေးထွက်များပါမှ တိုက်ပွဲမှာ သွေးထွက်နည်းပြီး အသက်ရှင်ကျန်နိုင်မယ် တပည့်တို့၊ ဒါကြောင့် အပင်ပန်းမကြီး လေ့ကျင့်ကြပါ၊ သွေးထွက်နည်းဖို့ ချွေးထွက်များပါစေလို့ ဆရာမြွှေဆို တိုက်တွန်းချင်တယ် ကွယ်...”

ထို့ပြင် သူတို့လှိုဏ်လေးမှာ မနက်တစ်ခေါက် ညနေတစ်ခေါက် သိုင်းသင်တန်းသားများ၏ မာန်လှိုင်း အောင်တစ်လေ ကျင့်နေကြသည့် အသံများနှင့်အတူ ဆူညံနေခဲ့တော့သည်။

မင်းသား လီရှင်းသည် နဂါးမာန် အဖွဲ့သားများအား ဆုံးမပြီးပါက မေးနှစ်သော ဓားနှစ်လက် ချင်းယိုမှ ဝေးကြည့်လျက် ကြည်နူးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်လည်း ဆရာကြီး ချင်းယုံ၏ ခေါ်နှစ်လက်သိုင်းကို ပြင်းထန်စွာ လေ့ကျင့်လျက်ရှိ၏။

ထိုစဉ် လှိုဏ်ဝမှ ကင်းပုန်းအဖွဲ့သားတစ်ဦး လှိုဏ်ထဲသို့ ကတိုက်ကရိုက် ပြေးဆင်းလာသဖြင့် မင်းသားမှာ လေ့ကျင့်နေရာမှ ခေတ္တရပ်ထန့်လိုက်ပြီး ဆီးကြို မေးလိုက်သည်။

"ဘာဖြစ်လာတာလဲ သွေးသောက်ရဲ့"

"လှိုဏ်...လှိုဏ်...အပြင်ဘက်မှာ မန်ချူးတပ်စုတစ်စု တွေ့...တွေ့ရတယ် မင်းသား"

ကင်းပုန်းအဖွဲ့သားမှာ မောလှန်းသဖြင့် စကားကိုပင် ဖြောင့်ဖြောင့်တန်းတန်း မပြောနိုင်ခဲ့ချေ။ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောကြားနေ၏။

"ဟင်...မန်ချူးတွေ ဆိုပါလား ဆရာကြီး"

မန်ချူးဟူသောအသံကြားသည်နှင့် သိုင်းကွက်များ သင်ကြားပို့ချနေသည့် ဆရာကြီး ခေါ်နှစ်လက်က ရပ်တန့်လျက် လှည့်ကြည့်လိုက်သည်။

သူက ဝမ်းမြောက်သည့် အမူအရာနှင့် ပြန်လည်မေးမြန်းလာ၏။



"မန်ချူးတွေလှိုဏ်ကိုဦးတည်လာနေတာလား၊ သူတို့လမ်းကြောင်း သူတို့ သွားနေတာလားကွ"

"သူ...သူတို့ဘာသာ ခရီးသွားနေတဲ့ ဟန်ပါပဲ ဆရာကြီး..."

"ကျုပ်တို့အတွက် ချက်ကောင်းတစ်ခုပဲပါ မင်းသား"

"ကျွန်တော်တို့ ထွက်တိုက်ကြမလား ဆရာကြီး"

"ဟာ...ဒီလိုအခွင့်အရေးမျိုး ရရှိလို့ကတော့ မတိုက်ရင်မိုက်လို့သာ ဖြစ်မှာပေါ့ မင်းသားရေ၊ ကျုပ်နဂါးမာန်အဖွဲ့ရဲ့ ပွဲဦးထွက် တိုက်ပွဲတစ်ခု ဆင်နွှဲဖို့ အဆင်သင့် ပြင်ကြပေတော့ပေါ့"

"ကောင်းပါပြီ ဆရာကြီး"

အဖွဲ့သားများသည် တိုက်ပွဲတစ်ခု ဆင်နွှဲရမည်ဆိုသဖြင့် အလွန်ပျော်ရွှင် မြူးသွားကြပြီး...

တိုက်ပွဲဝင်ရန် အလျင်အမြန် ပြင်ဆင်ကြလေတော့သည်။

သူတို့က အဖွဲ့အမှတ်အသား ဝတ်စုံကို လျင်မြန်စွာ ဝတ်ဆင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်နက်များ ထားရှိရာ နေရာတစ်ခုထံသို့ လျှင်မြန်စွာ ရောက်ရှိသွားပြီး လက်နက်ကိုယ်စီ ဆွဲယူကိုင်ဆောင်ထားကြလေသည်။

“ဟေ့…ရန်သူကို လျှိုအမြင့်မှာ သွားရောက်တိုက်ခိုက်ကြမယ်၊ အားလုံးသတိဝီရိယ ရှိကြပါစေ”

မာန်တီခနသည့် နဂါးရုပ်ပါရှိသည့် အဖွဲ့ဝတ်စုံများနှင့် အဖွဲ့သားများမှာ ဓားများ၊ လှံများ၊ လေးမြားများ ကိုင်ဆောင်လျက် တက်ကြွနေကြသည်။

“တို့များရဲ့တိုက်ပွဲဦးမကျိုးအောင်စနစ်တကျ စည်းကမ်းတကျ အောင်ပွဲကို ရယူကြမယ်ဟေ့၊ ငါ့ဆီက အမိန့်မရချင်း ဘယ်သူမှ စတင်ပြီး ထွက်မတိုက်ရဘူး၊ ကြားကြလား တွ…”

“ကြားပါတယ် ဆရာကြီး”

“ဟဲ…ဒါဖြင့် ခြေသံလုံလုံနဲ့တိတ်တိတ်ဆိတ်ဆိတ်‘လျှိုမြင့်ထွက်ကြ”

ဓားနှစ်လက် ချင်းယှဉ်နှင့် မင်းသား လီရှင်းတို့ ဦးဆောင်ပြီး လျှိုဝသို့ ထွက်လာခဲ့ကြသည်။



ကင်းပုန်းအဖွဲ့သားနှင့်အတူ ဓားနှစ်လက်နှင့်မင်းသားတို့ ချောင်းမြောင်းကြည့်နေကြသည်။

မန်ချူးရဲမက် အယောက်နှစ်ဆယ်ခန့်သည် တောလမ်းတစ်လျှောက် ခြေကျမှန်စွာနှင့် မြင်းများကို စီးနင်းလာနေကြသည်။

ရှေ့ဆုံးမှ ဦးဆောင်စီးနင်းလာသော မြင်းစီးပုဂ္ဂိုလ်ကို မြင်တွေ့လိုက်ရသည်နှင့် ဓားနှစ်လက်ချင်းယှဉ်၏ မျက်နှာမှာ ဝင်းထိန်တောက်ပသွားခဲ့၏။

“ဟား…ကျုပ်တို့အဖွဲ့ရဲ့ နိမိတ်ကောင်းပဲဟေ့၊ မန်ချူး နယ်စားကြီး ချူရှန်လန်းကိုယ်တိုင် လိုက်ပါလာခဲ့တဲ့ ရန်သူအုပ်စုပဲကွ”

“ဟင်…ဒါဆိုရင် ကျွန်တော်တို့ နဂါးမာန် အဖွဲ့ရဲ့ တိုက်ခိုက်ရည် စွမ်းရည်ကို ကောင်းကောင်း ပြရတော့မှာပေါ့”

မင်းသားလီရှင်းက ဝမ်းသာအားရ ကြုံးဝါးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်…

အဖွဲ့သားများသည် သူတို့၏လူစုကို လေးစုခွဲချလိုက်ကာ မန်ချူးတို့အား လုံးဝလွတ်မြောက်မသွားစေရန် ရှေ့မှကြို စောင့်ဆိုင်းနေကြလေတော့သည်။

သို့ဖြင့်…

မန်ချူးမြင်းစီးရဲမက်များသည် သူတို့နှင့် မလှမ်းမကမ်း အနီးသို့ ရောက်ရှိလာကြသည်။

မန်ချူးတို့အား နဂါးမာန်အဖွဲ့က ရှေ့တည့်တည့်မှလည်း ကောင်း၊ ဘေးဘက်မှလည်းကောင်း၊ နောက်ဘက်မှလည်း ကောင်း ဝိုင်းဝန်းပိတ်ဆို့ထားခဲ့ကြပေပြီ။

တဖြည်းဖြည်းနှင့် မန်ချူးတို့ လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာသည်။

နဂါးမာန်အဖွဲ့ တပ်သားသစ်လေးများမှာ တဒိန်းဒိန်းနှင့် ရင်ခုန်နေခဲ့ကြ၏။

ထိုစဉ်…

ခါးနှစ်လက်ချင်းယှဉ်၏ ကျယ်လောင်သော အမိန့်ပေးသံ ကြီးက ပေါ်ထွက်လာခဲ့တော့သည်။



"မန်ချူးတွေကို တိုက်ပေ"

"ဟေး…ဟေး"

"ဟေး…ဖေး"

"တိုက်ပေ…ဘိုက်ကြ"

မန်ချူး ရဲမက်များမှာ ရုတ်တရက် ကျယ်လောင်သော အမိန့်ပေးသံကြီးကြားရကာ လေးဖက်လေးတန်မှ မာန်ဆွဲ၍ အော်ဟစ်လျက် ရန်သူများ ပြေးဝင်လာသည်ကို တွေ့ရလေ သည်။

"ဟေ့ ရန်သူ…သူပုန်တွေ"

"သတိထားကြကွ"

"ရှေ့ကိုဖောက်ထွက်"

မန်ချူးနယ်စားကြီး ချူရှန်လုန်းသည် ဖတ်ခနဲ့တျင်တွဲ ထဲခတ်လိုက်ရာ ရန်သူများ ဖတ်ပတ်ရသည့် ဝန်းရံချဉ်းကပ် ကြသည်ကို တွေ့ရသဖြင့် ရင်ထဲ ထိတ်သွားမိသည်။

ရန်သူအင်အားမှာ သူတို့မန်ချူးများထက် လေးငါးဆ များပြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် သူက အောင်ဟစ်အမိန့်ပေးပြီး ရှေ့တူရူသို့ တိုးဖောက်ထွက်ရန် မြင်းကို ဒုန်းစိုင်းနှင်လိုက်လေတော့သည်။

"ယာ:"

"တိန်း"

"ခွပ်ခွပ်...ခွပ်ခွပ်"

"နယ်ချဲ့မန်ချူးတွေကိုသတ်ဟေ့"

ရှေ့မှ မနောက်မှ ဝဲယာနှစ်ဖက်မှ ရန်သူများကလည်း တရကြမ်းအော်ဟစ်ပြေးလွှားလာကြလေပြီ။

သူတို့ကား မြေခွေးများအလယ် ပိတ်မိနေခဲ့သောသားကောင်များသဖွယ် ထွက်ပေါက်မဲ့နေခဲ့ကြပြီး ဖြစ်သည်။

မည်သို့ဖြစ်စေ....

ဝင်ရောက်တိုက်ခိုက်လာသည့် တော်လှန်ရေးသူပုန်များအား ပြန်လည်ခုခံရမည်သာ။

ရှီအန်းနယ်စားသည် ဓားပြားကြီးကို ဝှေ့ယမ်းလျက် ရှေ့တူရူမှ မန်ချူးဆန့်ကျင်ရေးသမား သူပုန်များအား ထိုးခုတ် တိုက်ခိုက်သွားလေသည်။



"ဟိတ်"

"သေစမ်းကွ"

"ဝှစ်...ဝှစ်"

"ထန်း...ထန်း"

"ရှပ်...ရှပ်"

"ချွမ်း....ချွမ်း"

ဓားချင်းသိုခတ်သံများမှာ တစ်ဖြိုင်နက် ထွက်ပေါ်လာကြပြီ ဖြစ်၏။

အရပ်လေးမျက်နှာမှ ရန်သူအင်အားများသည် သူတို့မန်ချူးရဲမက် နှစ်ဆယ်ခန့်မျှအား ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်နေကြလေပြီကောလား။

နယ်စားကြီး၏ လက်ရွေးစင်ဓားသမားများမှာ တော်လှန်ရေး သူပုန်များ၏ ယက်ချက်နှင့် တစ်ဦးပြီးတစ်ဦး မြင်းပေါ်မှ ထိုးကျနေခဲ့ကြပေပြီ။

"မန်ချူးတွေ တစ်ကောင်မှ မလွတ်စေနဲ့ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



နွားတ်ခမ်းမွေးကားကား ခန္ဓာထွားထွားနှင့် ဓားကြီးကို ဆွဲ့ယမ်းလျက် ရင်ဘတ်၌ မာန်ဖိနေသော နဂါးတစ်ကောင် ရုပ် ရေးထိုးထားသည့်သိုင်းသမားကြီးကကြုံးဝါးလိုက်သည့် ကို တွေ့ရသည်။

"ဝှစ်...ဝှစ်"

"အ...အ..."

"ရှပ်...ရှပ်..."

"အ..."

ထိုသိုင်းသမားကြီး၏ ဓားနှစ်လက်ဟာ သူ့ရဲ့မက်နှစ်ဦး၏ အသက်နှစ်အက်ကို ယူထုတ်သွားသည်ကိုလည်း နာကြည်း ဖွယ် မြင်လိုက်ရသည်။

"မိစ္ဆာကောင် မန်ချူးနယ်ချဲ့တွေ သေကြစမ်း"

ရုပ်ရည်ချောချော ဗလကောင်းကောင်းနှင့် လူရွယ်တစ် ဦးကလည်း အသွားထက်ထက် ဓားတစ်လက်နှင့် သိုးခုတ် နေရင်း နှုတ်မှ သူတို့မန်ချူးများကို မုန်းတီးစွာ အရွှတ် နေခဲ့သည်။



"ဗွိုး"

"ဖြောင်း"

"ဝှစ်"

"ဖောင်း"

"အား"

ရှိအမ်းနယ်စားကြီးသည် ဘော်လှုံ့ရေးသမား သူ့ပုန် နှစ်ဦးအား ဘယ်ညာဝိုက်ဓားချက်များနှင့် သုတ်သင် ရှင်း လင်းပြီး မြင်းကြီးအား ရှေ့သို့ တရကြမ်းစိုင်းနှင်ရင်း ထိုး ဖောက် ဝင်ရောက်သွားတော့သည်။

"ယွား"

"ဝှစ်...ဝှစ်"

"အီး...အီး"

"ရှပ်...ရှပ်"

"အ...အ"

သူက ကွန်ချာဓားကွက်အား ဖန်တီးလျက် သူပုန် ဓား သမားများ ဝိုက်ဆို့ထားသည့်ကြားမှ ဖောက်ထွက်လေရာ

www.burmeseclassic.com

www.burmeseclassic.com



ဓားချင်းထိသံများ တရစပ် ပေါ်ထွက်လာကာ သူပုန်ဓား သမားတို့ အပြိုပြို အလဲလဲ ဖြစ်လျက် ကျန်ရစ်ခဲ့ကြသည်။

မန်ချူးတစ်ဦး ဖောက်ထွက် လွတ်မြောက်သွားသည်ကို မြင်တွေ့လိုက်ရသော အခြား တစ်ဖက်ရောက် မင်းသား လီရှင်းသည် အနီးရှိ သခင်မဲ့ မန်ချူးမြင်းတစ်စီး၏ ကျော ထက်သို့ လွှားခနဲ ခုန်တက်၍ နောက်မှထက်ကြပ်မကွာ လိုက် လွှားရန် ကြိုးစားခဲ့လေသည်။

"ဟိုင်း"

"ဖြန်း"

မန်ချူးမြင်းကြီးကား ၎င်း၏တင်ပါးအစား ဓားပြားနှင့် အရိုက်ခံရခြင်းကြောင့် လန့်ဖျပ်ပြီး ခြေကုန်သုတ်ပြေးနှင်လေ သည်။

"မင်းသား၊ မလိုက်နဲ့"

ကျယ်လောင်စွာ ထွက်ပေါ်လာသောအသံကြောင့် ဒုန်း စိုင်း ပြေးနှင်နေသည့် မြင်း၏ဇက်ကြိုးအား မင်းသားက ဆောင့်ဆွဲလိုက်မိသည်။

နောက်ကို လည်ပြန်လှည့်ကြည့်လိုက်၏။



"မလိုက်သွားပါနဲ့မင်းသား၊ ပြန်လှည့်ခဲ့ပါ"

နှုတ်ခမ်းမွေးကြီးတို့ လက်တစ်ဖက်ကသပ်လျက်လက်ယပ် ခေါ်နေသော ဓားနှစ်လက်ချင်းယုံအား မင်းသား လီရှင်း တွေ့မြင်ရလေသည်။

သူက မြင်းတို့ပြန်လှည့်စီးနင်းလာခဲ့၏။

ဓားနှစ်လက် ရှေ့သို့ ရောက်လာသောအခါ...

"လွတ်သွားတဲ့ မန်ချူးက ဓားချက်တွေကောင်းလှတယ် မင်းသားရဲ့၊ ခုနေမှာ ကိုယ့်ဘက်ကအနိုင်ရလိုက်လို့ မုဆိုး ဖြစ်နေပေမယ့် မန်ချူးနဲ့ တစ်ဦးချင်း ရင်ဆိုင်ရတဲ့အခါ ကိုယ်က သားကောင်ဖြစ်ချင်ဖြစ်သွားနိုင်တယ် မင်းသား၊ ဒီလို အရေးတော်ပုံကြီး မအောင်မြင်သေးခင် ကာလမှာ မင်းသားလိုလူတစ်ဦးဟာ မန်ချူးတစ်ကောင်နဲ့ ဗိုက်မိုက်မဲမဲ လဲသင့်ဘူးလေ"

"ကျွန်တော်က လွတ်သွားတဲ့ မန်ချူးကြောင့် တစ်ဖွဲ့လုံး အန္တရာယ်ကျရောက်မှာစိုးလို့ပါ ဓားနှစ်လက်"

"ကျုပ် သဘောပေါက်ပါတယ် မင်းသားရယ်၊ လွတ် သွားတဲ့ မန်ချူးတစ်ကောင်ကြောင့် နောက်ထပ် ခင်အား

www.burmeseclassic.com



များစွာနဲ့ မန်ချူးတွေ လာရောက်တိုက်ခိုက်မှုကို ခံရမှာစိုး လို့ဆိုတာ ကျုပ်ရိပ်မိပါတယ်၊ အဲဒီအန္တရာယ်ကို ရှောင် တိမ်းဖို့ရာ ကျုပ်တို့မှာ အလွန်လွယ်ကူတဲ့ မြောက်ချားမှု ဟာတွေ များစွာရှိပါတယ် မင်းသား၊ ကျုပ်တို့ နဂါးမာ တွေ ကိုယ်ယောင်ဖျောက်ထားလို့ ရပါတယ်၊ တကယ်လို့ အခွင့်ထပ်မရသေးရင် နောက်တစ်ကြိမ် တိုက်ပွဲဆင်နွှဲနိုင် သေးတာပေါ့....

"ဟဲ...ဟဲ၊ ခုလောလောကတော့ စိတ်မပူပါနဲ့မင်းသား ကျုပ်တို့ဟာ ဘယ်သူတွေလဲဆိုတာ ဒီမန်ချူးတွေ သိသွားပါ ပြီ၊ ရှိအန်းမှာ နဂါးမာန်ဆိုတဲ့ အသံ စည်သွားမှာ မသေချာ တယ်၊ ပွဲဦးမှာ ကျုပ်တို့ အောင်ပွဲရလို့ မင်းမြောက်ဝမ်း သာနေပါ မင်းသားရယ်၊ ဟား...ဟား"

နဂုံးချုပ် ဝရင်းရှင်းအဖြေထုတ်လိုက်တော့ သူတို့နဂါး မာန် အဖွဲ့သားနှစ်ဦးမှာ ဒဏ်ရာရခဲ့သည့်ကလွဲ၍ အကျအဆုံး မရှိ။

ရန်သူမာန်ချူးများမှာ ဆယ့်ကိုးယောက်တိတိ သေဆုံး ပြီး အလောင်းကျန်ရစ်ခဲ့သည်။

ထို့ကြောင့်....



ဤတိုက်ပွဲကား သူတို့ နဂါးမာန်အဖွဲ့၏ လုံးဝအောင်ပွဲ ခံသော တိုက်ပွဲတစ်ပွဲဟု သတ်မှတ်နိုင်ပေ၏။

မန်ချူးတို့၏ထံမှ လက်နက်များ၊ လူသုံးပစ္စည်းများနှင့် စီးမြင်းများ ရရှိလိုက်ကြသည့်ပြင် တန်ဖိုးမဖြတ်နိုင်သည့် တိုက်ပွဲအတွေ့အကြုံများလည်း ရရှိလိုက်သည် မဟုတ်ပါ လား။

သို့ဖြင့်....

ထိုညက အောင်ပွဲအထိမ်းအမှတ်နှင့် ကျိုးတွင်း၌ နဂါး မာန်တို့ မီးပုံပွဲကျင်းပလျက် သောက်စားပွဲ မြူးလှုပ်ခဲ့၏။

အတိကာင်သားအား မန်ချူးတို့၏ အသားအမှတ်နှင့် အရက်ဖြင့်မြည်းကာ ပျော်ရွှင်စွာ ကခုန်မြူးထူးလျက် ညကို ကုန်ဆုံးခဲ့ကြစေတော့သည်။

ခေါင်းဆောင်ကြီး ဓားနှစ်လက်ဆွင်ယုံနှင့် မင်းသား လေး လီရှင်းတို့နှစ်ဦးကား အဖွဲ့သားများ၏ ပျော်ရွှင်မှုများ ကို ကြည့်ရှုလျက်ကြည်နူးနေမိကြလေသည်။

နဂါးတို့ မြူးနေခဲ့ကြလေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

### ရှိအန်းနယ်စား၏ ကြုံဝါးလုံ

ရှိအန်းနယ်စားကြီးသည် စီယန့်သို့ ပြန်လည်ရောက်ရှိသွားပြီး အလွန် ဒေါသဖြစ်လျက်ရှိလေသည်။

သူ၏စံအိမ်စောင့် ရဲမက်ဗိုလ်က စံအိမ်သို့ တစ်ဦးတည်း ပြန်လည်ရောက်ရှိလာသော နယ်စားကြီးကို အံ့အားသင့်စွာ ကြည့်ရှုရင်း မေးမြန်းလိုက်မိ၏။

"သခင်ကြီး၊ ရဲမက်တွေလဲ ပါမလာပါလား"

"ဟိတ်...တိတ်စမ်း"



စံအိမ်စောင့် ရဲမက်ဗိုလ်မှာ ဓါးစပ်ပိတ်လျက် ဝင်းတံခါးကိုသာလျှင် အမြန်ဆုံး ဖွင့်ပေးလိုက်ရသည်။

နယ်စားသည် တော်လှန်ရေး သူပုန်များ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံရလျက် ခွေးပြေး ဝက်ပြေး ထွက်ပြေးလာရသည်ကို အလွန်ရှက်နေမိတော့သည်။

"တောက်"

သူက စံအိမ်သို့ရောက်သောအခါ တစ်ဦးတည်း ဒေါ်ပွလျက် တက်တစ်ခေါက်ခေါက်ရှိနေရာ စံအိမ် အမှုထမ်းများမှာ အနားမကပ်ဝံ့ကြဘဲ ခပ်လှမ်းလှမ်းမှသာ အရိပ်အခြည်ကို အကဲခတ်လျက်ရှိကြသည်။

နယ်စားကြီးကား စကြံ လူးလာတုံ့ ခေါက်လျှောက်၍ မျက်မှောင်ကြီးကြုတ်လျက် တစ်စုံတစ်ရာအား စဉ်းစား၍တွေးတောနေဟန်ရှိ၏။

ထိုစဉ်—

ခြေမြန်ရဲမက်သားတစ်ဦး သူ၏ရှေ့မှောက်သို့ ရောက်ရှိလာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"တဲ... ဆိုစမ်းပါဟ၊ ဘာထူးခြားတာတွေ့ခဲ့လဲကွ"

"ကျွန်တော်တို့ သခင်ကြီးအမိန့်ပေးတဲ့အတိုင်း မြောက်စူးစူးကို လိုက်သွားတဲ့အခါ ကျောက်တစ်လုံး တောင်တောင်လှန့်ရေးသူပုန်တွေဟာ သေတ္တာနက်ကြီးတစ်လုံးယမ်းပြီး မပြန်လမ်း တောင်တန်းဆီ တက်သွားခဲ့ကြပါတယ်၊ အဲဒီတောင်တန်းဟာ အတက်သာရှိပြီး အဆင်းလမ်း မရှိတဲ့ တောင်တန်းတစ်ခု ဖြစ်ပါတယ်၊ သခင်ကြီး နတ်ဘွေ့ သရဲအစွေ့တွေ ပေါများလှတယ်လို့ သတင်းကြီးတဲ့ တောင်တန်းဖြစ်ပါတယ်၊ ကျွန်တော်လဲ ဆက်မလိုက်ဝံ့တော့ဘဲ အဲဒီတောင်တန်းရဲ့ တောင်ခြေကပဲ ပြန်လှည့်ခဲ့ပါတယ်"

"ဒါပဲလားကွ"

"မှန်ပါတယ် သခင်ကြီး"

"ဒါဖြင့် သွားတော့"

သို့ဖြင့် ခြေမြန်ရဲမက်မှာ စံအိမ်တွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားခဲ့လေတော့သည်။

နယ်စားကြီး ချူရှန်လန်းသည် ခြေမြန်ရဲမက်ပြောကြားခဲ့သော မပြန်လမ်း တောင်တန်းအကြောင်းကို ဆက်လက်စဉ်းစား တွေးတောနေခဲ့ပြန်သည်။



ထိုမပြန်လမ်း တောင်တန်းပေါ်သို့ ကျောက်တစ်လုံးခန်းမှ သူပုန်များ အဘယ်ကြောင့် သေတ္တာနက်ကြီး တစ်လုံး သယ်ဆောင်လျက်သွားကြသနည်း။

ထိုသေတ္တာနက်ကြီးအတွင်း၌ မည်သည့်အရာများ သယ်သွားခဲ့သနည်း။

စဉ်းစားစရာတွေ များစွာပေါ်လာအံ။

ကျောက်တစ်လုံးဒေသနှင့် ထိုမပြန်လမ်း တောင်တန်းသား တစ်စုံတစ်ရာ ဆက်သွယ်မှု ရှိနေမည်မှာ သေချာလှ၏။

ဤမပြန်လမ်းတောင်တန်းမည်သည် ကျောက်တစ်လုံးခန်းကဲ့သို့ တော်လှန်ရေးသူပုန်များ ခိုအောင်း စခန်းချနေခဲ့သည်လား။

ထိုမြောက်ဘက် တောင်တန်းများဘက်မှ မရဏကျောပွတ်ယ်၏ မဟူရာ ကြောင်နက် ဂိုဏ်းသားတို့ ထွက်ပေါ်လာတတ်သည်ဟူ သတင်းရရှိဖူးရာ ဤမပြန်လမ်း တောင်တန်းနှင့် ဆက်စပ်ကြည့်လိုက်သောအခါ ကျောက်တစ်လုံးနှင့် မရဏကျောပွတ်ယ်တို့ ဆက်သွယ်နေခဲ့သည်ဟု ယူဆ၍ နေသသည်။

www.burmeseclassic.com



သူ တစ်ပိုတစ်ခုအား တစ်ချက်ခုတ် နှစ်ချက်ပြတ် စဉ်းစားတွေးကြံမိပြီး ဆုံးဖြတ်ချက် ချလိုက်မိတော့သည်။

"ဟေ့...ရဲမက်တစ်ယောက် လာစမ်း"

စံအိမ်လုံခြုံရေး ရဲမက်တစ်ဦး လျင်မြန်စွာ သူ၏အနီးသို့ ရောက်ရှိလာခဲ့သည်။

"အမိန့်ရှိပါ သခင်ကြီး"

"တိုက်ခိုက်ရေးရဲမက် အင်အားတစ်ရာ လက်ရွေးစင် ရွေးချယ်ထားပါလို့ တိုက်ခိုက်ရေးတပ်မှူးကို အကြောင်းသွားကြားပေးစမ်း၊ မနက် ဝေလီဝေလင်း ခရီးထွက်မယ်၊ အဆင်သင့်ပြင်ထားလို့လဲ ပြောလိုက်၊ ကြားလားဟေ့"

"ကောင်းပါပြီ သခင်ကြီး"

စံအိမ်လုံခြုံရေးရဲမက် လျင်မြန်စွာ ထွက်ခွာသွားခဲ့၏။

"တောက်...တွေ့ကြပြီပေါ့နဂါးမာန်တွေ၊ မင်းတို့ကပဲ မာန်နိုင်မလား၊ ငါတို့ မန်ချူးတွေကပဲနိုင်မလား၊ ကြည့်ကြသေးတာပေါ့ကွာ"

နယ်စားကြီးသည် သူ၏ အိပ်ခန်းတွင်းမှ သေတ္တာနက် တစ်လုံးကို ထုတ်ယူလိုက်၏။



ထိုနောက် ထိုသေတ္တာနက်ကို ဖွင့်လိုက်သည်။

သေတ္တာတွင်း၌ ဓေါက်ဓားအရွယ်စုံတို့ သူ့နေရာနှင့်သူ တပ်လျက်ရှိသည်။

ဓားသွားများကား တောက်ပြောင်လင်းလက် ထက်မြက်နေကြ၏။

သူ၏မျက်နှာဝယ် ဒေါသများ၊ မခံချင်မှုများ၊ နာကြည်းမှုများဖြင့် ရောထွေးလျက် တင်းမာခက်ထန်နေခဲ့သည်။

"သူပုန်တွေ၊ ဒီတစ်ခါတော့ ငါ့ရဲ့အကြောင်းကို ပြရသေးတာပေါ့ကွာ"

သူက တစ်ဦးတည်း ရေရွတ်ရင်း ဓားတစ်ချောင်းကို ကောက်ပစ်လိုက်ရာ...

တိရစ္ဆာန်များ၏အမည်ရှိ ပန်းချီကားထဲမှ တစ်ဖက်ကျန်နေသော ကြောင်မျက်လုံးတစ်လုံးအား သွားရောက် စိုက်ဝင်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

### နဂါးမာန် သေးမြွေးတစ်ဖွဲ့နှင့် မန်ချူးများ

ရှိအန္ဒီးနယ်စားသည် သူ၏ မန်ချူးတိုက်ခိုက်ရေး လက်ရွေးစင် ရဲမက်များအား ဦးဆောင်လျက် နဂါးမာန်အဖွဲ့နှင့် တိုက်ပွဲဖြစ်ရာအရပ်သို့ ဒုတိယအကြိမ် ထွက်ခွာလာခဲ့လေသည်။

သူက နဂါးမာန်တို့ ထိုဒေသတွင်း၌ ရှိနိုင်သည်ဟု ယူဆသည်။

သူတို့အား မြင်သည်နှင့် မုဆိုးအကြိမ်ကကဲ့သို့ပင် ထွက်၍ တိုက်လာကြမည်ဟု မျှော်လင့်ထားသည်။



အကယ်၍ မတိုက်လာပါကလည်း ထို ဒေသတစ်ဝိုက်သောနှင်းရှာဖွေ မြေမှုန်းမည်ဟု ဆုံးဖြတ်ထားခဲ့၏။

တကယ်တော့ ယင်းဒေသကား တောင်တန်းများ၊ တောချုံများ၊ လျှိုမြောင်များ ပေါကြွယ်လှသော ဒေသတစ်ခုဖြစ်သည်။

စိမ်းကဲ့သို့သော မြို့ပြနှင့် ဝေးလံလှသည့်အပြင် ကျေးလက်တောရွာများသည်လည်း ခပ်လှမ်းလှမ်းခပ်ဝေးဝေးမှသာ တည်ရှိကြသဖြင့် သီးခြားဆန်လှသော အရပ်ဒေသဖြစ်၏။

ကြည့်လိုက်တိုင်း စိမ်းမြသောသစ်ပင်ကြီးငယ်များ ထူပိန်းနေသော တောင်ခါးများ တမှောင်မှောင်နှင့် ညိုမှိုင်းနေသော တောများ၊ လျှိုကြီးများ၊ မြောင်ကြီးများသာလျှင် နက်ရှိုင်းစွာ ရှိနေကြသည်။

စက်ဝန်းကျင်မှ သားရဲတိရစ္ဆာန်များနှင့် သားကောင်များ၏ အော်ဟစ်မာန်ဖီသံ၊ ကျေးငှက်တို့၏ တွန်ကျူးသံတို့သာလျှင် ကြားနေရသည်။

မကြာခဏ သစ်ပင်ထက်မှ လှုပ်ရှားသံများ ကြားတတ်ပြင် ရန်သူအမှတ်နှင့် ထိတ်လန့်ရသည်မှာလည်း အကြိမ်ကြိမ်။

www.burmeseclassic.com



သူတို့ရဲမက်များ၏အလန့်တကြားဖြစ်မှုများအား သစ်ပင်ပေါ်မှ မျောက်များ၏ တခွီးခွီး အော်သံများက ကျီစယ်သလိုပင် ဖြစ်နေတော့သည်။

တိုက်ခိုက်ရေး လက်ရွေးစင်တပ်မှူး ချွန်းပူးက မမျိုသိပ်နိုင်တော့ဘဲ နယ်စားကြီးအား မဝံ့မရဲ မေးမြန်းလိုက်မိလေသည်။

"သခင်ကြီး၊ လူသူအရိပ်အယောင်လဲ မတွေ့ရပါလား ခင်ဗျာ၊ ကျွန်တော်တို့ အသားရဲတိရစ္ဆာန်တွေနဲ့ပဲ တိုက်ခိုက်ရမယ့်ပုံ ဖြစ်နေပြီ"

"မင်းဗါးစပ် ပိတ်ထားစမ်း ချွန်းပူး"

သူ၏ ဒေါသဖြစ်စွာ အော်ဟစ် ငေါက်ငမ်း လိုက်ရာ အတော်လေး ကျယ်လောင်သွားသောကြောင့်....

"ခွီး...ခွီး...ခွီး...ခွီး"

သစ်ပင်များပေါ်မှ မျောက်များကလည်း တခွီးခွီးနှင့် ငြသံပေး တုံ့ပြန်အော်ဟစ်ကြကုန်ရာ ပတ်ဝန်းကျင် တစ်ခွင်လုံး ဆူညံသွားရလေတော့သည်။



တကယ်တော့ နဂါးမာန် တော်လှန်ရေးသမားများက မန်ချူးတို့၏ တိုက်ခိုက်ရေး ရဲမက်တပ်ဖွဲ့ ဤဒေသသို့ ဝင်ရောက်လာကတည်းက ကြိုတင်သိရှိပြီး ဖြစ်ကြသည်။

အင်အားများစွာနှင့် လက်နက်ကိရိယာ တိုင်ဆောင်ကာ တိုက်ပွဲဝင်ရန် သတိကြီးစွာထားလျက် ရောက်လာကြသော နယ်စား၏ လက်ရွေးစင်တပ်မှန်း ရိပ်မိသိရှိခဲ့ကြသည်။

မင်းသားလီရှင်းနှင့် ခေါင်းဆောင်ကြီး မားနှစ်လက်တီချင်းယုံတို့က လုံခြုံသိပ်သည်းသောတစ်နေရာမှ စောင့်ကြည့်လျက် တိုင်ပင်နေကြလေသည်။

"သူတို့က တိုက်ပွဲဝင်ဖို့ပြင်ဆင်ပြီး ထွက်လာကြတာလေ၊ တဲ...တဲ...တကယ့် လက်ရွေးစင်တွေကို ခေါ်လာတာကြည့်တော့ မင်းသားရေ၊ ပထမအကြိမ် အလူးအလဲ ခံလိုက်ရတာကို မကျေမချမ်း ဖြစ်သွားပုံရတယ်၊ ကျုပ်တို့လူတွေက အတွေ့အကြုံမှာ အရမ်းနုကြသေးတယ်၊ လေ့ကျင့်မှုကလဲ နည်းရှိသေးတာမှတ်လို့...."

"ဒီလိုဆိုတော့ တစ်ယောက်ချင်းမလဲနိုင်ဘူး၊ သူတို့နောက်မှာက အသေခံ မန်ချူးတွေက လေ့ကျင့်ပြီးသားတပ်တစ်ပုံ တစ်ခေါင်းကြီး ရှိသေးတာကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျုပ်တို့သူတို့ကို တိုက်တော့ဘူးပေါ့ ဟုတ်လား ဓားနှစ်လက်"

"ဒီလိုတော့လဲ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်းပါးစပ်ထဲ ရောက်လာတဲ့သားကောင်တွေကတော့ ဒီတိုင်းလွှတ်ထားလို့ မဖြစ်ဘူး မင်းသားရဲ့"

"ဘယ်လိုတိုက်မှာလဲ ဓားနှစ်လက်ရဲ့၊ ရှင်းပြစမ်းပါဦး"

ဓားနှစ်လက် ချင်းယုံက မင်းသားလီရှင်းအား ပြုံး၍ ကြည့်ပြီး....

"သူတို့မှာ ဘာချွတ်ယွင်းချက်ရှိလဲ၊ မင်းသား မြင်ရဲ့လား"

မင်းသားလီရှင်းက နှယ်ဓားအေ လက်ရွေးစင် တိုက်ခိုက်ရေးသမားများကို မျက်မှောင်ကုတ်လျက် သေချာစွာ သတိထားကြည့်၏။

"အင်အားကလဲ များပြားတယ်၊ ဓားသမားတိုင်းကလဲ အရည်အချင်းသွေးမိကြတယ်၊ နောက်ပြီး လက်နက်ဓားလုံတွေကလဲ ကိုယ်စီနဲ့၊ အဲ...ပြီးတော့ ရန်သူကို သတိထားစောင့်မျှော်ပြီး ရင်ဆိုင်ဖို့ ချီတက်လာကြတာဆိုတော့...."



"သူတို့မှာ တိုက်ပွဲဝင်ရန် အဆင်သင့် အနေအထားနဲ့ ဖြစ်နေကြတယ်၊ ဘယ်လိုအခြေအနေကိုဖြစ်ဖြစ် ချက်ချင်း ပြန်လည်တုံ့ပြန်ဖို့ အသင့်ရှိပုံပဲ ဓားနှစ်လက်ရဲ့၊ ဘာ ချွတ်ယွင်းချက်မှ မတွေ့ပါဘူး ပြည့်စုံကြတယ်"

"တဲ...ဟဲ၊ အဲဒါပေါ့ပဲ၊ အတွေ့အကြုံ သင်ခန်းစာဆိုတာ အသုံးဝင်တယ်လေ မင်းသား၊ သူတို့မှာ ရန်သူကို လက်တစ်ကမ်းကတိုက်ဖို့ လက်နက်တွေပဲ ပါတယ်၊ အဝေးပစ် လက်နက် ဘာတစ်ခုမှ မပါဘူးလေ"

"ဟုတ်အယ်ဗျို့၊ သူတို့မှာ မြားပစ်သမားတွေ ပါမလာဘူးပဲ"

"ကျုပ်တို့ သူတို့ရဲ့ အားနည်းချက်ကို တွေ့ထားပြီလေ၊ ဒီအားနည်းချက်ကိုပဲ နင်းပြီး တိုက်မှာပေါ့ကွယ်"

ထို့နောက်....

ဓားနှစ်လက် ချင်းယုံသည် နဝါးမာန်လေးသမားများအား စိမ်းရောင် ဝတ်စုံများအား ဝတ်ဆင်စေ၍ သစ်ပင်များ ထက် တက်ရောက်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးတို့လာရာလမ်း၌ နှစ်ဖက်ခွဲလျက် စောင့်ကြည့် ကြိုနှင့်၏။

မန်ချူးတို့ကား မြင်းများကိုအသားကျစီးလျက် ဖတ်ဝန်း ကျင် တောဘက်သို့ မျက်တောင်မခတ်ဘမ်း စူးစမ်းကြည့်ရှု ဝင်လာကြသည်။

ဓားနှစ်လက်က ဈေးမြားသမား တစ်ဦးအား မြား ဆယ်ချောင်းတို့ပဲ ဆုံဆောင်စေသည်။

တစ်ဖက် ဆယ်ယောက်စီနှင့် အယောက် နှစ်ဆယ် မြားဆုံ အချောင်းနှစ်ရာကိုသာ ပစ်ခတ်ခွင့် ပေးထား၏။

"မင်းတို့ လိုယ်ဆီမှာရထားတဲ့ ဆယ်ချောင်းကို ချောင်းသာ ထိအောင်ပစ်၊ တစ်ဦးလျှို မန်ချူးငါးယောက် မြားတံမှန်တယ်ဆိုရင် မင်းတို့အဖွဲ့က လူနှစ်ဆယ်ရှိတယ် မန်ချူးတွေ အကုန်လုံး ပြုတ်သွားနိုင်တယ်...

"ဟွတ်ပြီလား၊ မြားတံတစ်ချောင်းရဲ့ တန်ဖိုးက မန်ချူး အသက်တစ်ချောင်းနဲ့ တူညီရမယ်၊ မြားတံဆယ်ချောင်းပစ်ပြီ ကုန်သွားတာနဲ့ ကိုယ်ယောင်ဖျောက် လစ်စေတော့၊ ကြာ လာစေတာ"



"ကြားပေါ်တယ်ဆရာကြီး"

ဟုဖြင့် နဂါးမာန် မြားဖစ်အဖွဲ့သားများမှာ မန်ချူးပစ် မှတ်များအား အဆင်သင့်ပစ်ခတ်ရန် စောင့်ကြိုနေခဲ့ကြ လေသည်။

မန်ချူးတို့ကား ပစ်ကွင်းထဲသို့ ဝင်ရောက်လာခဲ့ကြပြီ...

"ပစ်..."

ဓားနှစ်လက် ချင်းယုံက အချက်ပေးသိုက်၏။

"ရှစ်..."

"ဝှစ်..."

မြားတံအစင်းနှစ်ဆယ်က တစ်ပြိုင်နက် ဖျားပိုတုန်းမျှား ညွှဲသို့ သစ်ပင်များကြားမှ ပြေးထွက်သွားကြသည်။

"ရှမ်း"

"ထန်း"

"ရန်သူတော"

မန်ချူးရဲ့မတ် ဆယ့်လိုးယောက်တိတိ မြားထိမှန်ကာ မြင်းပေါ်မှ မြေထက်သို့ ထိုးကျသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေ့နယ်စား ချူမှုန်လန်း တစ်ဦး သာလျှင် သူ့ထံပြေးဝင်လာသော မြားတံကို ဓားသွားနှင့် ခုတ်ထုတ်ဖယ်လိုက်နိုင်ခဲ့သည်။

မန်ချူးများက မြင်းများထက်မှခုန်ဆင်းကာသစ်ပင်များဆီသို့ ပြေးကပ်ကြသည်။

အချို့က မြင်းနှင့် အကွယ်အကာ လုပ်ထားကြ၏။

ပင်ကွင်းထဲမှလွတ်အောင် ရှောင်တိမ်းသွားကြသည်။

ဒုတိယ အကြိမ် မြားတံများ ပြေးထွက်သွားကြသော အခါ မန်ချူးများအား ပထမအကြိမ်လောက် ထိခိုက်မှုမရှိတော့ပေ။

လေးငါး ဆယ်ယောက်သာလျှင် မြင်းများထက်မှ ပြုတ်ကျသွားကြ၏။

မြားတံများကားတရစပ်ကျရောက်နေရာမန်ချူးများမှာ ပြန်လည် တိုက်ခိုက်ဖို့ထက် မြားတံ မထိမှန်နိုင်အောင်သာ အနိုင်နိုင် ရှောင်တိမ်း နေကြရတော့သည်။



နဂါးမောက်အဖွဲ့မှ လေးသမားတို့ကား သူတို့လက်ထဲရှိ မြားတံများအား မန်ချူးပစ်မှတ်များဆီသို့ အဆက်မပြတ် ပစ်ခတ်ပြီးသည်နှင့် အသီးသီး သစ်ပင်များပေါ်မှ ရွေ့ပြောင်းလျှော ခြေရာပျောက်သွားကြတော့၏။

"သစ်ပင်တွေပေါ်ကလာတယ်၊ သစ်ပင်အောက်ကို ပြေးကပ်ကြဟေ့"

နယ်စားကြီးက မြားတံလာရာကို တွေ့ရှိပြီး သူ၏ လူများအား တိုက်ခိုက်ရန် အမိန့်ပေးသံတစ်ခုဖြင့် မန်ချူးတို့ သစ်ပင်ကြီးများ၏ ပင်စည် ခြေရင်းများထံ ပြေးကပ်ကြသည်။

သို့ရာတွင်...

သူတို့သွားရောက် ဝင်ကပ်သော သစ်ပင်ထက်မှာ လေ ခတ်သံပင် မကြားအောင် တိတ်ဆိတ်ငြိမ်သက် နေခဲ့ကြလေသည်။

ထို့ကြောင့်...

မန်ချူးရဲမက်များက သစ်ပင်ပေါ် တက်ရောက်ရှာဖွေကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ နဂါးမာန် လေးသမားများမှာ ထိုနေရာ အနီးတစ်ဝိုက်တွင် တစ်ဦးတစ်ယောက်မျှ မရှိကြတော့ပါ ချေ။

နယ်စားကြီးသည် ရန်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ ရလေတော့ရာ အလွန်တရာဒေါသဖြစ်လျက်ရှိကြ၏။

သူ၏ ရဲမက်များမှာ မြားဒဏ်ချက်နှင့် တစ်ဝက်နီးပါးမျှ ဒဏ်ရာရ သေဆုံးကြရသည်။

သည်အတွက် မားတစ်ချက်မျှပင် မတွေ့ ယမ်းခဲ့ကြရချေ။

ရန်သူများ၏ မျက်နှာကိုလည်း တစ်ဦး တစ်ယောက် လေပင် မတွေ့ခဲ့ရပေ။

တော်လှန်ရေးသူပုန်များက ကြက်ပျောက် ငှက်ပျောက်။

"တောက်...."

သူက ခံပြင်းစွာ တက်ခေါက် လိုက်မိလေသည်။

ထိုနောက် ဒဏ်ရာရသူများအား မြင်းပေါ်သို့ ပြန်လည် တင်ဆောင်ကြကာ သေဆုံးသူများကိုမူ ကျင်းကြီးတစ်ခု တူး လျက် စုပြုံ မြှုပ်နှံသင်္ဂြိုဟ်လိုက်ရလေတော့သည်။



ပထမတွင် ချူရှန်လုန်းသည် ဤဒေသမှ တော်လှန်ရေး သူပုန်များကိုနှိမ်နင်းသုတ်သင်ပြီးနောက် ရှီအန်းမြောက်ပိုင်း မှ မပြန်လမ်း တောင်တန်းဘက်ဆီသို့ သွားရောက်မည်ဟု ရည်ရွယ်ခဲ့သော်သည်း ယခုတော့ သူ၏လက်ရွေးစင် တိုက် ခိုက်ရေးသမားများမှာ ဒဏ်ရာရသူ၊ သေဆုံးရသူများနှင့် ဖြစ်နေကြသောကြောင့် ဆက်လက် ခရီးမဆက်တော့ဘဲ စီယန်သို့သာလျှင် ပြန်လာခဲ့ရပေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

## ရေငှက်များ

ရှိအန်းနှယ်စားသည့်နဂါးမောန်ခေတ်သုံ့ရေးသူပုန်များကို အလွန်မကျေမချမ်း ဖြစ်လျက်ရှိသည်။

ပထမတစ်ကြိမ်တုန်း ရန်သူများအား ရင်ဆိုင်တိုက်ခိုက်ခဲ့ရသေးသော်လည်း ဒုတိယအကြိမ်တွင်မူ ရန်သူများ၏ပုံပင် မမြင်တွေ့လိုက်ရဘဲ သူ၏လက်ရွေးစင် စစ်သားများစွာ ဆုံးရှုံးခဲ့ရ၏။

ထို့ကြောင့်...



သူကိုယ်တိုင် တိုက်ခိုက်ရေးပညာရပ်များကို ပြင်းထန်စွာ လျှို့ဝှက် လေ့ကျင့်နေခဲ့သည်။

သူ၏ လက်ရွေးစင်ရဲမက်များကိုလည်း ပြင်းထန်စွာလေ့ကျင့်စေ၏။

သူက ဓားချင်းယှဉ်ခုတ်ရသည့် ဓားသိုင်းပညာထက် အဝေးမှ လက်ဦးမှုရယူပြီး ပစ်ခတ် ပေါက်လွှင့်ရသည့် ပေါက်ဓားပညာက ပို၍ အားသာသည်ဟု ယူဆထားသူ ဖြစ်သည်။

ယခုပဲကြည့်လေ...

သူခေါ်ဆောင်သွားသည့် လက်ရွေးစင် တိုက်ခိုက်ရေးသမား ရဲမက်များမှာ တစ်ဦးနှင့်တစ်ဦး ရင်ဆိုင်ထိုးခုတ်ရာ၌ အလွန်ကျွမ်းကျင်သူများဖြစ်သည်။

သို့ရာတွင်...

အဝေးပစ်လက်နက် မြှားပစ်သမားများနှင့် ရင်ဆိုင်ရသောအခါ မရှုမလှ ခံခဲ့ကြရလေ၏။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သူက သူကျင်လည်ကျွမ်းကျင်ခဲ့ဖူးသည့် ပေါက်ခိုးပညာတို့ ပြန်၍ အထူးလေ့ကျင့်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

သူ့ထက် ခိုးပညာရပ်၌ ပို၍ အစွမ်းထက်သည့် နောင်တော်ပင်လျှင် ခိုးနှစ်လျှားသုံးလျှား အကွာမှ တိုက်ရသည့် ကျောပွတ်မယ်အား အရှုံးပေးသွားရသည် မဟုတ်ပါလား။

သူ့၌ သင်ခန်းစာများ တစ်ပုံတစ်ပင်အစုံအလင် ရှိနေခဲ့ရပြီ။

သို့ဖြင့်...

သူ၏ ပေါက်ခိုး သေတ္တာနက်အား ပြန်လည်ဆွဲထုတ်ခဲ့ရသည်။

ဤပေါက်ခိုးသေတ္တာနက်ထဲဝယ် အရွယ်စုံပုံစံစုံ ပေါက်ခိုးမျိုးစုံရှိသည်။

ဤသေတ္တာအား သူက ငရဲငှက်လှောင်အိမ်ဟု ခေါ်ခဲ့ဖူးသည်။

ယခု...



သည်သေတ္တာအား သတိရတမ်းတစွာ ပြန်လည် ကိုင်တွယ်နေခဲ့ရလေပြီ...

သေတ္တာနက်ကို ယူဖွင့်လိုက်သည်။

ခိုးနှစ်ချောင်း လစ်လပ်နေသည့်နေရာကိုတွေ့ရတော့မှ သူ၏မျက်လုံးအစုံက နံရံပေါ်မှ တိရစ္ဆာန်များ အမည်ရှိ ပန်းချီကားထံသို့ ရောက်ရှိသွားခဲ့သည်။

ဆင်၊ ခြင်္သေ့၊ ကျား၊ ကျားသစ်၊ ထောက်ဝ၊ ဝံပုလွေ နှင့် နောက်ဆုံး ကြောင်ငယ်မျက်လုံးနှစ်လုံး၌ စိုက်ဝင်နေသည့် ပေါက်ခိုးနှစ်လက်တို့ သူတွေ့၏။

ယင်းခိုးနှစ်လက်ကို သူပြန်လည်နှုတ်ယူလိုက်ပြီးသေတ္တာထဲ ပြန်ထည့်သိုက်၏။

ထိုအခါ...

ပန်းချီကားထဲမှ ကြောင်၏မျက်လုံးနှစ်လုံးမှာ ဟောက်ပက်။

ထိုငရဲငှက်လှောင်အိမ်သေတ္တာကို ဆွဲလျက် ခိုးပေါက်လေ့ကျင့်ရာအခန်းသို့ သူထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယိုအခန်းသို့ရောက်လျှင် ဖဲကွင်းများစွာက သူ့အားကြို ဆိုနေကြသည်။

ဆယ်ခုခန့်ရှိသည်။

စက်ကွင်းဖဲမှတ်များက ကြီးရာမှ သေးငယ်သွားကြ သည်။

အလယ်ဗဟိုမှ ဖဲမှတ်မှာ ပထမ စက်ဝိုင်း၌ လူတစ်ဦး ခေါင်းအရွယ်ခန့် ရှိနေသည်။

ထို့နောက်...

လူတစ်ဦး၏ နဖူးအရွယ်ခန့်၊ နောက် ဖွင့်ဟထားသော ပါးစပ်အရွယ်၊ နှာခေါင်းအရွယ်၊ မျက်လုံး၊ နှာခေါင်းပေါက် စသည်ဖြင့် တဖြည်းဖြည်း သေးငယ်သွားကြ၏။

နောက်ဆုံးစက်ဝိုင်းမှ ဗဟိုဖဲမှတ်မှာ အစက်အပြောက် လေးသာ ရှိတော့သည်။

သူက သေတ္တာနက်မှ ပေါက်ဖဲအရွယ်စုံကို ထုတ်ယူ လိုက်သည်။

ပြတင်းတံခါးများသို့ အလင်းရောင်ရရန် အကုန်ဖွင့် လှစ်လိုက်သည်။



အလင်းများက အခန်းတွင်းမှာ အမှောင်ရိပ် မရှိအောင် လင်းကျင်းနေခဲ့သည်။

သူက ပေါက်ဖဲအရွယ်စုံအား သေတ္တာနက်တွင်းမှ ထုတ်ယူလိုက်၏။

သူက ဖဲဆယ်ချောင်းကို ရွေးလိုက်၏။

ဘယ်လက်ဝါးပေါ်တွင် ဖဲများကို တင်ထားလိုက်လေ သည်။

ဘယ်လက်အားဆန့်ထားသည်။

ရုတ်တရက်...

ယာလက်ကို လှုပ်ရှားလိုက်ရာ ဖဲတစ်ချောင်းပြေးထွက် သွားသည်။

ဖဲမှတ်အကြီးဆုံး ဦးခေါင်းအား တည့်တည့်စိုက်သွား သည်။

"ဒုစ်"

"ဒုတ်"

ထို့နောက် ဒုတိယအကြိမ် လက်ကို လှုပ်ရှားလိုက်ပြန် သည်။

"ဒုစ်"

"ဒုတ်"

www.burmeseclassic.com

သည်တစ်ကြိမ်ဆည်း ပစ်မှတ်တို့ ရွှေ့စိုက်ပြန်လေ၏။

“ဝှစ်…ဝှစ်”

“ဝှစ်…ဝှစ်”

“ဒုတ်…ဒုတ်”

“ဒုတ်…ဒုတ်”

“ဝှစ်…ဝှစ်”

“ဝှစ်…ဝှစ်”

“ဒုတ်…ဒုတ်”

“ဒုတ်…ဒုတ်”

ထိုနေစဉ် သူ၏ လက်များအား ဆက်တိုက် လှုပ်ရှား လိုက်ပြန်သည်။

ငရဲငှက်များ အရစပ် ထွက်သွားကြ၏။

အသီးသီး ပစ်မှတ်များဆီသို့ သွားရောက်စိုက်ဝင်ကြသည်။

ပေါက်မြားဆယ်ချက်စလုံး ပစ်မှတ်များအား တိကျစွာ စိုက်ဝင်နေကြသဖြင့် သူ ကျေနပ်သွားသည်။

ထိုနောက် စိုက်ဝင်နေကြသော မြားများကို ပြန်လည် နုတ်ယူလိုက်၏။



သူက ပြတင်းတံခါးများကို သွားရောက်ပိတ်လိုက်သည်။

တံခါးတစ်ပေါက်သာ ဖွင့်လှစ်ထားရာ ပစ်မှတ်များမှာ အမှောင်ရိပ်ထဲ ခပ်ရေးရေးသာ မြင်နေရသည်။

သူက ဘယ်လက်ကို ဆန့်ထုတ်ပြီး ဖြန့်ထားလိုက်ပြန်၏။

ယာလက်အား ဆက်တိုက်လှုပ်ခတ်လိုက်ရာ ငရဲငှက်များ အရစပ် ထွက်သွားကြပြန်သည်။

“ဝှစ်…ဝှစ်”

“ဝှစ်…ဝှစ်”

“ဒုတ်…ဒုတ်”

“ဒုတ်…ဒုတ်”

ငရဲငှက်များက အမှောင်ရိပ်ထဲမှ ပစ်မှတ်များအား ဝင်စိုက်နေကြသည်။

သူက ပစ်မှတ်များအား အနီးကပ် သွားရောက် ကြည့်ရှုရာ တိတိကျကျပင် စိုက်ဝင်နေကြသည်အား ကျေနပ်ဖွယ် တွေ့ရ၏။

“အင်း…လေ့ကျင့်မှု ပြတ်နေပေမယ့် ငါ့လက်ရေ ကျန်သေးတာပဲလေ”

www.burmeseclassic.com

www.burmeseclassic.com



သူက ပစ်မှတ်များဝယ် စိုက်ဝင်နေသည့် မြားများကို ပြန်လည်နုတ်ယူလိုက်သည်။

သူက သည်တစ်ခါ မြားဆယ်လက်တွဲ ဘယ်လက်ဝါး ပေါ် တင်မထားတော့။

ညာလက်နှင့် စုပြုံကိုင်ဆောင်ထား၏။

ပစ်မှတ်များက မှောင်ရိပ်ဝယ် မှုန်ဝါးဝါး။

သူသည် မြားဆယ်လက်အား လေထဲတွင် ကိုင်ဆောင် ထားရာမှ…

အောက်တို့ ဆတ်ခနဲ လွှပ်ခတ်လိုက်သည်။

ငရဲငှက်များက တတိယအကြိမ်မြောက် ပြေးထွက်သွား ကြပြန်သည်။

“ဝှစ်…ဝှစ်”

“ဝှစ်…ဝှစ်”

“ဒုတ်…ဒုတ်”

“ဒုတ်…ဒုတ်”

“ဝှစ်…ဝှစ်”



“ဝှစ်…ဝှစ်”

“ဒုတ်…ဒုတ်”

“ဒုတ်…ဒုတ်”

သူ စိတ်လှုပ်ရှားစွာဖြင့် ပစ်မှတ်များအနီးသို့ ချဉ်းကပ် သွားခဲ့သည်။

သူ၏မျက်နှာမှာ ကျေနပ်သွားသည့် အရိပ်အယောင်များ ထင်ဟပ်နေလေသည်။

ပစ်မှတ်များအလယ်၌ တစ်သက်ချင်း စစ်ခတ်သည့်သို့ ါက်မြားများက တိကျစွာ စိုက်ဝင်နေကြသောကြောင့် ဖြစ်၏။

နယ်စားကြီး ချူရှန်လန်းသည် သူ့ကိုယ်သူ အလွန် ကျေ ်နေမိ၏။

“အင်း… တော်လှန်ရေးသူပုန်တွေကို တိုက်ခိုက်ဖို့ချည်း ာ ကျင့်နေလို့တော့ မဖြစ်သေးဘူး၊ သူတို့ရဲ့ တိုက်ခိုက်မှု တွေကို ရှောင်နိုင်အောင်လဲ လေ့ကျင့်ဖို့ လိုသေးတယ် က်ဖြန့်ကစပြီး လှုပ်ရှားနေတဲ့ ပစ်မှတ်တွေကို ထိမှန်အောင် ခတ်နိုင်ဖို့လည်း၊ ရန်သူတွေရဲ့ တိုက်ခိုက်မှုတွေကို ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ထိမ်းနိုင်ဖို့ရယ် အပြင်းအထန် လေ့ကျင့်ရမယ်၊ ငါ့အ[illegible] စရိုက်ကျော်ပွတ်မယ်နဲ့ နဂါးမောန်ကောင်တွေကို လက်စ[illegible] ချေနိုင်ဖို့ အဓိကဖြစ်တယ်၊ တစ်နေ့ တွေ့ကြသေးတာပေ[illegible] လေ..."

နယ်စားကြီး ချူရှန်လန်းသည် တစ်ဦးတည်းကြုံးဝါး[illegible] သူ၏ ပေါက်မားစေညာ တိုးတက်မှုအတွက် လျှို့ဝှက်[illegible] အပြင်းအထန် လေ့ကျင့်လျက်ရှိနေပေါ်တော့သည်။

★

## အခန်း (၁၁)

### သုဘရာဇာဂိုဏ်း၏ ထက်ဆောင်

တောင်ခိုးများဝေလျက် မြူခြေများ ဆိုင်းနေသည့် တိမ်တောင်တိမ်လိပ်များက တောင်တန်းများပေါ်ဝယ် [illegible]ရွေ့ရွေ့ လွင့်မျောနေကြ၏။

တောင်ခြေမှ လှမ်းမျှော်ကြည့်ရှုပါက တောင်ခိုးတောင် [illegible]ငွေ့များကြောင့် မြင်ကွင်းမှာ ဝိုးဝါးဝေးရောတာ ရှိနေ[illegible]တတ်သည်။

ထိုမြူနှင်းလမ်း တောင်တန်းတစ်နေရာဝယ် အစိမ်းဖြင်[illegible] [illegible]ား အုပ်ဆိုင်းနေသည့် ဘုံကျောင်းကြီးတစ်ခုသာ [illegible]ည်ရှိ[illegible]နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဘုံကျောင်းကြီးကား ခမ်းနားထည်ဝါလှပေသည်

နီစွေးညိုမှိုင်းသော ရှေးအုတ်တို့ဖြင့် ဆောက်လုပ်ထား သည့် ဘုံကျောင်းကြီးကား ရှေးဟောင်း ဗိသုကာ လက်ရာ များနှင့် စုလစ်မွမ်းချွန်အတွန့်အလိပ်တို့ဖြင့် ဖက်ရာမြော လှသော အဆောက်အအုံကြီးတစ်ခု ဖြစ်သည်။

မည်သည့်ခေတ်က မည်သို့သောပုဂ္ဂိုလ်က တည်ဆော ခဲ့သည်မသိသော ဤဘုံကျောင်းကြီးအား သိရှိသူ ရှားပ လှပေသည်။

အကယ်၍ ဤကဲ့သို့ ဝေးလံသီခေါင်လှသော တော တန်းပေါ်ဝယ် သည့်လို ခန့်ညား ဝင့်ဝါလှသော ရှေ ဟောင်း ဘုံကျောင်းတစ်ခုအား တစ်စုံတစ်ယောက်က ရှေ ရှိခဲ့ပါက ယုံကြည်နိုင်မည် မဟုတ်ပေ။

တောင်ပေါ်တွင်နေထိုင်ကြသော နတ်မင်းကြီးတို့၏ နန်းကြီး တစ်ခု ဟူ၍သာ ထင်မှတ်ကြပေလိမ့်မည်။

ရှေးယခင်ကတော့ လူကြီးသူမများ၏ ဒဏ္ဍာရီဆန်ဆ ပုံပြင်များ၌ ဤမပြန်လမ်းတောင်တန်း ပေါ်မှ သည အဆောက်အအုံကြီး အကြောင်း ပါတတ်သည်။

သည်မပြန်လမ်းတောင်တန်းကိုလည်း ထိုစဉ်က နတ် ချောက် တောင်တန်းဟူ၍ ခေါ်ဝေါ်ခဲ့ဖူးသည်။



သို့ရာတွင်...

မန်ချူးတို့က တရုတ်ပြည်အား ကျူးကျော် သိမ်းပိုက် အုပ်စိုးလာမှ ဤ နတ်ချောက်တောင်တန်းမှ မပြန်လမ်း တောင်တန်းဟူ၍ ပြောင်းလဲ ခေါ်ဆိုလာခဲ့ကြပေသည်။

အဘယ်ကြောင့်ဆိုသော် ယည်တောင်တန်းပေါ်သို့ တက် ရောက်သွားသူ အနီးဝန်းကျင် တောင်ခြေရွာများမှ ရွာ သားများမှာ မကြာခဏ ပျောက်ဆုံးသွားတတ်ကြသော ကြောင့် ဖြစ်သည်။

ရှေးယခင်ကဆိုလျှင် လူကြီးများ၏ စကားအရ ဒဏ္ဍာရီ ပုံပြင်ထဲမှ ဆိုနတ်ဘုံနတ်နန်းဘား စူးစမ်းလိုသည့် စာသော နှင့် တက်ရောက်ရှာဖွေမှုများ ရှိခဲ့ဖူးသည်။

ထိုလူများမှာ မတ်စောက်သော တောင်ချောက်ထဲ ကျ ခြင်း၊ သားကောင်များ၏ ရန်မူတိုက်ခိုက်ခံရခြင်း၊ ပြန်လမ်း မတွေ့ဘဲ အစာရေစာ ငတ်မွတ်၍ သေဆုံးရခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် တစ်နည်းမဟုတ် တစ်နည်း ပျောက်ဆုံးသွားကြသည်ချည်း ဖြစ်ရ တဖြည်းဖြည်း ထို တောင်တန်းပေါ်သို့ လုံးဝ မတက်ရဲကြတော့ပေ။

"နတ်ချောက်တောင်တန်းဟာ နတ်မင်းတွေနေထိုင်ရာ တောင်စဉ်တောင်တန်း ဖြစ်တယ်ကွ၊ တို့များ လူတွေ တက် ရောက်လာတာ နတ်တို့က ကြိုက်နှစ်သက်တာ မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တောင်ပေါ် တက်သွားသူတွေကို နတ်တွေက တွန်းချရင်ချ၊ ဒါမှမဟုတ် တိုက်မြွေတွေနဲ့တိုက်၊ ကျားတွေနဲ့ အန္တရာယ်ပေးချင်ပေး၊ အဲ...အချို့လဲ နတ်ကွယ်ထားလို့ လမ်းပျောက်ပြီး အစာရေစာ ငတ်လို့ သေကြရတယ်....

"ဒါကြောင့် မသွားရင် အကောင်းဆုံးပဲကွယ့်၊ သွားလဲ ပြန်လမ်းမရှိတဲ့ တောင်တန်းမို့ မပြန်လမ်း တောင်တန်းရယ်လို့ ပြောင်းလဲလာရတာပေါ့ပဲ"

လူကြီးတွေက ထိုသို့ တားမြစ်ပြီး အကြောင်းစုံ ရှင်းပြသောကြောင့် စူးစမ်းလိုသည့် လူရွယ်များသည်လည်း တွန့်ဆုတ်သွားခဲ့ကြတော့သည်။

သို့အတွက်....

နောက်မိုင်းလူများမှာ ဤတောင်တန်းပေါ်မှဘုံကျောင်းအား မသိရှိကြတော့ချေ။

တောင်တန်းပေါ်မှ ဘုံကျောင်းတို့ပင် မသိရှိကြသောအခါ ဘုံကျောင်းတွင်းရှိ အရာများဆိုကား....

တကယ်တော့ ဘုံကျောင်းအတွင်း၀ယ် လူများရှိနေခဲ့သည်မှာ အမှန်ပင်ဖြစ်လေသည်။

ထွန်းညှိထားသည့်အမွှေးတိုင်များမှအငွေ့များက ခန်းမမျက်နှာကြက်ဆီသို့ လွင့်ပျံတက်နေကြသည်။



ဖယောင်းတိုင်မှ မီးတောက် မီးညွန့်များက တဖျစ်ဖျစ် တောက်လောင်နေသည်။

စင်မြင့်ပေါ်၀ယ် ဗုဒ္ဓရုပ်ပွားတော်နှင့် တခြားအမျိုးအမည်မသိနိုင်သော နတ်ရုပ်တုများ အစီအရီ ရှိနေကြလေသည်။

ဗုဒ္ဓရုပ်ပွားတော်ကား....

ရွှေသားစစ်စစ်ဖြင့်သွန်းလုပ်ထားသောကြောင့်ဖယောင်းတိုင်၏ အလင်းအောက်၀ယ် ၀င်းဝင်းတောက်ပစွာဖြင့် စံပယ်လျက်ရှိသည်။

အမွှေးတိုင်မှ မွှေးထုံသောရနံ့များက ခန်းမတစ်ခုလုံး သင်းပျံ့နေစေသည်။

ခန်းမ၏အလယ်၌ သေတ္တာနက်ကြီးတစ်လုံးက ထီးထီးကြီး ရှိသည်။

မည်သည့်ပစ္စည်းများ ထည့်ထားခဲ့သော သေတ္တာနက်ကြီးမှန်း မသိချေ။

သေတ္တာမှာ လူတစ်ရပ်ခန့် ရှည်လျားလှသည်။

ခန်းမကား အဝိကျယ်ကြွားလောက်အောင်စင်တိတ်ဆိတ် ငြိမ်သက်နေခဲ့သည်။

ထိုစဉ်....

www.burmeseclassic.com

www.burmeseclassic.com



ခြေသံများကို ကြားရလေသည်။

ခန်းမတံခါးပေါက်မှ ခြေသံတို့က ဝင်ရောက် လာကြသည်။

တံခါးပေါက်ဝတွင် အနက်ရောင်ပိုးဝတ်ရုံကြီး လွှမ်းခြုံထားသူ တစ်ဦး၏အသွင် ပေါ်လာသည်။

ဖိုးဝတ်ရုံ ပွဲရောင်းရောင်းကို ဝတ်ဆင်လာသူမှာ သေးသွယ် ကျော့လျစ်သော ကိုယ်ခန္ဓာရှိသည့် အမျိုးသမီး တစ်ဦးသာလျှင် ဖြစ်သည်။

သို့ရာတွင်....

သူမ၏ မျက်နှာတွင် ကြောင်မျက်နှာဖုံး တစ်ခုအား တပ်ဆင်ထားခဲ့၏။

ခေါင်းဆက်တွင်လည်း စိမ်းဖန့်ဖန့် အဆင်းရှိသည့် မျက်လုံး တစ်စုံနှင့် မဟူရာရောင် ကြောင်နက်တစ်ကောင်က ငုတ်တုတ် ထိုင်လျက် လိုက်ပါလာ၏။

သူမ၏နောက်မှ တစ်ကိုယ်လုံး ဖြူဆွတ်နေသည့် အဘိုးအို တစ်ဦး ထပ်ကြွပ်ပါလာသည်။

အဘိုးအိုကား ဆံမီးဖွေးကိုလာသည်နှင့် မတူပေ။

လေထဲ လျှောက်ကို လွင့်မျောလာသည်နှင့် တူလှလေသည်။



ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများမှာ ဖြူဆွတ်နေကြသည့်အပြင် ဝတ်ဆင်ထားသည့် ဝတ်စုံသည်လည်း အဖြူရောင်သာလျှင်ဖြစ်ရာ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသည့် အဖြူရောင်အဘိုးအို တစ်ဦးပင် ဖြစ်နေလေသည်။

အဘိုးအို၏မျက်နှာတစ်ခုလုံး အမူအရာ ကင်းမဲ့နေသော မျက်နှာပုံသေ မျက်နှာမျိုး ဖြစ်၏။

အဘိုးအို၏နောက်မှ လူအချို့ လိုက်ပါလာကြသည်။

သူတို့မှာ သိုင်းသမားကြီးများ ဖြစ်ပုံရသည်။

ခေါင်းတုံးနှင့်လူလည်း ပါသည်။

နှုတ်ခမ်းမွေးနှင့်လူလည်း ပါသည်။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတို့ထူထဲသော ပုဂ္ဂိုလ်လည်း ပါသည်။

အားလုံး ငါးယောက်တိတိ။

သို့ရာတွင်....

သူတို့အားလုံး အသက်ကြီးရင့်သော လူကြီးများသာလျှင် ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးမှ ကြောင်မျက်နှာဖုံးနှင့် မိန်းမက သေတ္တာနက်ကြီး၏ရှေ့ဝယ် ရပ်တန့်လိုက်ရာ ကျန်လူများတလည်း ထိုသေတ္တာဖတ်ပတ်လည်၌ ရပ်နေကြလေသည်။

အဖြူရောင် ဘိုးဘိုးကား....

သေတ္တာနက်၏ ထိပ်ဆုံးဝယ် မျက်နှာသေဖြင့် ရယ်မြင်းဖြူးခြင်းတင်းစွာ ရပ်နေခဲ့၏။

ဆံပင် ဖွားလျားနှင့် ဝတ်ရုံနက်ဖတ် မိန်းမတစတင်၍ ပြောကြားလေသည်။

"ကဲ...ကျွန်မတို့ ကျောက်တစ်လုံးစခန်းမှ မိတ်ဆွေ သူဘရာဇာဂိုဏ်းရဲ့ အက်ဆောင်ဖတ္တာကို ဖွင့်ကြည့်ကြဖို့အချိန်ရောက်ပြီ"

"ဒီနေ့ တစ်လတင်းတင်းပြည့်တဲ့နေ့ပေါ့ မရဏ ကျောပွတ်မယ်"

အဖြူရောင်ဘိုးဘိုးက ညှင်သာ ပျော့ပျောင်းသော အသံနှင့် ဖြည့်စွက်ပြော၏။

ကျောက်တစ်လုံးစခန်းမှ သုဘရာဇာဂိုဏ်းနှင့် ဤမဟူရာကြောင်နက်ဂိုဏ်းတို့မှာ မနီချူးများတို့ တောစီလှန်ပုန်ကန်နေသည့် မဟာမိတ်ဂိုဏ်းများ ဖြစ်ကြသည်။



သုဘရာဇာဂိုဏ်းချုပ်သံချိုင်းထောက်ယီဖုလင်မှာမရဏကျောပွတ်မယ်နှင့် အလွန်ရင်းနှီးခင်မင်သော မိတ်ဆွေကြီး တစ်ဦး ဖြစ်သည်။

သူ့အားတစ်ချိန်တစ်ခါက မရဏကျောပွတ်မယ်အ မန်ချူးတို့ လက်တွင်းမှ ကယ်တင်ထားခဲ့ဖူးသည်။

ထို့ကြောင့်....

တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း ဆက်သွယ်မှု ရှိကြ၏။

လွန်ခဲ့သော နှစ်ဦးကာလတစ်ခု၌ သံချိုင်းထောက် ယီဖုသင်က မရဏကျောပွတ်မယ်အားလျှို့ဝှက်မှုတစ်ခုကို ပြောပြခဲ့သည်။

ထိုလျှို့ဝှက်မှုမှာ တရုတ်ပြည် တစ်ဝှမ်းလုံးနှင့် စပ်သက်သည်။

သည်လျှို့ဝှက်မှုနှင့် စပ်သက်၍ လိုအပ်သော အကူအညီမှန်သမျှ သူမက ပေးအပ်ပါမည်ဟု သံချိုင်းထောက်ကြီးအား ကတိပေး၍ ပြောကြားခဲ့သည်။

ထို့ကြောင့်....

www.burmeseclassic.com



မကြာခဏသေးမိတစ်လခန့်က သူမထံသို့ သူ့အာရာဇာဂိုဏ်းမှ သေတ္တာနက်ကြီးတစ်လုံး ပေးပို့လိုက်သည်။

သဝဏ်လွှာတစ်စောင်ကိုလည်း ပါးလိုက်၏။

ထိုသဝဏ်လွှာထဲ၌ ဤသေတ္တာနှင့် ပတ်သက်ပြီး အကျိုးအကြောင်း ရှင်းပြထားသည်။

ထိုသဝဏ်လွှာထဲမှ အကြောင်းအရာများကို သူမမှတစ်ပါး မည်သူမှ မသိရှိထားခဲ့ကြချေ။

ထို့ကြောင့်....

ဤသေတ္တာနက်ကြီးအတွင်း၌ မည်သည့်လက်ဆောင်ပဏ္ဏာများ ပါလာသည်ကို သူမတစ်ဦးတည်းသာ ကြိုတင်သိရှိထားလေသည်။

သို့ဖြင့် သူမက ဂိုဏ်း၏သစ္စာခံ အဖွဲ့ဝင်လူကြီးများကို လျှို့ဝှက်ခေါ်ယူလိုက်သည်။

သေတ္တာနက်အတွင်းမှ ပစ္စည်းအကြောင်းကို ဖွင့်ဟပြောပြမှာဖြစ်သည်။

"ကဲ....သေတ္တာကို ဖွင့်ကြရအောင်"

မရဏ ကျောပွတ်မယ်ကစတင်လိုက်သည်နှင့် သိုင်းသမားကြီး တစ်ဦးက သေတ္တာနက်၏အဖုံးကို ခါးလွှား နှင့်တလှော်၍ ဖွင့်လှစ် ပေးလိုက်ကြသည်။



သေတ္တာနက်၏အဖုံး ပွင့်ဟသွားသည်နှင့် စောင့်ကြည့်နေ
ား၏နှုတ်မှ အာမေဋိတ်သံများအသီးသီး ပေါ်ထွက်လာ
ကုန်သည်။

"ဟာ...."

"ဟင်...."

"အို...."

သည့်အသံတို့ တစ်ယောက်တစ်ပေါက် ထွက်လာကြ
ာ် နောက်သို့ ဆုတ်ခွာကြကုန်သည်။

ာနေ့မပျက် ရပ်နေသူ ဟူ၍ မရဏကျောပွတ်မယ်နှင့်
ူရောင် အိုးဘိုးတို့သာလျှင် ရပ်မြဲရပ်လျက် မည်သည့်
ရှားမှုမျှမရှိဘဲနေကြသည်။

သူတို့ထင်မှတ်ထားသကဲ့သို့ သူ့အာရာဇာဂိုဏ်းမှ ပေးပို့
ာ လက်ဆောင်ပဏ္ဏာမှာ ရွှေငွေကျောက်သံပတ္တမြား
းတန် ဝတ်စားတန်ဆာ ယဉ်ကျေးမှု အနုသုခုမလက်ရာ
ခုခု မဟုတ်မူဘဲ လူသေအလောင်းတစ်လောင်းသာ ဖြစ်
ာကြောင့်ပင်။

ယင်းကြောင့်....

သူတို့၏မျက်နှာများမှာ ခက်ထန် တင်းမာသွားကြကုန်
ည်။

www.burmeseclassic.com

www.burmeseclassic.com



သူဘာရာဇာဂိုဏ်းချုပ် သံချိုင်းထောက် ယိဖုလင်သ[illegible] သူတို့ဂိုဏ်းအား တခင်စော်ကားလိုက်ခြင်းဖြစ်သည်ဟု [illegible] အသည်ယူဆလိုက်သောကြောင့် ဖြစ်သည်။

အဖြူရောင်ဘိုးဘိုးကား ပြုံးခြင်းရယ်ခြင်း ကင်းမဲ့သော[illegible] မျက်နှာနှင့် ဓသတ္တာထဲမှ ယောက်ျားပျို၏ ရုပ်အလောင်း[illegible] ရှုးစိုက်ကြည့်နေလေသည်။

ထိုအတူ...

မရှုအာကျ[illegible]ဟ်မယ်၏ မျက်လုံးအစုံမှာလည်း သေတ္တ[illegible] တွင်းမှ ယောက်ျားပျို၏မျက်နှာကို ငေးငိုင်စူးရဲစွာ ကြည့်[illegible] နေခဲ့၏။

ကျယ်သော မောာနဖူး၊ သန့်စွမ်းနက်မှောင်သည့်မျက်ခုံ[illegible] ဖြောင့်စင်းသောနှာတံ၊ ပါးလျပိရိသော နှုတ်ခမ်းတို့အ[illegible] အတန်ကြာ ငေးမောနေခဲ့မိသည်။

အတော်လေးကြာမှ သူမက သိုင်းသမားကြီးများ[illegible] မျက်နှာလှည့်လိုက်၍ မြောကြားရှင်းပြလိုက်၏။

"ဦးရှိုးမသွားသောက်တို့၊ မိတ်ဆွေကြီး သံချိုင်းထော[illegible] ယိဖုလင်ကို အထင်လွဲသွားကြပြီထင်ပါတယ်၊ [illegible]င်ထားကြ[illegible] ရွှေငွေလက်ဝတ်ရတနာ အဝတ်အစားနဲ့ အခြား အဖိုး[illegible] စွည်းများ မဟုတ်ဘဲ လူသေအလောင်းကို ပို့ဆောင်လိုက် [illegible]ရသလားလို့ ဒေါသဖြစ်နေကြမှာ သေချာပါတယ်"



သူမ၏ စကားကြောင့် သိုင်းသမားကြီးများမှာ ဇဝေ ဇဝါ ဖြစ်သွားကြမှုရသည်။

"တကယ်တော့ မိတ်ဆွေကြီးရဲ့ ဆက်ဆောင်ဓာတ္တာဟာ ကျွန်မတို့ ဂိုဏ်းအတွက် ဂုဏ်ယူစရာကောင်းတဲ့ တာဝန် တစ်ရပ်ပဲ ဖြစ်ပါတယ်၊ ကျွန်မတို့ရဲ့ အရှင်သခင် နန်းကျ ကောရာဇ် လီကွေ့ဟန်ရဲ့ နန်းမွေဆက်ခံမယ့် သားတော် ခင်းသား လီကွေ့ရှန်းဟာ ဒီသေတ္တာနက်ထဲကပုဝ္ပိုလ်ပါပဲ"

"ဟေ..."

"ဘာ..."

"တင်..."

ဒုတိယမြောက် အာမေဍိတ်သံများ သိုင်းသမားကြီးတို့ ထံမှ ထွက်ပေါ်လာကြပြန်လေသည်။

"မင်းသားလီကွေ့ရှန်းဟာ သေဆုံးသွားခဲ့တာ မဟုတ် ပါဘူး၊ သတိလစ် မေ့မြောနေခဲ့တာပဲ ဖြစ်ပါတယ်၊ အရှင် ခင်းသားဟာ မိတ်ဆွေကြီးသံချိုင်းထောက်ယိဖုလင်ရဲ့ စောင့် ရှောက်မှုကို ခံယူနေခဲ့သူ တစ်ဦး ဖြစ်ပါတယ်...

www.burmeseclassic.com

www.burmeseclassic.com



"မနှစ်ခွေဦးက မင်းသားရဲ့အကြောင်းကို ကျွန်မထံ သံချိုင်းထောက်တ ဖွင့်ဟပြောပြပါတယ်...

"ကျွန်မကလဲ အရှင်ကေလာ်ရဲ့ နန်းဆက်ဖြစ်တာမို့ ကျွန်မတို့မှာလဲ တာဝန်ရှိတယ်လို့ယူဆပြီး မင်းသားနဲ့ ပတ်သက်မှု မှန်သမျှ အကူအညီလိုရင်တောင်းပေါ၊ ပေးပါမယ်လို့ ကတိပေးခဲ့ဖူးပါတယ်...

"ဒါကြောင့် ဒီနှစ်မှာ သူတို့ဂိုဏ်းကို ရှိအန်းနယ်စားမန်ချူးက ခြေရာခံလိုက်နေခဲ့တာမို့ မင်းသားအတွက်စိုးရိမ်စရာကောင်းဖြစ်ပြီး ကျွန်မတို့ဂိုဏ်းထံပို့ ဆောင်လိုက်တာလို့ဆိုပါတယ်...

"ရှိအန်းနယ်စားဟာ သူ့နေခင်ဟော် သေဆုံးတာနဲ့ ပတ်သက်လို့လဲ ကျွန်မကို လက်စားချေချင်နေသူ ဖြစ်ပါတယ်...

"မန်ချူးကေရာဇ်ကိုယ်တိုင်က သူ့ကို မင်မင်း အဆက်အနွယ်မှန်သမျှကို သုတ်သင်ရှင်းလင်းဖို့ တာဝန်ပေးအပ်ထားခြင်း ခံရသူ မန်ချူးတစ်ဦးလဲ ဖြစ်ပါတယ်၊ သူဟာ မန်ချူးကေရာဇ်ရဲ့ တူတော်သူတစ်ဦးဖြစ်သလို သိုင်းပညာစွမ်းရည်လဲ ထက်လှတယ်...



"ခုသူက ကျောက်တစ်လုံးစခန်းကို ခြေရာခံထားမိတယ်၊ ဒါပေမယ့် မင်းသားလီတော့ ရှန်း ရှိမှန်းတော့ မသိသေးပါဘူး...

"သူက ကျွန်မတို့ဂိုဏ်းနဲ့ နဂါးမာန်ဂိုဏ်းကို သဲသဲမဲမဲ လိုက်နေခဲ့တာပါ...

"ဒါကြောင့်မို့ လုံခြုံစိတ်ချရတဲ့ မပြန်လမ်း တောင်တန်းကို လက်နက်ဆောင်အဖြစ် တာဝန်လွှဲပြောင်းပေးအပ်ခဲ့တာ ဖြစ်ပါတယ်...

"ကျွန်မတို့ဂိုဏ်းအနေနဲ့ မင်းသားလီတော့ ရှန်းကို စောင့်ရှောက် တာကွယ်ခွင့်ရတာ ဂုဏ်ယူစရာကောင်းလှပါတယ်ရှင်"

သည့်နောက်မှ...

သိုင်းသမားကြီးများမှာ ဘဝင်ကျသွားပုံရ၏။ မင်းသား၏ ပ်ရည် ရူပကာကို သေချာစွာ စူးစမ်းကြည့်ရှု ကြလေသည်။

"ကဲ...မင်းသားတို့ ကျွန်မတို့ နိုးဖို့အချိန်တန်ပြီ"

သူမက ထိုသို့ပြောဆိုပြီး အဖြူရောင်အဘိုးအိုထံ လက်ါးဖြန့်၍ တစ်စုံတစ်ခုကို တောင်းခံလိုက်သည်။

အဘိုးအိုက မည်သည့်စကားမှမဆိုဘဲ တစ်စုံတစ်ရာကို ကကျောပွတ်မယ်ထံ ကမ်းပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက အတိုးအိတ်မှရရှိသည့် ရွှေဘူးလေးအား အဖုံး ဖွင့်လျက် မင်းသား လီကွေ့ရှန်း၏ နှာဝ၌ တေ့ပေးလိုက်သည်။

သူမက ရှူဆေးတို့ မင်းသား၏နှာဝတွင် ကပ်ပေးရင်း တ ဆက်လက်ပြောကြားနေပြန်သည်။

"အရှင်ထောရာဇ်လီကွေ့ဟန်ရဲ့တူတော်စပ်သူ မင်းသား လီရှင်းဆိုတာလဲ မာန်ချူးကောရာဇ်ရဲ့ရန်က ကြောက်ရွံ့ပြီး ဇာတ်မြုပ်လို့ ပုန်းအောင်း နေတယ်လို့ ကြားသိရ တယ်...

"ဒီအရှင်မင်းသားနဲ့ ညီအစ်ကိုဝမ်းကွဲတွေ တော်စပ် သူ ဖြစ်ပါတယ်...

"အဲဒီတူတော်လီရှင်းလဲ ရှိအန်းနယ်မှာပဲပုန်းအောင်း နေတယ်လို့ သိရတယ်"

ထိုစဉ်...

မင်းသားလီကွေ့ရှန်းမှာ အနည်းငယ်လှုးလွန့် လှုပ်ရှား လာခဲ့လေသည်။

"ဟော...နိုးလာခဲ့ပြီ"



လူအားလုံးကလည်း စိတ်ဝင်စားစွာ မင်းသားအား ကြည့်ကြကုန်သည်။

မင်းသား လီကွေ့ရှန်းသည် ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့် လိုက်၏။

ပထမဦးဆုံး သူ၏မျက်လုံးရှေ့တည့်တည့်မှ မြင်တွေ့နေ သော ကြောင်မျက်နှာဖုံးနှင့် မရဏကျောပွတ်မယ်အား ခြားစွာ စိုက်ကြည့်နေလေသည်။

သူ၏စိတ်တို့က တစ်နေရာသို့ ပျံ့လွင့်ရောက်ရှိသွားလေ သည်။

သူဘုရားဇာ ဂိုဏ်းချုပ် သံချိုင်းထောင် ယီဖုလင်၏မျက်နှာ ပြန်လည် မြင်ယောင်လာသည်။

"အရှင်မင်းသား၊ ကျွန်တော်မျိုးတို့ ဂိုဏ်းကို ရှိအန်း ယ်စားက ခြေရာခံမိထားတယ်လို့ ကြားရပါတယ်၊ အရှင် င်းသားရဲ့ လုံခြုံမှုက စိတ်မချရပါဘူး...

"အချိန်မရွေးမန်ချူးတွေရဲ့ ပောမ်ဆောက်တိုက်ခိုက်မှုတို့ခံရ င်ပါတယ်...

"ဒါကြောင့် အရှင်မင်းသားဆန္ဒရှိရင် အခြားတစ်နေရာ ကျွန်တော်မျိုးတို့ ပို့ဆောင်ပေးမှပါမယ်၊ လုံခြုံစိတ်ချရ နေရာ ရှိပါတယ် အရှင်မင်းသား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာပါလဲ သံချိုင်းထောက်ကြီး"

"မပြန်လမ်း တောင်တန်းက မဟူရာ ကြောင်နက်ဂိုဏ်း ကိုပါ အရှင်"

"ဂိုဏ်းချုပ်ကရော ဘယ်သူပါလဲ"

"မရဏကျောပွတ်မယ်ပါ မင်းသား၊ သူတို့အဖွဲ့က သိ သမားကြီးတွေရှိကြပြီး မပြန်လမ်းတောင်တန်းကို မန် တွေဟာ မတက်ဝံ့ကြပါဘူး"

"မရဏကျောပွတ်မယ်ကရော ကျုပ်တို့ကို လက်ခံမှာ လား"

"မင်းသားနဲ့ ပတ်သက်ပြီး လိုအပ်တာမှန်သမျှ ကူညီ မယ်လို့ ကတိပေးထားတယ်"

"ကောင်းပြီလေ...ဒါဆိုလဲ အဲဒီ သွားရမှာပေါ့"

ထို့နောက်...

သူ့အား သံချိုင်းထောက်က ဆေးတစ်ခွက် တိုက်လို သည်။

"လမ်းခရီးမှာ မင်းသားရဲ့ လုံခြုံမှုအတွက် ဒီဆေး သောက်သွားပါမင်းသား၊ ဒါမှ မင်းသားဟာ ရန်သူတွေ အန္တရာယ်ပေးလာမှုကို ကျော်ဖြတ်နိုင်မယ်"



"သံချိုင်းထောက်ကြီးကြိုက်သလို စီစဉ်ပါလေ"

ထို့နောက် သူ၏မျက်လုံးမျှားစင်းလာကြသည်။ပြီးတော့ အိပ်ပျော်သွား၏။

ယခု...

သူသည် ထိုမရဏကျောပွတ်မယ်ထံ ရောက်ရှိနေခဲ့ပြီ ထင် သည်။

"မရဏကျောပွတ်မယ် ထင်တယ်"

သူကစတင်မေးမြန်းလိုက်ရာသူမကခေါင်းညိတ်ပြလျက်....

"မှန်ပါတယ်အရှင်မင်းသား၊ အခု မင်းသား ကျောက် တစ်လုံး စခန်းက သူဘာရာဇာဂိုဏ်းရဲ့ ပို့ဆောင်မှုကြောင့် မပြန်လမ်း တောင်တန်းမှ မဟူရာ ကြောင်နက်ဂိုဏ်းကို ရောက်ရှိနေပါပြီ"

"ဪ...ကျုပ် မရဏကျောပွတ်မယ်ထံရောက်နေမှကိုး"

မင်းသားက မသတ္တာနက်ထဲမှ ထလျက်ထိုင်သည်။

ကျောပွတ်မယ်က မေးမတွဲထူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားသည် ကိုယ်ပတ်စတ်လည်မှ သိုင်းသမားကြီးများကို ဝေ့ဝဲကြည့်ရှုလိုက်လေသည်။

ထို့ကြောင့်....

မရဏကျော်ပွတ်မယ်က သူ၏လူများကို သတိပေး ပြောကြားလိုက်ရ၏။

"တရုတ်နိုင်ငံ အရှင်ဘောရာဇ် လီကွေ့ဟန်ရဲ့သားတော် မင်းသား လီကွေ့ရှန်းဟာ မင်းမင်းဆက်ရဲ့ နန်းမွေဆက်ခံသူ မဟာသွေးမဟာနွယ်တစ်ဦး ဖြစ်ပါတယ်၊ မင်းသားကို မဟူရာစကြာဝင်နက်ဂိုဏ်းရဲ့ နာယကလူကြီးများ အရိုအသေပေးကြပါ"

သူမကိုယ်တိုင်ကလည်း ရင်ညွှန့်ဝယ် လက်နှစ်ဖက် ဆုပ်ပြီး ဒူးထောက်လျက် ဂါရဝပြု၏။

သိုင်းသမားကြီးများနှင့်အဖြူရောင်တိုးတိုးတို့သည်လည်း သူမနည်းတူ ဂါရဝပြုကြလေသည်။

"ကျုပ် ဘယ်လောက်တောင် သတိလစ် အိပ်ပျော်သွားတာပါလိမ့်"

"အရှင်မင်းသား တစ်လတိတိ အိပ်ပျော်သွားပါတယ်"



"ဟင်..."

မင်းသား လီကွေ့ရှန်းသည် အလွန့် အံ့ဩသွားရှာလေသည်။

"ကဲ..မင်းသားကို အပြင်ထုတ်ပေးကြပါဦး"

မရဏကျော်ပွတ်မယ်က သတိပေးလိုက်သဖြင့် သိုင်းသမားကြီး နှစ်ဦးက မင်းသားအနီး ချဉ်းကပ်လာကြ၏။

မင်းသားက ထိုင်နေရာမှ မတ်တတ်ရပ်လိုက်လေသည်။

ထိုနောက်...

သိုင်းသမားကြီးနှစ်ဦး၏ပခုံးကို လှမ်းဆွဲလျက် အပြင်သို့ ထွက်လိုက်သည်။

ထိုအခါ...

မင်းသား၏ခန္ဓာ မရဏကျော်ပွတ်မယ်၏အနီးသို့ တိုးကပ်သွားခဲ့လေသည်။

"ခွိ..."

"အိုး..."

သူမ၏ပခုံးထက်မှ မဟူရာကြီး မင်းသားအား မနှိပ်လိုက်ရာ မင်းသား လီကွေ့ရှန်းမှာ ထိတ်လန့်သွားရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"တဲ...မဟူရာ၊ အဲဒါ ကိုမျှားရဲ့ သခင်လေးကွယ့်၊ အရှိ အသေ ဆင်းပေးစမ်း"

"ဘုတ်"

ကြောင်နက်ကြီးမဟူရာက ချက်ချင်းပင် သာမဏေ၏ဖခုံးထက်မှ ခုန်ဆင်းပြီး မင်းသား၏ ခြေဖမိုးအား သွားထိနမ်းလျက် ဝပ်နေလေရာ မင်းသား လီကွေ့ရှန်းသည် မဟူရာအား အလွန်သဘောကျစွာဖြင့် ဦးခေါင်းကို ပွတ်သပ်ပေးလိုက်၏။

"တော်ပါပြီကွယ်.... တဲ...တဲ... မင်းရဲ့ သခင်မှဆီမှာပဲ အေးချမ်းစွာနေပါ မဟူရာ"

မင်းသားက ကြောင်ကြီးမဟူရာအား ချီပွေ့လျက် မရကာ ကျာပွတ်မယ်ထံ ပြန်လည်လွှဲပြောင်းပေးလိုက်သည်။

သူမက ကြောင်နက်ကြီးအား ရင်ခွင်ဝယ်ပွေ့လျက်...

"ဒီတောင်စခန်းမှာ မင်းသား စိတ်ချလက်ချ ပျော်ရွှင်စွာ နေထိုင်ပါအရှင်၊ ဘယ်လိုအန္တရာယ်မျိုးမှ အနှောင့်အယှက် မရှိပါဘူး၊ အကယ်၍ ဘေးအန္တရာယ် ကြုံတွေ့လာခဲ့ရင်လဲ ကျွန်မတို့ဂိုဏ်းသားတွေက အသက်စွန့် ကာကွယ်ကြမှာ ဖြစ်ပါတယ် မင်းသား"

"ကျေးဇူးပါပဲ ကျာပွတ်မယ်"

★

## အခန်း (၁၂)

### ပေါက်စေး ဘုရင်

သေးသွယ် ချွန်စူးသော ပေါက်စေးငယ် တစ်ချောင်း ဖြစ်၏။

ထိုပေါက်စေးလေးမှာ စေးပစ်သမားတို့အကြိုက် ပုံစံထုတ်ပြုလုပ်ထားသည့် စေးမျိုး ဖြစ်သည်။

စေးငယ်လေးတို့ လက်ဝါးထဲတွင် ထည့်၍ထားပေါက ပျောက်ကွယ်သွားလောက်အောင် သေးလွန်းလှ၏။

သို့သော်....

စူးရှချွန်မြနေသော စေးသွားကမူ လူတစ်ဦး၏အဆောက်အဦနှင့်ဆို တောင်းကောင်းကြီး ခြေနိုင်စွမ်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစွမ်း ထက်၍ ကြောက်မက်ဖွယ်ရာ ကောင်းသော အဝေးပစ် လက်နက်တစ်မျိုးပင်။

လူချင်းယှဉ်လျက် ဓားချင်းခုတ်ထစ်စရာမလို။

ခုန်လျက်ဖျပ်လျက် သိုင်းကွက်နင်းစရာမလို။

လက်ညှိုးနှင့် လက်မသာလျှင် လို၏။

ထိုလက်နှစ်ချောင်းဖြင့် ညှပ်တို့လျက် လိုရာသို့စေစားရ၏။

ရန်သူ၏ လည်မျိုလား၊ နှလုံးသားလား၊ ကြိုက်သည့် သေကွင်း သွားခိုင်းလို့ရသည်။

သူက အသွားကို ဘယ်လက်ချောင်းနှင့် ပွတ်သပ်ကြည့်၏။

သံမဏိရောင်တောက်နေသည့် ဓားသွားမှာ မြနေသည်။

သည်ဓားလေးများကို လက်ချောင်းက ထိစမ်းမိသည်နှင့် သူ၏စိတ်တို့က ဆူပွက်လာတတ်သည်။

ခက်ထန်လာတတ်သည်။

သူက သေတ္တာအနက် ရေဲဝှက်လျှောင်အိမ်ထဲမှ ပေါက်ဓားမျိုးစုံကို ထုတ်ယူလိုက်သည်။



ထို့နောက်....

သူက ပတ်ဝန်းကျင်ကို ဝေ့ဝဲ အကဲခတ်လိုက်သည်။

သူက သတိနှင့် တံခါးပေါက်ဆီ တိုးဝင်လိုက်သည်။

ခန်းမကြီးက သူ့အား စောင့်ကြိုနေသည်။

သူက ထိုခန်းမအလယ်သို့ နားရောမျက်လုံးပါ စွင့်လျက် တစ်လှမ်းချင်း လျှောက်ဝင်လာသည်။

ထိုစဉ်....

နားမှ အလွန်တိုးညှင်းသော အသံတစ်ခုကို ဖျတ်ခနဲကြားလိုက်ရသည်။

"ဝှီး...."

ထို့ကြောင့်....

ခေါင်းကိုနှိမ့်လျက် ငုံ့ချလိုက်ရသည်။

သူ့ခေါင်းထက်မှ ယင်တစ်ကောင် အောက်မြည်သွားသလို ဓားတစ်လက်က ဖြတ်သန်းသွား၏။

သူက ချက်ချင်းပင် ပွင့်ရာမှ ပြန်လည်ဖိတ်ခေါ်မည့် အမိုးတံခါးဆီ ဓားငယ်တစ်စင်း ပစ်လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်"

"ဒုတ်"

အံ့ဖုံးမှာ ပြန်လည်ပိတ်မရတော့၊ ခွေးငယ်က စိုက်ဝင်ပြီး ကန့်လန့်ခံနေခဲ့သည်။

ခွေးတစ်စင်းက သူ၏ လက်ညှိုးနှင့် လက်မကြားတွင် နောက်ထပ် နေရာယူလာသည်။

ထိုစဉ်....

ဟောင်သံ၊ မာန်သွင်းသံ၊ ခြိမ်းခြောက်သံတို့က နေရာစုံမှ ပေါ်လာ၏။

"ဟိတ်"

"ပစ်"

"သေစမ်း"

"သေပြီဟေ့"

"ဝှစ်"

"ရှမ်း"



"ရှပ်"

"ရှပ်"

ပေါက်ခွေးများက တစ်လက်ပြီးတစ်လက်၊ တစ်စင်းပြီး တစ်စင်း အဝေ်ပံ့လျက် သူ့ထံ ပြေးဝင်လာကြသည်။

တရစပ် သူ့ထက်ဝါ အပြိုင်ရောက်လာကြခြင်း ဖြစ်လေသည်။

သူက ခန္ဓာကိုယ်ကို ငုံ့လိုက်၊ မော့လိုက် လှန်လိုက် လိုက် ခုန်လိုက် တွန့်လိမ် ရှောင်တိမ်းနေခဲ့ရသည်။

ခွေးများက ဝှန်းခနဲရွာချသော မိုးသီး မိုးပေါက်များပမာ ရောက်ရှိလာကြခြင်း ဖြစ်သည်။

သူက ရှောင်ရင်းတိမ်းရင်းဖြင့် လက်ထဲမှပေါက်ခွေးငယ် ားနှင့် တုံ့ပြန်မပစ်ခတ်သွား၏။ အံ့ဝှက်များမှ ထွက်ပေါ်လာသောခွေးများ သူ့ဆီမရောက်မီ သူ၏ ပေါက်ခွေးက ဝှက်ထဲရောက်သွားပြီး စိုက်နေခဲ့၏။

သူက ခန်းမအလယ်တို့ ဖြတ်သန်းမိလာသည်။

သူ့အား ပစ်ခတ်သောခွေးသွားနှင့် သူက ပြန်လှည့် တုံ့ ပြန်သော ခွေးငယ်တို့ လမ်းတွင်ဆုံမိကြပြီး မီးပွင့်မီးပွားများ ပွင့်စဉ်ထွက်သွားကြသည်လည်း ရှိသည်။

ခန်းမတို့ နောက်ဆုံးဖြတ်မိချိန်ဝယ် ခွေးတစ်စင်းက သူ၏ ည်မျှဆီသို့ တန်းဝင်လာသဖြင့် ကြောင်လိမ်မိ၍ ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်ထဲမှ ပေါက်စားဖြင့် ချက်ချင်း တန်ပြန်ပြ
ပစ်လွှတ်လိုက်သည်။

သူ့ ခုံးတာလည်း စားထွက်လာရာ အံ့ဝှက်တံခါးအ
သွားရောက် စိုက်ဝင်နေပြန်သည်။

စားထွက်လာရာအံ့ဝှက်တံခါးတို့ ဘယ်အံ့ဝှက်မှုပြန်မပိ
နိုင်ဘဲ အပွင့်အဟ ဖြစ်ကုန်သည်။

"ဖြောင်း...ဖြောင်း"

"ဖြောင်း...ဖြောင်း"

လက်ခုပ်သံ တဖြောင်းဖြောင်းတို့ သူ့ အား ဩဘာပေ
ချီးမွမ်းသည့် သင်္ကေတအဖြစ် ပေါ်ထွက်နေကြသည်။

လူအချို့ ခန်းမထဲ ဝင်ရောက်လာကြ၏။

"အံ့သြစရာ အလွန်ကောင်းတယ်သခင်ကြီး၊ ကျွန်တေ
တို့တော့ တိုယ့်မျက်စိကို ကိုယ်တောင် မယုံချင်ဖြစ်သွာ
ရတယ်"

"ဒါလေးခက် ဖစ်နေတဲ့ကြားထဲ ရှောင်ရှင်း တိမ်းရှေ
တန်ပြန်ပစ်ခတ်သွားတာလဲ ကွက်တိပဲ"

"ဒါကြောင့်လဲ ပေါက်စားဘုရင်လို့ နာမည်ကျော်
တာပဲ နယ်စားကြီး"

သူ၏ လက်ရွေးစင် ရဲမက်များက တစ်ယောက် တ
ခေါက် ချီးကျူးလာကြရာ သူက အပြုံးလက်ဆောင်တုံ့ပြ
ရင်း...



"ဒါတွေဟာ ဆန်းလှတာ မဟုတ်ပါဘူး၊အခုလေ့ အကျင့်
အတော်တွေပါကွာ"

"မှန်တော့ မှန်ပါတယ်သခင်ကြီး၊ ဒါပေမယ့် လူတိုင်း
ဒါလောက် မဖြစ်နိုင်ကြပါဘူး၊ သခင်ကြီးကတော့ ပါရမီ
ရှိလို့ ဖြစ်ခဲ့တာပါပဲ နယ်စားကြီး"

လက်ရွေးစင် လူငယ်များမှာ သူတို့သခင်၏ အနုစည်ဆ
သန်းလှသော 'ပေါက်စားပညာ'ကို တလေးတစား ချီးကျူး
နေကြပေသည်။

သုံးလတာမျှသာ ကြာမြင့်သော ပြန်လည် လေ့ကျင့်မှု
အတွင်း ဤမျှအောင်မြင် တိုးတက်လာသော နယ်စားအား
'ပါရမီ' ပေါက်စားပညာရှင်ဟု ခေါ်ရမည်သာ ဖြစ်ပေါ
သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### ကျောက်ထစ်လုံးက လူတွေ

ကျောက်တစ်လုံးဒေသ၌ သိုင်းလေ့ကျင့်ကွင်းတွင်သူအ ရာဇာဂိုဏ်း တော်လှန်ရေး မျိုးချစ်များမှာ အပြင်းအထန် လေ့ကျင့် ကစားနေကြသည်။

ဂိုဏ်းချုပ် သံချိုင်းတောက် ယိဖုလင်သည် ခေသရည် တစ်ခွက်သောက်ရင်း ဂိုဏ်းသားများအား ကြည့်ရှုနေ သည်။

သူတို့ဂိုဏ်းကား အများအားဖြင့် အောက်ခြေသိမ်း လူဆင်းရဲများသာ ဖြစ်ကြ၏။



ဂိုဏ်းချုပ်ကြီး သံချိုင်းတောက် ကိုယ်တိုင်က သူ့ဆရာဇာ ကြီး တစ်ဦးဖြစ်ကာသူ၏လက်ထောက်မှာ သူတောင်းစားကြီး ကျုံးစီ ဖြစ်၏။

ဤကျောက်တစ်လုံး ဒေသသို့ ရောက်မလာမီကဆိုလျှင် သူတို့ဂိုဏ်းမှာ သချိုင်းပျက်တစ်ခု၌ စုဝေးနေထိုင် ကြရ သည်။

ဂိုဏ်းစတင် ထူထောင်ခါစဖြစ်၍ ဂိုဏ်းသား အင်အား လည်း ယခုလောက် မများပြားသေးရာ သချိုင်းပျက်၌ နေထိုင်လေခဲ့၏။

ထိုသချိုင်းပျက်၌ သံချိုင်းတောက်ယိဖုလင်ဦးဆောင်ပြီး သူတောင်းစားကြီး ကျုံးစီနှင့်နှစ်ဦးတည်း စတင်တည်ထောင် ခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်က မန်ချူးနယ်ချဲ့တို့ တရုတ်ပြည်ကြီးအား ကျူး ကျော် သိမ်းပိုက်ထားခဲ့သည့် ငါးနှစ်ပြည့်မြောက်သည့်အခါ ပေယ ဖြစ်၏။

မန်ချူးတို့က ငါးနှစ်ပြည့်မြောက် အသိမ်းအမှတ်နှင့် ပျော်ပွဲရွှင်ပွဲ အောင်ပွဲများ ကျင်းပနေခဲ့ကြသည်။

www.burmeseclassic.com



မိန်းရှူးမီးဝန်းမျာ၊ ပွစ်ဖောက်လျက် မန်ချူးတို့ ပျော်ပေါ်
မြူးထူးနေခဲ့ကြ၏။

သံချိုင်းထောက် ယိဖုလင်က သချိုင်း၏ အုတ်ဂူတစ်လုံး
ပေါ်ဝယ်ထိုင်လျက် မန်ချူးတို့၏ မီးရှူးမီးဝန်းများအာ
မော့ကြည့်၍ မခံမရပ်နိုင် ဖြစ်နေမိသည်။

သူတို့တရုတ်ပြည်ကြီးအား မတရား အနိုင်ကျင့်လျ
ကျူးကျော် စေ့ကားခဲ့ကြသော မန်ချူးတို့အား သူ
ဒေါသဖြစ်စွာ 'တက်'ခေါက်လိုက်မိသည်။

"တောစတ်"

"ဘယ်လိုဖြစ်လို့ တစ်ယောက် တည်း ဒေါသဖြစ်
တက်ခေါက်နေရတာလဲ ယိဖုဈင်ရဲ့"

သူ့အနီးအုတ်ဂူတစ်လုံးပေါ်ဝယ်ဝင်ထိုင်ရင်းသူတော
စားကြီး ကုံးစီတ မေးမြန်းလိုက်ခြင်း ဖြစ်သည်။

"ဟာ ... ဟိုမှာမတွေ့ဘူးလားဗျာ၊ ကျုပ်တို့ နိုင်ငံ
မတရား စေ့ကားထားတဲ့ သူခိုးဓားပြ မန်ချူးတွေ မျက်
မြှောင်တိုက်ပြီး မရှက်မကြောက် ပျော်ရွှင်နေကြတာ၊ ထွ



သူက မကျေမနပ်ဖြင့်ပြောလိုက်သောကြောင့် သူတောင်း
စားကြီး ကုံးစီက မျက်မှောင်ကြုတ်လိုက်ပြီး—

"အေးဗျ...ဒီမန်ချူးတွေဟာ တော်တော် လူဝါးဝတယ်၊
ပ်တို့နိုင်ငံကို မတရားလာပြီး စစ်တိုက်အနိုင်ကျင့်တဲ့အပြင်
ဖြစ်မဲ့တဲ့ ပြည်သူတွေကိုလဲ ဖိနှိပ်ညှင်းဆဲနေတာ မကြည့်
တ်စရာဘဲ"

"ကျုပ်ကတော့ ဒီကောင်တွေကို ပြန်ဆော်ချင်တာပဲ
ာ"

"ဆော်ချင်ဆော်ပေါ့ဗျာ၊ ခင်ဗျားကို ဘယ်သူကတား
လဲ၊ ဟဲ...ဟဲ"

"အင်း...ဟုတ်တယ်နော်၊ ကျုပ်ဆော်ချင်ရင် ရတာပဲ၊
ားပေးမယ့်လူတွေလဲရှိမှာ၊ ခင်ဗျားတရော ဘယ်လိုလဲ၊
ားပေးမှာလားဗျ"

"ဟား...ဟား...ဟား၊ သံချိုင်းထောက်ရယ်၊ ခုနေခါ
ချူးတွေကို ခွေးပဲကိုက်ကိုက် လူပဲရိုက်ရိုက် ကြိုက်တဲ့သူ
ချည်းပဲ၊ ဟဲ...ဟဲ..."

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ခိုက် သင်္ချိုင်းအတက်သို့ မြင်းစီးမန်ချူးရဲမက်နှ[illegible] စကားတပြောပြောနှင့် မြင်းများကို စီးနင်းလာကြ၏။

“ဟာ…အစောတစ်ပဲ၊ သေချင်တဲ့ငါ့က ဝင်တွေ ရောက်လာ[illegible] အသာနေ ကျုပ်ဆော်ပြမယ်”

သူတို့ နှစ်ဦးတ သင်္ချိုင်းတွင်း ထိုင်နေကြခြင်းဖြ[illegible] မန်ချူးတို့ သင်္ချိုင်းမြင်ပမှ လမ်းအတိုင်းမြင်းစီးလာကြ[illegible] သည်။

သင်္ချိုင်းပျက်ကြီးမှာ အုတ်တံတိုင်းများ ရှိသေးရာ အ[illegible] နေရာ၌ကျိုးပဲ့ပေါက်ပျက်နေသောကြောင့် သင်္ချိုင်းထော[illegible] က ထိုနေရာသို့ လျင်မြန်စွာ ခုန်ကပ်သွားခဲ့သည်။

သင်္ချိုင်းထောက် အုတ်တံတိုင်းပေါက်တွင် ကပ်နေသ[illegible] [illegible]သို့ မန်ချူးရဲမက်နှစ်ဦးက သတိမထားဘဲ လာနေ[illegible] သည်။

သူတောင်းစားကြီး ထော့ကျိုး ကိုးစီ(ဗ) အုတ်ဂူ[illegible] ထိုင်ပြီး သင်္ချိုင်းထောက်၏ အပြုအမူကို စောင့်ကြည့်[illegible] ခဲ့သည်။



သူက သင်္ချိုင်းထောက်အစား တုန်လှုပ်ချောက်ချားနေ မိသည်။

အဘယ်ကြောင့်ဆိုသော် မန်ချူးများက မြင်းစီးလျက် နှစ်ယောက်တွဲအား၊ ထို့ပြင် ခါးများတွင်လည်း ရှည်လျားသည့် ဓားရှည်များက တန်းလန်း။

တစ်ဦးတွင်မူ မြင်းရိုက်ကျာပွတ်ပင် ကိုင်ဆောင်လာခဲ့ သေး၏။

သင်္ချိုင်းထောက်အား ခြေတစ်ဖက်မရှိသည့် ဒုက္ခိတကြီး တစ်ဦးသာ။

ထို့ကြောင့်…

သူက လက်ကောက်ဝတ်လုံးခန့် တောင်ဝှေးတုတ်ကို ထောက်လျက် ထော့ကျိုးထော့ကျိုးဖြင့် အုတ်တံတိုင်းပေါက် အနားသို့ လျှောက်သွားခဲ့လေသည်။

သူက လိုအပ်လျှင် သင်္ချိုင်းထောက်ကြီးအား ကူညီနိုင်ရန် ဖြစ်၏။

သင်္ချိုင်းထောက် ယိုဖုလင်တစ်ယောက် ထိုမန်ချူးနှစ်ဦး အား အနိုင်မတိုက်နိုင်ပါက ထိုမန်ချူးတို့၏သုတ်သင်ခြင်းကို ခံရမည်မှာ [illegible]ပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ခိုက် မန်ချူး ရဲမက်နှစ်ဦးက ယိဖုလင်အနီးသို့ ရောက်ရှိလာကြ၏။

သူတို့က သံချိုင်းထောက် ကုပ်နေသည့် အုတ်တံတိုင်း ဝေါက်ကို တစ်လှမ်းနှစ်လှမ်းခန့် ကျော်သွားကြဖလသည်။

ရုတ်ခြည်း ယိဖုလင်က မယုံကြည်နိုင်လောက်အောင် လှုပ်ရှားလိုက်သည်။

သူ၏ သံချိုင်းထောက်ကြီးက လေတွင် အရှိန်ပြင်းစွာ ပြေးထွက်သွားခဲ့၏။

"ဝှီး"

"ခွပ်"

"အ"

သံချိုင်းထောက်နှင့် မန်ချူးရဲမက် ဦးခေါင်းနှင့်နောက် စေ့ ထိခတ်သံတို့ ကျယ်လောင်စွာ မြည်သွားကြသည်။

မန်ချူးတစ်ကောင် ရှေ့တိုထိုးကျသွား၏။

ကျန်ရှိသောမန်ချူးမှာ ရုတ်တရက် ကြောင်အမ်းအမ်း ကြည့်မိစဉ်....



သံချိုင်းထောက်ယိဖုလင်သည် မြေပြင်၌သံချိုင်းထောက် ကို ထောက်ပြီး ခြေတစ်ဖက်နှင့် မန်ချူး၏မျက်နှာကိုခုန်ကန် လိုက်သည်ကို တွေ့ရသည်။

"ဝုန်း"

"မောင်း"

ထိုမန်ချူး မြင်းထက်မှ နောက်ပြန် လန်ကျသွားသည်။

ထိုမန်ချူး မြေပြင်ပေါ်ကျသည်နှင့် ယိဖုလင်၏သံချိုင်း ထောက်က လည်မျိုအား ထောက်ပြီးသား ဖြစ်သွားလေ သည်။

"ဒုတ်"

"အု"

လည်မျိုပေါ် သံချိုင်းထောက် ထောက်လိုက်သည်နှင့် မန်ချူးထံမှ လည်နင်သံတစ်ချက်ကြားရ၏။

ထော့ကျိုးကြီး ကုံးစီမှာ သံချိုင်းထောက် ယိဖုလင်၏ လျင်မြန်လှသော တိုက်ခိုက်မှုများအား မယုံနိုင်သည့်အလား ငေးကြောင်ကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံချိုင်းထောက်က မန်ချူးအခလောင်းနှစ်လောင်းအား ကုပ်မှ လက်တစ်ဖက်ဖြင့်စုံကိုင်၍ သချိုင်းထဲသို့ဆွဲသွင်းသွားသည်။

နွှတ်မှလည်း မအော်ဟစ်သွားခဲ့၏။

"ကျို...ထောက်ကျိုးကြီး၊ မြင်းနှစ်ကောင်ကိုဆွဲခဲ့ဗျာ"

"ကောင်း...ကောင်းပြီယိုဗုလင်"

ထောက်ကျိုးကြီး ကိုးစီသည်လည်း သခင်မဲ့သွားသည့် မြင်းနှစ်ကောင်ကိုဆွဲလျက် သချိုင်းပျက်အတွင်းဝင်ရောက်ခဲ့သည်။

သူတို့က ဂူပျက်တစ်ခုတွင် မန်ချူးရဲမက်တို့၏အလောင်းများကို ထားလိုက်ကာ မန်ချူးတို့၌ပါသသည့်ဓားလှံများနှင့် ဓားများကို ခွဲဝေယူလိုက်ကြလေသည်။

"တဲ...တဲ၊ ကျုပ်တို့တွေ မန်ချူးဘုရင်ကို တော်လှန်ပုန်ကန်တဲ့ သူပုန်တွေ ဖြစ်သွားပြီဗျ"

"မှန်...မှန်တယ်ဗျ၊ မန်ချူးတွေသိသွားရင်တော့ကျုပ်တို့ အသတ်ခံရမှာပဲ"



"ဟား...ဟား"

"ဟား...ဟား"

သံချိုင်းထောက်ကြီးက ကျယ်လောင်စွာ ရယ်မောလေသည်။

"သူတို့မသတ်လဲ တင်နေ့ ခင်ဗျားရောကျုပ်ရော မသေတော့ဘူးလား ကိုးစီရယ်"

"ဒါတော့...ဒါပေါ့ဗျာ၊ ဒါပေမယ့်..."

"ဘာမှဒါပေမယ့်မနေနဲ့ ကိုးစီ၊ ခုချိန်ကစပြီး ခင်ဗျားနဲ့ ကျုပ် မန်ချူးဆန့်ကျင်ရေးဂိုဏ်းတစ်ခုကို ထူထောင်ကြမယ်၊ ကျုပ်က ဂိုဏ်းချုပ်၊ ခင်ဗျားက လက်ထောက်ဂိုဏ်းချုပ် တဲ...တဲ"

သူတောင်းစားထောက်ကျိုးကြီးကိုးစီမှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်နေမိ၏။

သူတို့လက်ထဲ၌လည်း မန်ချူးတို့၏ ဓားဘစ်လက်စီ ကိုင်ဆောင်ထားကြသည်။

"ဘယ်မှာလဲ ဂိုဏ်းသားတွေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာလေဗျာ၊ ဟဲ...ဟဲ"

သံချိုင်းထောက်ကြီးက အုတ်ဂူအဟောင်း အပျက်များဖ
လက်နှင့်ဓေ့ယမ်းပြီး ဖြေကြားလိုက်သည်။

"ဂိုဏ်းနှစ်မည်ကရော"

"သုဘရာဇာက ထူထောင်တာပဲ၊ သုဘရာဇာဂိုဏ်းပေါ့
ဗျ၊ ထွေထွေထူးထူးဘာခေါင်းစားစရာလိုလဲ"

သူတောင်းစား ထော့ကျိုး ကုံးစီက သံချိုင်းထောက်
ကြီး ယီဖုလင်၏လက်မှခေါင်းကို စောင်းငဲ့ကြည့်လျက်...

"ကောင်းပြီလေ...ကျုပ် ခင်ဗျားခန့်တဲ့ရာထူးကို လက်
ခံပါတယ်"

"ဟဲ...ဟဲ၊ ဒါဆိုရင် ကျုပ်ရဲ့ သုဘရာဇာဂိုဏ်း အထ
မြောက်ပြီပေါ့ဗျာ၊ ဟား...ဟား"

"ချင်"

"ချမ်း"

သံချိုင်းထောက်ယီဖုဆင်နှင့် ထော့ကျိုးကြီးကုံးစီတို့သည်
ခေါင်းများကို တယ်ညာချိုက်ချလိုက်ကာ ဝမ်းမြောက်စမ်းသာ
သစွာတတ်ဘီ ဆိုလိုက်ကြ၏။



အသက်ဝိညာဉ် ကုန်ဆုံးသည်အထိ နယ်ချဲ့မန်ချူးတို့
အား ဆန့်ကျင်တိုက်ခိုက်ကြရန် ကတိသစ္စာ ဆိုလိုက်ကြ
လေ၏။

"မဟား"

"ဟေး"

"သုဘရာဇာဂိုဏ်းတဲ့ကွ"

သံမြိုင်ဟစ်ကြွေးလိုက်ကြပါ၏။

ယခုတော့...

သူတို့အဖွဲ့ကြီးမှာ လူအင်အားရော မနအင်အားရော
တောင့်တင်းခိုင်မာနေခဲ့ပြီ။

တစ်ချိန်က...

သင်္ချိုင်းပျက်များအတွင်း နေထိုင်ခဲ့ရသော ဂိုဏ်းသား
များသည် ဤခေချောက်တစ်လုံးဒေသသို့ ရောက်သောအခါ
အလွန်လွတ်လပ်စွာ နေဆိုင်ကြရသည်။

ယခင်ကဆိုလျှင်...

www.burmeseclassic.com

www.burmeseclassic.com



နေ့အခါများ၌ အပြင်ထွက်ခွင့်မရှိ။

သင်္ချိုင်းပျက်များအတွင်းပုန်းအောင်းလျက်နေထိုင်ခဲ့ကြရသည်။

နေ့ဘက်တွင် ဂိုဏ်းသားများမှာ ပေါ်ပေါ်ထင်ထင်မနေရ။

အဘယ်ကြောင့်ဆိုသော်....

မန်ချူးများ ရိပ်မိပြီး အတိုက်ခံရမှာ စိုးသောကြောင့်ဖြစ်၏။

ကြိုတင်ကာကွယ်သော စည်းကမ်းချက်များအား ဂိုဏ်းချုပ်ကြီးက ထုတ်ပြန်ထားသည်။

ညဘက်တွင်သာလျှင် သိုင်းလေ့ကျင့်ခွင့်ရှိသည်။

စကားစမြည် ပြောဆိုခွင့်ရှိသည်။

သည်မျှ စည်းကမ်းချက်များတင်းကျပ်ထားခဲ့သော်လည်း တစ်နေ့၌ မန်ချူးရဲမက်များ ရိပ်မိပြီး သူတို့ အလစ်တွင် ဝင်ရောက်တိုက်ခိုက်ခြင်း ခံခဲ့ရ၏။



အလစ် အငိုက် ဖြစ်၍ ဂိုဏ်းသားများမှာ ရုတ်တရက် အားသင့်ပြီး စုစည်းမှုမရှိဘဲ ဖြစ်နေသည်။

ဂိုဏ်းချုပ် သံချိုင်းထောက် ယိဖုလင်မင် သံချိုင်းထောက် ပါတဲ့ ဓားတစ်လက်နှင့်သာ မန်ချူးများအား ခုခံ ကာကွယ်နေခဲ့ရရှာသည်။

မန်ချူးရဲမက်အင်အားက ဓားကိုင် အယောက်ငါးဆယ်ခန့် ဖြစ်၏။

မြင်းစီးသမားများလည်း တစ်ဝက်ခန့်ပါလာကြသည်။

မည်သို့ဖြစ်စေ အလစ်အငိုက်ဖြစ်၍ ဂိုဏ်းသားများမှာ အထိအခိုက်များသည်။

သူတို့ဂိုဏ်းသားများမှာ မန်ချူးတို့အား ရှုံးလုလုနီး နေခဲ့ပြီး ဂိုဏ်းချုပ်သံချိုင်းထောက် ယိဖုလင်မင် မန်ချူးဗိုလ်၏ ဓားချက်အောက်ဝယ် အလူးအလဲခံနေခဲ့ရသည်။

ထိုစဉ်ခိုက်__

တိုက်ပွဲအခြေအနေတို့ ပြောင်းပြန်လှန်စေမည့် ရကာ ပွတ်မယ်နှင့် မဟူရာမြောင်နက်ဂိုဏ်းသားအချို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလာပြီး သူတို့အား ကူညီခဲ့ကြသဖြင့် မန်ချူးတို့လက်တွင်း လွတ်မြောက်ခဲ့ကြသည်။

ထံချိုင်းထောက် ယိဖုလင်မှာ မန်ချူးတင်ဗိုလ်၏ ... ချက်ကို ခုခံကာကွယ်ရင်းဖြင့် မရဏကျောပွတ်မယ် ဖစ်... လိုက်သော သံချိုင်းထောက်ကိုဖမ်းယူပြီး မြေတစ်ချောင်း... သာ တိုက်ခိုက်ရသည့်ဘဝမှ လွတ်မြောက် သွားခဲ့ရ... သည်။

သို့မဟုတ်ပါက...

မန်ချူးဓားချက်နှင့် ယိဖုလင်မှာ ဇာတ်သိမ်းမကော... ဘဲ ဖြစ်သွားနိုင်လေသည်။

သို့ဖြင့် သူတို့ဂိုဏ်းမှာ ထိုအချိုင်းပျက်အား စွန့်ခွာခဲ့... သည်။

ကျောက်တစ်လုံးဓွေသသို့ ရောက်ခဲ့ကြရလေသည်။

ဂိုဏ်းချုပ်ကြီး သံချိုင်းထောက် ယိဖုဆင်သည် သေရေး... တစ်ခွက်သောက်ရင်း ဆူပြူစုံပျိုးထောင်ခဲ့ရသည့် ဂိုဏ်း... ဂိုဏ်းသားများအကြောင်း တွေးတောလျက် ကြည်နူးပီ... ဖြစ်နေခဲ့လေသည်။



ထိုစဉ်ခိုက်...

ဂိုဏ်းသားတစ်ဦးမှာ ဂိုဏ်းချုပ်ကြီးရှိရာသို့ တရကြမ်း ...တ်ခြေတင် ပြေးလာခဲ့သည်ကို တွေ့ရ၏။

"ဟေ့...ဟိုမှာ ဂိုဏ်းသားတစ်ဦး ဘာဖြစ်လာသလဲ ...သိဘူး"

လက်ထောက်ဂိုဏ်းချုပ် ထော့ကျိုးကြီး ကုံးစိက မြင် ...ဖြင့် ထအော်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး...ဂိုဏ်းချုပ်ကြီး...မန်ချူးတွေ စခန်း ...က်တို့ ဦးတည်ချီတက်လာနေကြပြီ"

"ဟေ..."

"တာကွယ်"

ဂိုဏ်းချုပ်ရော လက်ထောက်ဂိုဏ်းချုပ်ရော ထိုဂိုဏ်း ...ားအား စေ့စေ့ကြည့်လျက် မယုံကြည်နိုင်သလို ...ကြ ...ည်။

www.burmeseclassic.com

www.burmeseclassic.com



"မန်ချူးတွေ ချီတက်လာနေပြီ၊ ခေါင်းနဲ့ အလွန်နီးက
နေပြီခင်ဗျ"

"အေ...ရန်သူဟေ့...ရန်သူ"

ထော့ကျူးကုံစီကြီးက လေ့ကျင့်ကွင်း၌ သိုင်းလေ့ကျ
နေကြသည့် ဂိုဏ်းသားများအား အော်ဟစ်သတိပေးလို
ရာ ဂိုဏ်းသားများမှ လေ့ကျင့်ကွင်းမှ လက်နက်မျ
ထားသိုရာ တော့ဘတ်လိုက်ဆီသို့ ပြေးလွှားကြကုန်သည်။

"လက်နက်တွေယူကြဟေ့"

"မန်ချူးတွေ ရောက်လာကုန်ပြီ"

ဂိုဏ်းသားများ လက်နက်ထားသိုရာသို့ မရောက်မီပင်
မန်ချူး မြင်းသည်တော်တို့ တရကြမ်း ဒုန်းစိုင်းလာကြသည်
ကို တွေ့ရ၏။

သူတို့နှင့်အတူ မြှားတံများကို အရှင်လွှတ်၍ စိုင်းနှင်လာ
ကြခြင်း ဖြစ်သည်။



မန်ချူး မြှားများက ကျောက်တစ်လုံး တောင်ခြေတွင်
မိုးရွာသကဲ့သို့ အဆက်မပြတ် ကျရောက်နေသည်။

ဂိုဏ်းချုပ်ကြီးက သူ၏သံချိုင်းထောက်ကြီးကို စွေ့ယမ်း
ကာ အော်ဟစ်အမိန့်ပေးနေလေသည်။

"လိုက်တွေထဲ အမြန်ဝင်ကြဟေ့၊ လေးမြှားသမားတွေ
တ်ချပ်း တန်ပြန် ပစ်ကြစမ်း"

"လုံသမားတွေ အကာအကွယ်ယူပြီး အသင့်ပြင်"

တကယ်တော့ ပေထီ ဆိုကတည်းက သူတို့ ဂိုဏ်းသား
ားမှာ မြှားချက်မှန်ပြီး တောင်ခြေမှာ အတုံးအရုံး လဲပြို
နေကြရပြီ။

ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ပင် မြှားတစ်ချက်မှယူနိုင်၊ အချိန်
ခဏလေးအတွင်းမှာပင် မန်ချူးတို့က သူတို့ ရှေ့ခုမှာက်သို့
ရောက်လာခဲ့ကြသည်။

မန်ချူးတို့က ရဲမက်အင်အားလည်း များပြားလှသည်။

ရှေ့ဆုံး၌ ရှိအန်းနယ်စားကိုယ်တိုင် ဦးဆောင်ပြီး လာ
ရောက် တိုက်ခိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး...ဟေး...ဆော်...ဒတ်...ဟေး"

"သူပုန်တွေရဲ့ ခေါင်းဖြတ်ကြကွ"

"သူဘာရာဇာတွေကို တိုက်ကြဟေ့"

သူဘာရာဇာဂိုဏ်းသားများတား စုစည်းခုခံချိန်ဝင် မေ လိုက်ချေ။

ချူရှန်လန်းက ဂိုဏ်းချုပ် သံချိုင်းထောက်နှင့် လက် ထောက် ထော့ကျိုး ကုံးစီတို့ထံ ဦးတည်ပြီး မြင်းစိုင်းနှ ဆော်ချေသည်။

သူတို့ဂိုဏ်းချုပ်နှစ်ဦးမှောင်းမှဓားတစ်လက်သာရှိသည်

ယီဖုလင်က သူ၏ ချိုင်းထောက်အား လက်နက်အဖြ သုံးရန် အဆင်သင့် ပြင်လိုက်သည်။

"ဟိတ်"

"ယား"

"ဒုက္ခိတတွေ သေပေတော့"



"ကုံးစီ၊ ခင်ဗျား ဟိုဘက်ကတိုက်"

သူတို့နှစ်ဦးက ချူရှန်လန်း၏ မြွေးခေါင်းတို့ နှစ်ယောက်ကို ကြားမှ တုတ်ဖြင့် တားပေးလိုက်သည်။

ထော့ကျိုးကုံးစီသည် ဓားကိုကိုင်ဆောင်လျက် ရန်သူ ဓား တိုက်ခိုက်ရန် ဆန့်တန်းထားလိုက်၏။

"ဝှစ်"

"အား"

"ဝှီး"

"ဝုန်း"

"အီး"

"ထန်း"

ရှိအန်းနယ်စား ချူရှန်လန်းသည် သူဘာရာဇာဂိုဏ်းချုပ် ဦးထံသို့ မြင်းအား ဦးတည်လျက် ဒုန်းစိုင်းနှင်လာပြီး က်တစ်ဖက်ကို ယမ်းလိုက်ရာ ငရဲငှက်ဓားစ်ကောင် အရှိန် ပြင်းစွာ ပြေးထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကခေါ်းကိုမြှောက်ပင့်လျက် ဆီးကြိုခနေသည့်ထော့ကျ ကုံးစီထံ ဦးစားခေး ပစ်လွှတ်လိုက်ခြင်း ဖြစ်၏။

သူ၏ခေါက်မေားမှာ အရှိန်ပြင်းထန်လှသည့်ပြင် ဖြေ တန်းစွာ တစ်ရှူးထိုးထွက်သွားခဲ့ရာထော့ကျိုးကြီးခမျှာ ေ ကိုင်မြှောက်လျက်က ပြန်မချနိုင်ရှာတော့ချေ။

ခေါ်းကြီးနှင့်အတူ ဖောည်မျိုးတွင်ဝရဲဌက်စိုက်ဝင်ပြီး နော ပြန်နှီ လန်၍ လဲကျသွားရှာ၏။

ချူရှန်လန်းက လက်နက်မဲ့သည့်ဘူ ယူဆထင်မှတ်ထာ ခံရသော ယိဖုလင်ထံမှ မအော်လင့်ဘဲ သံချိုင်းထောက်ကြီ တာ ပြင်းထန်လှသော အရှိန်အဟုန်နှင့် ထွက်လာပြီး သူ မြင်းကိုရိုက်ချလိုက်ရာ မြင်းမှာဒရွေ့ကျ၍ ကျွမ်းစိုက်ကျသွားတော့ သည်။

မြင်းနှင့်အတူ လွင့်ကျသွားခသော ချူရှန်လန်းသည်အဝေး သို့ ခုန်ထွက်သွားခဲ့၏။

သူက ချက်ချင်းပင် ထိုနယ်ကိုလှည့်၍ ငရဲဌက်တစ်ကောင် အား ယိဖုလင်ထံ ပစ်လွှတ်လိုက်ပြန်ပေ၏။



"ရွှမ်း"

"ထန်း"

သို့ရာတွင်…

ယိဖုလင်က ပြေးဝင်လာသည့် သူ၏ခေါက်ဓားအား သံချိုင်းထောက်နှင့် လျင်မြန်စွာ ရိုက်ချလိုက်နိုင်သည်။

ချူရှန်လန်း၏ ခေါက်ဓား လည်မျိုစိုက်ခံထားရသော ထော့ကျိုးကြီးမှာ မျက်နှာတစ်ပြင်လုံး ပြာနှမ်းလျက် မျက်လုံးအစုံက ပြူးကျယ်ပြီး အသက်ပျောက်နေခဲ့ပြီဖြစ်လေသည်။

"အဆိပ်ဓား"

ထော့ကျိုး ကုံးစီ၏ မျက်နှာကိုကြည့်ပြီး သူထိတ်ခနဲ ဖြစ်သွားမိ၏။

သူ၌ ဓားမရှိ။

အဝေးပစ်လက်နက်ပုန်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးခေးသမားမှာ အဆိပ်လူး ပေါက်ခေးနှင့် သူ့အား ရင်ဆိုင်လာသည်။

ပထမပေါက်ခေးက ဓားကွယ်ရိုက်ထုတ်ခြင်း ခံရသဖြင့် ချူရှန်လန်းမှာ မကျေမချမ်းဖြစ်လျက်ရှိ၏။

သူနှင့် ရန်သူက ဝါးနှစ်ရိုက်သာသာခန့် ကွာလှမ်းလေသည်။

"ဒီမှာ သုဘရာဇာကြီး၊ ခင်ဗျားတို့ရဲ့ အရှင်သခင်လေး ဘယ်မှာလဲ၊ မှန်မှန်ပြောရင် အသက် ချမ်းသာရာရမယ်"

"ဘာကွ"

မန်ချူးတို့က တစ်ချက်ခုတ်နှစ်ချက်ပြတ် တိုက်ခိုက်လာခြင်းဖြစ်၏။

"ဘယ်က အရှင်သခင်လေးလဲ၊ မသိဘူး"

သံချိုင်းထောက်က ဘူးကွယ်လိုက်လေသည်။

"ဟဲ...ဟဲ၊ ဒီလိုဘူးကွယ်ရင်တော့ မိုက်မဲရာကျလိမ့်မယ် သုဘရာဇာ"



"တိုက်မှာသာ တိုက်စမ်းပါ မန်ချူးကောင်ရယ်၊ ကျုပ်ဆီက ဘာမှမသိရဘူးမှတ်ပါကွ"

"ဟဲ...ဟဲ၊ ဒါက ခင်ဗျားအထင်ကိုး၊ ကျုပ်တို့ ယှဉ်လို့ရမယ်ထင်နေတယ်မဟုတ်လားဗျ"

သူ၏ခြိမ်းခြောက်မှုအား သံချိုင်းထောက် ယိဖုလင်က ဂရုမစိုက်ချေ။

ရှေ့တစ်လှမ်း တိုးကပ်လာ၏။

"ခင်ဗျားကြီး ရှေ့တစ်လှမ်း မတိုးနဲ့"

"ဟဲ...ဟဲ...ဟဲ..."

သုဘရာဇာကြီးက မထိမဲ့မြင်ဟန်နှင့်ဆက်လက်လျှောက်သည်။

တကယ်တော့...

ရန်သူမှာ အဝေးပစ်လက်နက်က ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သံချိုင်းထောက်မှလွဲလျှက် အပ်ကို တစ်ချောင်း ဆောင်မရှိ။

သည်တော့...

အနီးကပ်တိုက်ရုံမှတစ်ပါး အခြားနည်းလမ်းမရှိ။

"ခင်ဗျားနဲ့ စကားပြောစရာရှိနေလို့ သည်းခံနေတာဗျို့၊ နို့မဟုတ်ရင်တော့ ခုဆို လည်မျို ထုတ်ချင်းဖေါက် သွားပြီ..."

"ဩော်...ကျုပ်က လက်မပါတော့ဘူးလား"

သူဘာရာဇာကြီးက မထီမဲ့မြင် ဟန်နှင့် တုံ့ပြန်လိုက်သည်။

"ခင်ဗျားလို လက်နှစ်ဖက်နဲ့လူ မပြောနဲ့ဗျို့၊ လက် ဆယ်ဖက်နဲ့လူတောင် ကျုပ်ရဲ့ ငရဲငှက်ပေါက်စေးကို မတားနိုင်ဘူးဗျ"



ချူရှန်လန်းမှာ သူဘာရာဇာဂိုဏ်းချုပ် သံချိုင်းထောက် ယိဖုလင်အား အချိန်မရွေး သတ်ဖြတ်နိုင်သည် ဟူသော အပြောမျိုးနှင့် ခြိမ်းခြောက်လိုက်သည်။

"တော်တော်စကားထွားတဲ့မန်ချူး၊ ကဲဟေ့ ဒါလောက် ကျယ်လှတဲ့ပါးစပ်ကို ငါ့သံချိုင်းထောက်နဲ့ရိုက်ဖွဲ့ပစ်ရမယ်၊ လာပြီဟေ့"

သူဘာရာဇာဂိုဏ်းချုပ် သံချိုင်းထောက် ယိဖုလင်မှာ စိတ်ရှည်တော့ဘဲ ရှိအန်းနယ်စား ချူရှန်လန်းထံသို့ တစ်ဟုန်ထိုး တိုက်ခိုက်ရန် ခုန်လွှားလိုက်တော့သည်။

"ဟိတ်"

"ယား"

"ဝှစ်"

"အ"

"ဘုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား...ဟေး"

ရေငှက် ပေါက်စားတစ်ချောင်းက သံချိုင်းထောက် ယိုလင်၏ ခြေတစ်ဖက်ကို စိုက်ဝင်သွားလေသည်။

ထို့ကြောင့်...

ယိုဖုလင်မှာ တစ်ဖက်သို့ ယိုင်လဲကျသွား၏။

သူက ဂိုက်းသားများနှင့် မန်ချူးတို့၏ တိုက်ပွဲကို လှမ်းကြည့်မိလိုက်သေးသည်။

မည်သည့် ဂိုက်းသားမှလည်း သူ့အား လက်ရောက် မကယ်ဆယ်နိုင်။

သူတို့ကိုယ်တိုင်ပင် အသက်လု၍ အသေအလဲ ခုခံ ကာကွယ်နေရသည်ကို တွေ့သည်။

"ဟဲ...ဟဲ...ဟဲ...ဟဲ...ဘယ်လိုလဲ သူဘရာဇာကြီး"

ချူရှန်လန်းက အနီးသို့ ရောက်လာပြီး သရော်ပြုံးနှင့် မေး၏။



"ကျုပ်ရှုံးတာပဲ၊ သတ်လိုက်ပေါ့ကွ"

သံချိုင်းထောက် ယိဖုလင်က ရဲဝံ့စွာ တုံ့ပြန်လိုက်သည်။

"ခြေ...ဒီလိုလား...ဟဲ...ဟဲ"

ချူရှန်လန်းသည် ခါးတွင်ချိတ်ထားသော ဓားပြားကြီးအား ဆွဲထုတ်လိုက်သည်။

"လာပြီဗျို့...ရေသွားဖို့သာ ပြင်ပေတော့"

"ဝှစ်"

"ဒုတ်"

"အ"

သံချိုင်းထောက် ယိဖုလင်မှာ မျက်စိကို စုံမှိတ်ထားမိသည်။

သို့ရာတွင်...

ဝေဒနာက သူ၏ လည်ပင်း၊ ရင်ဘတ်၊ ဝမ်းဗိုက်တို့မှာ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်မှာပဲ ဖြစ်သည်။

သူက မျက်စိအားပြန်လည်ဖွင့်ကြည့်လိုက်မိပြန်ရာ သူ၏ ခြေထောက် အောက်ပိုင်းမှာ ပြတ်တောက်နေလေသည်။

ပေါက်ပြား ထိမှန်ထားသောအပိုင်းမှာ ပြတ်တောက်သွားသော အောက်ပိုင်းတွင် ပါသွား၏။

ထွေးများကတိုခနဲပြတ်သွားသောဒဏ်ရာမှ မြင်မကောင်းအောင် ယိုစီးနေသည်။

"မင်းက အာလို့ငါ့ကို မသတ်ရတာလဲ"

သူက မကျေမနပ်နှင့် မေးမြန်းလိုက်၏။

"သတ်တာမဟုတ်ဘူး၊ ကယ်လိုက်တာ"

"ဘာ...မင်းက ငါ့အသက်ကိုကယ်တယ်"

"ဟုတ်တယ်၊ ခင်ဗျားကို မသေစေချင်သေးလို့ ကယ်တာပဲ၊ ကျုပ်ခုလို ခင်ဗျားခြေထောက်ကိုမဖြတ်ရင် အဆိပ်တွေက တစ်ကိုယ်လုံးပျံ့ပြီး အဆိပ်တက်လို့ သေသွားလိမ့်မယ်"



"အဲဒါ ဘာသဘောလဲကွ"

"လက်ရဖမ်းဆီးချင်တဲ့ သဘောပေါ့ဗျာ၊ မသေစေချင်မှာ ခင်ဗျားခြေထောက်ကို ထိမှန်အောင် ပစ်ပါ့မလား၊ ...မျိုးလို့ အသည်းနှလုံးကိုလို နေရာမျိုးတွေကို ပစ်မှာ ..."

"ကျုပ်အဖို့ ဒီအကွာအဝေးမျိုးမှာ ခင်ဗျားရဲ့ခန္ဓာကိုယ် ...နေရာဆို မလွဲအောင် ပစ်ခတ်နိုင်တယ်"

"တောက်"

"ဗိုး"

ယိုဖုလင်က သူ၏ သံချိုင်းတောက်နှင့် လဲနေရာမှ လွှဲ...ပစ်လိုက်သည်။

သို့ရာတွင်...

ချူရှန်လေနှိုးက ခုန်ပျံရှောင်ထွက် သွားနိုင်ခဲ့၏။

"ဟဲ...ဟဲ...ဟဲ...ဟဲ"

"ခင်ဗျား လျှောက်နိုင်အောင် နောက်ထပ်ချိုင်းထောက် ...ခု ကျုပ်ရှာပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သုဘာရာဇာဂိုဏ်းတော်း ပျက်လုနီးပါး ဖြစ်သွား ခဲ့
သည်။

လွတ်မြောက်သွားသူ အနည်းအကျဉ်းသာရှိပြီး သေ
သူနှင့် ဒဏ်ရာရသူက များလှစွာ၏။

ချူရှန်လန်းက ယိဖုလင်နှင့် ခေါင်းဆောင်ပိုင်း အ
တို့သာ ဖမ်းဆီးခဲ့ပြီး ကျန်ဒဏ်ရာရ တော်လှန်ရေးသ
များအား သုတ်သင်ပစ်လိုက်လေတော့သည်။

★

အခန်း (၁၄)

ရှိအနိုးနယ်စားကြီး ရဲ့ အကြံအစည်

ရှိအန်းနယ်စားကြီး ချူရှန်လန်းသည် ကျောက်တစ်လုံး
တာင်မှ သုဘာရာဇာဂိုဏ်းကြီးအား ဖြိုခွင်းလိုက်နိုင်သဖြင့်
ကျနပ်နေခဲ့သော်လည်း သူ မျှော်လင့်ထားသည့်သို့ဖြစ်မလာ
သာကြောင့် ဘဝင်မကျနိုင် ဖြစ်နေရ၏။

"တောကီ...သတင်းကအတိုအကျရထားလို့တစ်ချက်ခုတ်
ချက်ပြတ်ကျောက်တစ်လုံးရှိသွားတိုက်ခဲ့တာပဲကျုပ်တော့
တစ်ချက်ခုတ်တစ်ချက်ပဲ ပြတ်ခဲ့ရတာ နာလှတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...တိုက်ပွဲမှာ လွတ်မြောက်သွားသူ ဂိုဏ်းသား
အင်မတန် နည်းပါတယ်၊ ပုန်းအောင်းနိုင်မယ့် နေရာမှ
သမျှလဲ ရှာဖွေခဲ့တာပဲ၊ သခင်ကြီးမရှိလို့သာ မတွေ့
ပါ..."

သူ၏ မန်ချူးတိုက်ခိုက်ရေး စာပ်မှူးတစ်ယောက်ဖြစ်
ချာကင်ပိုက ဝင်ရောက်ပြောကြားလေသည်။

"ပိုဆိုးတာက ထမ်းမှာသုဘရာဇာကြီး သူ့ကိုယ်သူ သ
သေသွားတာပဲကွ"

"ကျွန်တော့်စိတ်ထင်တော့ ဒီလူကြီးဆီမှာ လျှို့ဝှက်
တစ်ခုရှိတာ အမှန်ပဲ၊ ဒါကြောင့်လဲ နှိပ်စက်ညှဉ်းပန်းမှု
မခံဘဲ အဆုံးစီရင်သွားတာပဲ"

"အေး...သူ့ကြည့်ရတာလွတ်လမ်းလဲမမြင်၊သူ့ကိုယ်
ကလဲ ခြေနှစ်ဖက် လုံး မြှားစိုက်နေတဲ့လူ ဖြစ်နေတော့ ညှဉ်းပ
နှိပ်စက်ခံရရင် တစ်နေ့မှာ့ဟာပြောမိမှာစိုးလို့ စောစော
ဇာတ်သိမ်းပစ်လိုက်တာလဲ ဖြစ်နိုင်တယ် ချာကင်ပိုရဲ့"



"ကျွန်တော်လဲ အဲဒီလိုပဲ ယူဆပါတယ်"

နယ်စားကြီး ချူရှန်လန်းသည် သုဘရာဇာဂိုဏ်းချုပ်ကြီး သေချိုင်းထောက် ယိဖုလင်တစ်ယောက် သူ့ကိုယ်သူ သတ်သေသွားကြောင်း သိရသောအခါ အလွန်စိတ်ပျက်သွားပုံရလေသည်။

တကယ်တော့ ဤဂိုဏ်းချုပ်မှာ လျှို့ဝှက်ချက်များသိရသည်ဟု သူက တထစ်ချ ယုံကြည်ထားခဲ့သည်။

ထို့ကြောင့်လည်း....

ရန်သူတစ်ဦးအား အသက်အန္တရာယ်မှ ကာကွယ်ထားခဲ့သည်မှာ ထိုမျှော်လင့်ချက်မျိုးနှင့် ဖြစ်သည်။

ယခုတော့ သူ၏ရည်ရွယ်ချက်မှာ သဲထဲ ရေသွန် ဖြစ်ခဲ့ရ၏။

သုဘရာဇာကြီးမှာ ဓားမ၏ ရည်ရွယ်ချက်အား ကြိုတင်ရိပ်မိထားသောကြောင့် ယခုကဲ့သို့ သေပွဲဝင်သွားခြင်းဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ မိမိအသက်ထိုးစွန့်၍ သစ္စာစောင့်သိ သွားခြင်းမှ ယခင်က သူတို့ သတင်းရရှိထားသည့်အတိုင်း ဤဂိုဏ်း နန်းကျဘုရင်၏သားတော် လီကွေ့ရှန်း ခိုအောင်းသွား သည်မှာ ဖြစ်နိုင်သည်။

"တစ်ခုတော့ ရှိတယ်ကွ၊ သူတို့ဂိုဏ်းက ငါတို့ခြေရာ မိတာ ရိပ်မိသွားပြီး တစ်နေရာရာကို ပို့ပစ်လိုက်တာလဲ ဖြ နိုင်တယ်၊ ဒါမှမဟုတ် လုံခြုံတဲ့ဒေသတစ်ခုခုမှာလဲ ဝှက်ချ ဝှက်ထားခဲ့နိုင်တယ်"

"မှန်ပါတယ်သခင်ကြီး၊ တစ်နေရာရာကို ပို့ဆောင်ထား တာ များစွာ ဖြစ်နိုင်တယ်"

"အေး...အဲဒါဆိုရင် သူတို့နဲ့ အဆက်အစွယ်ရှိတဲ့ အဖွဲ့ အစည်း တစ်ဖွဲ့ဖွဲ့ဆီ ရောက်သွားနိုင်တယ်ကွ"

"သူတို့ သုဘရာဇာဂိုဏ်းနဲ့အဆက်အသွယ်ဆိုလို့ ဟိုလွန် ခဲ့တဲ့ သုံးလေးဆက ခရီးထွက်သွားတဲ့ မြောက်ပိုင်းက မပြန် လမ်းတောင်တန်းပဲ ရှိတာပဲ သခင်ကြီး"



နှံ့ချူးတိုက်ခိုက်ရေးမှူး ချာကင်ပိုက သတိရစွာ ပြော း သတိပေးသဖြင့် နယ်စားကြီးချူရှန်လန်းသည် တစ်စုံ ကို သတိရသွားသလို ရှိ၏။

"အေး...ဟုတ်တယ်၊ အဲဒီတုန်းက ကျောက်တစ်လုံးစခန်း ခရီးထွက်သွားတဲ့ ဂိုဏ်းသားတွေဟာ သေတ္တာနက်ကြီး လုံးကို အဲဒီမပြန်လမ်းတောင်တန်းဆီ သယ်ဆောင်သွား သပဲ...

"ဒီသေတ္တာနက်ထဲကဘာတွေလဲ၊ ဒါလောက် ဝေးလံသီ င်တဲ့နေရာကို သယ်ဆောင်သွားတာရော ထူးဆန်းမနေ သားကွ"

ချာကင်ပိုသည် နယ်စားကြီးချူရှန်လန်း၏စကားအချို့ ဉ်းစားစရာများကို ထပ်မံရရှိခဲ့သည်။

"မပြန်လမ်းတောင်တန်းမှာ မရဏာကျောပွတ်မယ်ရဲ့ဂိုဏ်း တဲ့ မဟူရာ ကြောင်နက်ဂိုဏ်း ဌာနချုပ်တစ်ခုရှိတယ်ဆို သယရှိနေခဲ့ကြတာပဲ မဟုတ်လား...

www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့ သုဘရာဇာကြီးနဲ့ မရဏကျော်ပွက်မယ်လို့
အင်မတန်ရင်းနှီးခဲ့ကြတဲ့ မဟာမိတ်တွေလေ"

ချောကင်ပို၏စကားကြောင့် နယ်စားကြီး ချူရှန်လ
မျက်လုံးအစုံမှာ တောက်ပလာခဲ့၏။

မျှော်လင့်ချက် အရိပ်အယောင်များလည်း သန်းဖေ
ရ၏။

"အင်း…မဟူရာကြောင်နက်ဂိုဏ်းသား မဖြန်လှမ်းဒေ
တန်းပေါ်မှာ အမှန်တကယ်ရှိရင် မင်းသားလီကွေ့ ရှန်း
အဲဒီကို ရောက်နေမှာ ပေါ့ပဲ ချောကင်ပို…

"သုဘရာဇာဂိုဏ်းသားတွေ ဆပ် ဆောင် သွားခဲ့
သေတ္တာနက်တာလဲ နန်းကျကေရာဇ်မင်းသားပဲ ဖြစ်ရ
အသေအချာကွ"

ချူရှန်ယန်းဟာ သူ၏ ယုံကြည်ထင်မြင်မှုကို အခိုင်အ
ပြောကြားနေခဲ့သည်။



"ဒါဆို မြောက်ပိုင်း မဖြန်လှမ်းတောင်တန်းကို အတဲ
ခတ် စောင့်ကြည့်ဖို့ လူလွှတ်ထားရင် မကောင်းဘူးလား
သခင်ကြီး"

"အို…အကောင်းဆုံးပေါ့ ချောကင်ပိုရယ်၊ အဲဒီသဘောထား
သာ မှန်ကန်ရင်…

"ယုန်မိုးတောင်ကြောင်မီးဆိုတဲ့စကားလို ကြောင်ဘင်မကာ
ယုန်လဲမိမှာကွယ့်"

"ကောင်းပြီလေ၊ဒါဖြင့် ကျွန်တော် ဆီကာစုံစမ်းထောက်
လှမ်းရေး ရဲမက်နှစ်ဦးကို စေလွှတ်လိုက်ပါမယ် သခင်
ကြီး"

"အေးကွ… ဟုဘ်မှန်ပါစေလို့ပဲ ဆုတောင်းရမှာပဲကွ၊
သေချာလို့ကတော့ အင်အားအလုံးအရင်းနဲ့ကို ချေမှုန်းပစ်
ရမယ်ပေါ့၊ လိုအပ်ရင် နေကြာရာဇ်ရဲမက်တွေကို အကူတောင်း
လို့ရတယ် ချောကင်ပို…

"မင် မင်းဆက်အနွယ်တွေကို သုတ်သင်နိုင်ရင်တော့ တို့
များ ရာထူးကောင်းကောင်း ရမှာ သေချာတယ်ပေါ့"

www.burmeseclassic.com



"ကောင်းပါပြီ ဆရာကြီး"

တပ်မှူး ချစ်ကောင်ပို အရှိအမသေမေး နှုတ်ဆက်ထွက်ခွာသွား သည်။

နယ်စားကြီး ချူရှန်လန်းသည် သူ၏ ဆောဆောဆယ် တိုက်ပွဲအောင်မြင်မှုများနှင့် ပတ်သက်၍ ကျေနပ်အားရဖြစ် နေလေတော့၏။

★

## အခန်း (၁၅)

နဂါးမာန်သို့ ရောက်ရှိလာသည့် ညှို့ဆည်တစ်ဦး

"ဟေ့...ရပ်စမ်း"

နဂါးမာန်လျှို့အနီးသို့ လူစိမ်းတစ်ဦးရောက်ရှိလာသဖြင့် င်းပုန်းဝပ်နေသော နဂါးမာန်ကိုယ်ားသားတစ်ဦးက လေး ားနှင့် ချိန်ရွယ်လျက် စစ်ဆေးမေးမြန်း၏။

အခြား တင်းသမားများက ချုံကွယ်မှ စောင့်ကြည့်အကဲ တ်နေခဲ့သည်။

လူစိမ်းမှာ သိုင်းသမားလူရွယ်တစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ"

"ဆရာကြီး ဓားနှစ်လက်ရှင်းယုံနဲ့တွေ့ဆုံဖို့လာခဲ့တာပါ ခင်ဗျာ"

နဂါးမသန် ဂိုဏ်းသားမှာ မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး...

"ဘာကိစ္စလဲကွ"

ထိုအခါ...

လူစိမ်းသိုင်းသမားက...

"ကျွန်တော် မန်ချူးတော်လှနီရေးသမားတစ်ဦးပါ ခင်ဗျာ၊ ဆရာကြီးထံ အရေးတကြီးကိစ္စနဲ့ ရောက်လာတာပါ၊ ကျွန်တော့်ကို ဆရာကြီးထံ ပို့ပေးပါ"

ထိုအခါ...

ချုံကွယ်များအတွင်းမှ နဂါးမသန် အဖွဲ့သားများ ထွက်လာကြပြီး...



"ကဲ... ကိစ္စ အရေးကြီးလာပုံရတယ်၊ ဆရာကြီးဆီ တစ်ယောက်လိုက်ပို့ပေးလိုက်ကွာ"

နဂါးမသန် ဂိုဏ်းသားများမှ ခေါင်းဆောင်နှင့်တူသူ တစ်ဦးက အမိန့်ပေးလိုက်သဖြင့် ဂိုဏ်းသားတစ်ဦးက ရှေ့သို့ထွက်လာပြီး လူစိမ်းအား...

"ကျုပ်နောက် လိုက်ခဲ့ပါ"

"ဟုတ်ကဲ့"

နဂါးမသန်ဂိုဏ်းသားနောက်မှ လူစိမ်းလူရွယ်မှာ တိတ်ဆိတ်စွာ လိုက်ပါသွားလေသည်။

လျှိုထဲသို့ ခပ်သုတ်သုတ်လျှောက်ဝင်သွားသော ဂိုဏ်းသားနောက်သို့ လူစိမ်းကလည်း ခပ်သွက်သွက်လိုက်သွားသဖြင့် မကြာမီ ဆရာကြီးဓားနှစ်လက်ရှင်းယုံရှိရာသို့ သူတို့ ရောက်ရှိသွားကြသည်။

ဆရာကြီး ဓားနှစ်လက်မှာ မင်းသား လီရှင်းဓားခေါ်ကွက်အချို့အား ပြသနေစဉ် ရောက်ရှိသွားကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးနဲ့ တွေ့ချင်လို့တဲ့ ခင်ဗျ"

"မန်ချူးတောခီလွန်ရေး သမားလို့ ပြောပါတယ်"

တင်းသီမား ပြောကြားမှုကြောင့် မင်းသားအား ဓာ[illegible] နှစ်ဖက်သိုင်းကွက် ပြသနေသည့် ဆရာကြီး ချင်းယုံက လှည့် ကြည့်ပြီး....

"တင်...ဝမ်ဝူး ပေါလားကွဲ"

အံ့သြဟန်နှင့် နှုတ်ဆက်လေသည်။

"ကျွန်တော်တို့ ဈေးကွက်တစ်လုံးစခန်းကို မန်ချူးတွေ ဝင်တိုက်လို့ ဂိုဏ်းလဲ ဖရိုဖရဲဖြစ်ပြီး သေသူသေ၊ ဒဏ်ရာရ သူရ ဖြစ်ကျန်ခဲ့ပါတယ် ဆရာကြီး"

လူရွယ်က စိတ်မကောင်းဟန်နှင့် ပြောကြားနေခဲ့၏။

"အို...ကျွတ်...ကျွတ်...ဖြစ်ရလေတယ်ကွယ်၊ ဒါနဲ့မင်းတို့ ဂိုဏ်းချုပ်ကြီးကကော...."



"သက်ထောက်ဂိုဏ်းချုပ် ကုံးစီကတော့ သေဆုံးကျန်ခဲ့ တာပဲ၊ ဂိုဏ်းချုပ်ကြီး သံချိုင်းထောက်ကတော့ ခြေတစ်ဖက် ပြတ်ပြီး မန်ချူးတွေ ဖမ်းမိသွားကြတယ်....

"တစ်ဂိုဏ်းလုံးတော့ ပျက်လုနီးပါးပဲ ဆရာကြီး၊ ကျွန် တော်တောင် အင်မတန်ကံကောင်းလို့ လွတ်မြောက်ခဲ့ရတာ ပါ ဆရာကြီးရယ်....

"မန်ချူးတွေကမင်းသားလီကွေ့ရှန်း ခိုအောင်းနေတယ် ဆိုတဲ့ သတင်းအရ ရုတ်တရက် ဝင်တိုက်ကြတာပဲ"

နဂါးမာန်ခေါင်းဆောင် ဓားနှစ်လက် ချင်းယုံက မင်း သား လီရှင်းအား လှမ်းကြည့်၏။

မင်းသားလီရှင်းလည်း မင်းသားလီခကွေ့ရှန်းနာမည် ပါ သာသဖြင့် စိတ်ဝင်စားဟန်နှင့် လူရွယ်အား မေး၏။

"သူတို့ မင်းသားကိုရော မိသွားသေးသလားဟင်...."

လူရွယ်က ခေါင်းယမ်းရင်း ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဆရာကြီးကို ပြောပြချင်လို့ ကျွန်တော်ဒီကို အရောက်လာတာပေါ့ ခင်ဗျာ"

ဘေးနှစ်လက်ရော မင်းသား လီရှင်းဝါ စိတ်လှုပ်ရှား ဟန်နှင့် ခေါင်းညိတ်ကြ၏။

"အေး...ပြောပြစမ်းပါဦးကွာ"

"လွန်ခဲ့တဲ့တစ်လနှစ်လလောက်ကပဲ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးက မြောက်ပိုင်းမှာရှိတဲ့ မဟာရာကြောင်နက်ဂိုဏ်းဆီ ပို့ခိုင်းလို့ ကျွန်တော်တို့သခင်လေးအိုပို့ မေးလိုက်ကြရတယ် ဆရာကြီး"

"မရဏ ကျားပွတ်မယ်ရဲ့ ဂိုဏ်းထောင်းကွယ့်"

"ဟုတ်ပါတယ် ခင်ဗျာ"

"အဲဒီဂိုဏ်းက ဘယ်မှာရှိတာလဲ"

"မပြန့်လမ်း တောင်တန်းမှာရှိတဲ့ ဘုံကျောင်းကြီး တစ်ကျောင်းမှာပါ"



မင်းသား လီရှင်း၏အမေးတို့ လူရွယ်က ဖြေကြားသေ ည်။

"အခု ကျွန်တော်တို့လို ဝင်တိုက်တဲ့ မန်ချူးတွေမှာ အနီး နယ်စား ချူရှန်လန်းကိုယ်တိုင် ပါလာတယ်၊ သူက ခင်လေးတို့ ဂိုဏ်းချုပ်ထံမှာ မေးမြန်းနေတာ ကြားရ ယ်၊ ဂိုဏ်းချုပ်က 'ဘူး'ကွယ်ခနလို့ မသတ်ဘဲ လက်ရ းဆီးသွားတာပဲ ဆရာကြီး"

"ဟင်..."

မင်းသား လီရှင်း၏ စိုးရိမ်မှုဖန်သည့်အသွင်နှင့် ဝင်မြေ ၏။

"အင်း...အဲဒီဂိုဏ်းချုပ်က ပြောလိုက်ရင်တော့ နေခင် ာ်တော့ ဒုက္ခရောက်ပြီ ဆရာကြီး"

"ဂိုဏ်းချုပ်ကတော့ ဖော်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ်းမျိုး ညှဉ်းပန်းနှိပ်စက်ရင်တော့ ဝန်ခံလိုက်မှာ စိုးရ

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဆရာကြီးဆီ ကျွန်တော် အရောက်လာ တာပါ၊ ကျွန်တော့် အမြင်ရတော့ မနီချူးတွေက မပြန်လ တောင်တန်းဆီ ချီတက်သွားကြမယ်လို့ ထင်တယ်..."

"သူတို့က ကောရာဇ်ရဲ့ နန်းမွေဆက်ခံသူတွေရဲ့ အသ အသန် ရှာဖွေနေကြတာဆရာကြီး၊ ဒါကြောင့် ကျွန်တေ ထတော့ အချိန်မီ မရောက်လာပွတ်မယ်ကို ကြိုတင်သတိ ရင် ကောင်းလိမ့်မယ်လို့ ထင်တယ်"

နဂါးမာန်ခေါင်းဆောင် ခါးနှစ်လက်ချင်းယှံသည့် မှ မှောင်ကြီး ကြုံတ်လျက် အလေးအနက် စဉ်းစားနေ သည်။

"အဲဒီ မပြန်လမ်းတောင်တန်းဆီ ဝမ်ဝူး ရောက် လာ"

"ရောက်ဖူးတယ်ဆရာကြီး၊ သခင်လေးကို သွားရေ ပို့ဆောင်ကြတဲ့အထဲမှာ ကျွန်တော်လဲ ပါသွား ခဲ့တ ခင်ဗျာ"



"ဒါဖြင့် ကျွန်တော် မပြန်လမ်းတောင်တန်းဆီ လိုက်သွား ရစေ ဆရာကြီး"

မင်းသား လီရှင်း၏ ကြားဖြတ်ပြောကြားသော စကား ကြောင့် ခါးနှစ်ဆက်က ဝမ်ဝူးအား ရှင်းပြလိုက်သည်။

"ဒါ သခင်လေး လီရှင်းပဲကွယ့်၊ မင်းသား လီတွေ့ရှန်းနဲ့ အစ်ကို တော်စပ်တယ်"

ဝမ်ဝူးဆိုသော သိုင်းသမားသည် မင်းသား လီရှင်းမှန်း လျှင် အရိုအသေပြုလိုက်သည်။

"မင်းသားကို ဂါရဝပြုပါတယ် မင်းသား"

ဝမ်ဝူးက ဒူးထောက်လျက်ပြောကြားနေသဖြင့် မင်းသား ရှင်းက ပြုံးလည့် မတ်တတ်ရပ်ခိုင်းစာ...

"ဒါတွေ လုပ်မနေပါနဲ့ မိတ်ဆွေရယ်၊ ကျုပ်တို့အမြန် နည်းနဲ့ အတိုဆုံးလမ်းက သွားနိုင်အောင် စဉ်းစား ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင် ခါးနှစ်လက်က ဆက်လက်ပြောပြန် ... ... ... သည်။

"မင်းသားတို့ ဝမ်ဝူးနဲ့လွတ်လိုက်လို့လဲ လမ်းမှာ မန်ချူ ... တွေနဲ့ တိုးမှာကြောက်ရတယ်၊ ဒီ ခြားတော်လှန်ရေးသမား ... တွေနဲ့လဲ စိတ်မချမြန်ဘူး၊ ကျုပ်ကိုယ်တိုင်လိုက်မှပဲ ဖြ... မယ်"

"ဒါဆိုရင်တော့ အသင့်လျော်ဆုံးပါ ဆရာကြီး၊ ကျွ... တော်တို့ချည်းပဲဆိုရင် မန်ချူးရန်က ဖြတ်ကျော်ဖို့ မလွ... ဘူး၊ ဆရာကြီးကိုယ်တိုင် မရှေ့ကလျှောက်မယ်နဲ့ တွေ့ဆုံ... ပြောပြ သတိပေးမှ ကောင်းမယ်ထင်တယ်"

ဝမ်ဝူးက တိုက်တွန်းလိုက်သဖြင့် ခါးနှစ်လက်မှာ ... ခေါင်း ညိတ်လိုက်ပြီး...

"ကောင်းပြီလေ...လိုက်ကာပေါ့"

"မနက်ကျ စောစောသွားရအောင်"



"ကဲ... ကဲ... ဝမ်ဝူးလဲ အနားယူချေတော့၊ စားစရာ ... သောက်စရာတွေလဲ စားဦးကွယ်၊ တို့များဆီ ရောက်လာမှ တော့ တို့အဖွဲ့သားပဲပေါ့"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဆရာကြီးခင်ဗျား"

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

### ငွေထဲရှောင်အောင်ထိရှာ

မဖြိုန်လှမ်းတောစင်တန်းပေါ်တွင် ဆမင်းကြီးတာ ထိန်ထိ ဆာစနေသည်။

ငွေလရောင် စက်ဖျန်းကြဲဖြန့်ထားသောကြောင့် သစ်ရွ သစ်ခက်တို့ပေါ်တွင် ငွေရည်တို့က ယိုစီးကျနေ၏။

တောင်တစ်တောင်လုံးမှာလည်း ငြိမ်ဆက်နေ၏။

တစ်ခါတစ်ရံ အော်ဟစ်ဟိန်းလိုက်သော သားတော တို့၏ အသံသာ ကြားနေရသည်။



ညဥ့်ကတော့ အတော်လေးနက်လာပြီ။

ငွေရောင်လဝန်းကြီးသည်ပင် ဦးခေါင်းထိပ်တည့်တည့်သို့ ရောက်နေခဲ့ပြီ။

သူက လသာသောသာညတို့ နှမြောလှစွာ မအိပ်စက်နိုင်တဲ့ သာဆောင်ထွက်ပြီး ထိုင်နေမိသည်။

ဤအဆောက်အအုံကြီးတား အလွန်အံ့သြဖွယ်ရာ တောင်း အောင် သည်မျှ ဝေးလံ သီခေါင်သော တောင်တန်း တာအုပ်ထဲ ရောက်ရှိနေသည်။

မည်သည့်ခေတ်ကာလ မည်သည့်ပုဂ္ဂိုလ်ထူးက မည်သို့ သာ ရည်ရွယ်ချက်နှင့် လူသူမနီးလှသော သည်အရပ် ယ် သည်မျှ ခမ်းနားထည်ဝါသော ဗိသုကာ လက်ရာ ပြောက် အဆောက်အအုံကြီးအား ဆောက်တည်ထားပါ မည်း။

မည်သည့်ခေတ်တပဲ ဆောက်ဆောက်၊ မည်သူကပဲပိုင်ပိုင် ခုအချိန်ကာလမှာတော့ သည်ဘုံကျောင်းကြီး၏ အရှင်

www.burmeseclassic.com

www.burmeseclassic.com



အခင်ကတော့ မရဏ ကျွာပွတ်မယ်ခေါ် တော်လှန်ရေ
ပြောက်ကျားမယ်သာလျှင် ဖြစ်သည်။

သူမအကြောင်းကိုတွေးမိပြန်တော့ အလွန်ထူးခြားသ
မိန်းမပျို သိုင်းသမားတစ်ဦး။

အင်အားကြီးမားလှသော ရက်စက်ယုတ်မာကြသေ
၍ မန်ချူးများအား မကြောက်မရွံ့ သတ္တိပြောင်ပြော
စွာဖြင့် ဆန့်ကျင်ပုန်ကန်နေသည့် သူရဲကောင်းမလေး
ဦး။

မျက်မြင်အိုယ်တွေ့မဟုတ်ပါလျှင်တော့ သူမအကြော
ကို ကြားရလျှင် ဒဏ္ဍာရီထဲမှ ပုံပြင်တစ်ပုဒ်သာဟု မှ
ထင်မိမည်မှာ မုချစင်။

ကြောင်တစ်ကောင်၏မျက်နှာကို အစဉ်အမြဲပုံးအုပ်လျ
အနက်ရောင် ပိုးစတ်စုံကိုသာ ဆင်မြန်းဝတ်ကာ လက်
တွင် သံဆူးတပ် ကြာပွတ်တစ်လက်နှင့် ဓမ္မိုးထက်ဝယ် မ
ရာ ကြောင်နက်တစ်ကောင်ကို ထင်မဆောင်ကာ နက်မှော



သော ဆံပင်ရှည်များကို ဖားလျားချထားသော အသွင်မှာ
ပုံပြင်ထဲမှ ထူးဆန်းလှသည့်မင်းသမီးတစ်ဦးလား၊ သို့မဟုတ်
နတ်မိမယ်တစ်ပါးသာလျှင် ဖြစ်ချိမ့်မည်။

ယခု ပစ္စုပ္ပန်မှာတော့...

သည်သို့အသွင်အပြင်ရှိသည့် မိန်းမပျိုမှာ အလွန် ထိတ်
လန့် ကြောက်ရွံ့စရာကောင်းလှသည်။

ရက်စက်ကြမ်းကြုတ် ယုတ်မာရမ်းကားတတ်သည့် မန်
ချူး အရှိင်းများပင်လျှင် သူမနာမည် ကြားသောအခါ
ကြောက်ဒူးတုန်သွားတတ်ကြသည်မှာ အံ့သြစရာကောင်းလှ
သည်။

သူမကလည်း မန်ချူးတို့ တုန်လှုပ်ခြောက် ချားသွား
လောက်အောင် အတယ်မျှရက်စက် အသယ်မျှ ကြမ်းကြုတ်
ပြယားလေသည်မသိ။

ရှိအန်းနယ် တစ်ဝိုက်မှာတော့ မရဏ ကျွာပွတ်မယ်ဟု
ကြားလိုက်သည်နှင့် ကြက်သီးမွေးညင်းများ အသွားတွင်ကြ
ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတတော့ အခြားလူပေါင်းများစွာနှင့် ခြားနားလှစွာ သည်နာမည် ကြားရတိုင်း သူမအကြောင်းကို တွေးမိတိုင်း ရင်ခုန်ဆွတ်ပျံ့ခဲ့ရသည့်ချည်းဖြစ်၏။

သူက သူမ၏ လှပနူးညံ့ချောမောပြေပြစ်သည့်မျက်နှာကို မြင်ဖူးသည့် ကံကောင်း အခြေအနေကြောင်းလှသူတစ်ဦး မဟုတ်ပေါ့ လား။

သူမ၏ ချိုလွင်ကြည်သာလှသောအသံ၊ တည်ငြိမ်အေးချမ်း သော လှုပ်ရှားမှုနှင့် ယဉ်ကျေးမွန်ရည်သော စကားတို့ကို သာ မြင်တွေ့ ကြားသိ ဆက်ဆံနေရသဖြင့် သူမ၏ ကျော်ကြား ထင်ရှားနေမှုများအတွက် အံ့ဩနေမိသည်။

သူကတော့ သူမအား အခြားလူပေါင်းမြောက်မြားစွာ ကဲ့သို့ ကြောက်လည်းမကြောက်ပေါ့။

ရှိ့လည်း မရှိ့ပါ။

ထိုအစား....



သူမနှင့် တွေ့ချင်မြင်ချင် စကားစမြည် ပြောဆိုနေချင် သည်သာ။

"ဟင်...အရှင်မင်းသား အိပ်မပျော်လို့လား"

သူ၏နောက်ဘက်မှ ညင်သာသောသူမ၏အသံကို ကြား လိုက်ရသဖြင့် သူက ဆတ်ခနဲ နေစက်လှည့်၍ ကြည့်ရှုလိုက်မိ သည်။

မခန့်ဖိသော ကြောင်မျက်နှာဖုံး မအုပ်ထားသည့် သူမ၏ ဇာတိမျက်နှာကို ဝမ်းသာစွာ မြင်တွေ့လိုက်ရသည်။

နက်မှောင်၍ တန်းနေသောမျက်ခုံး....

ချွန်ထက်သော နှာတံ....

နက်သော မျက်လုံးအစုံ....

ကြည်လက်သော ပါးအိ့နှီနှီနှင့်....

စနိုးနုရောင်ပါးလျှားသော နှုတ်ခမ်းတို့က ညည်သို့မျှ လှပ ပြန် ဖျတ်လတ် ရက်စက်တတ်သော သိုင်းသမနှင့် မအပ် စပ်။

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရယ်လိုက်သောအခါ ညီညာသော သွားဖြူဖြူလေးများကလည်း ပုလဲလုံးလေးများသဖွယ်။

သူမက ညဝတ်အင်္ကျီပါးပါးကို ဝတ်ရုံထားသဖြင့် သူမ၏ အတွင်းခံရှိ အချိုးအဆစ်တို့ကလည်း အထင်သားပေါ်လွင်နေလေသည်။

မိန်းမလှတို့၏ သဏ္ဌာန်က သူမတွင် အကုန်ပိုင်ဆိုင်ထားသည့်နှယ်....

သူက သူမ၏ အလှအပများတွင် နစ်မျောနေရာမှ တိုးသက်စွာ မြေကြားလိုက်မိသည်။

"သိန်းထိန်သာနေတဲ့ လမင်းကြီးကိုအားနာပြီး မအိပ်တာပါ ကျေးပွတ်မယ်"

သူမက လှပစွာ ပြုံးလိုက်ရှာသည်။

ပြုံးလိုက်သောအခါ ချွက်သွားသော ပါးချိုင့် တစ်ခွက်အားလည်း သူက သတိပြုလိုက်မိသေး၏။



"ကဗျာဆန်လိုက်တာနော်၊ နန်းတွင်းသားတွေဟာ ဒီလိုပဲ စကားအရာမှာ လှပအောင် ပြောတတ်ကြတယ် ထင်တယ်"

"ကမင် ဖွဲ့နွဲ့ပြီးပြောတာ မဟုတ်ပါဘူး ကျေးပွတ်မယ်၊ ခံစားပြီး ပြောလိုက်မိတာပါ၊ ကြည့်ပါဦး လမင်းကြီးက သာလိုက်တာ ဘယ်လောက် ကြည်နူးစရာ ကောင်းလဲဖောင်း၊ စိတ်လဲမှာ အေးမြမနေဘူးလား....

"သတ္တလောကကြီးဟာ အရာရာ လှမနေဘူးလားဟင်၊ ဒီလိုအချိန် ဒီလိုအခါမျိုးမှာ အိပ်လိုက်မိရင် နှမြောစရာ ညချမ်းတစ်ည ဖြစ်သွားမှာပေါ့ ကျောပွတ်မယ်ရယ်....

"ဒါကြောင့် လမင်းကြီးကို အားနာတယ်လို့ ပြောမိတာပေါ့၊ သူက သာယာအောင် လှပအောင် ဆင်ယင်ခင်းကျင်းပေးထားတဲ့ လောကကြီးကို ဥပေက္ခာပြု လျစ်လျူ ရှုနေတယ်ဆိုရင် ကောင်းပါ့မလားဟင်...."

"အင်း...မင်းညီ မင်းသားတွေဆိုတာ ဒီလိုပဲလား မသိဘူးနော်၊ ထိုးဟန်နန်းဟန်နဲ့ နုနယ်မနူးတတ်ကြတယ်ဆိုတာ အရင်က ကြားဖူးခဲ့တယ်၊ ခုမှပဲ ယုံရတော့တယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလီကွေ့ရှန်းက သူ့အား ထူးဆန်းအံ့ဩဖွယ်ရာ သတ္တဝါတစ်ကောင်အလား စူးစိုက်ကြည့်ရှုနေသည့် သူမအား တုံ့ပြန်မေးကြည့်ရင်း....

"ကျုပ်ကိုမေးလို့ ကျုပ်ကဖြေပြီးပြီ၊ ကျွာပွတ်မယ်ကို ပြန်မေးပါရစေဦး၊ ကျွာပွတ်မယ်ကရော ဘာလို့ မအိပ်ရသေးတာလဲ"

သူ၏အမေးကြောင့် သူမက ခါးချိုင့်ခွက် ဖေါ်အောင် ပြုံးပြန်ပါသည်။

"မအိပ်ရသေးတာ မဟုတ်ပါဘူးရှင်၊တစ်ရေးနိုး ထလာတာပါ မင်းသားရယ် ဖင်း....ဟင်း၊ကျွန်မအိပ်ရာကကြည့်ရင် ဒီလသာဆောင်ကို မြင်ရတယ်လေ....

"အရှင်မင်းသားကို လသာဆောင်မှာ ထွက်ရပ်နေတာ မြင်ရလို့ ကျွန်မဘာမှ ထွက်လာတာ၊ အဖော်မရှိရင်တော့ အိပ်ရာထဲ ပြန်အိပ်နေမှာပေါ့"

"ကျေးဇူးပါပဲ ကျွာပွတ်မယ်၊ လသာတဲ့ညကို အဖော်တစ်ဦးနဲ့ စကားပြောရင်း ကုန်ဆုံးရတာ ပျော်ရွှင်ကြည်နူးဖို့ ကောင်းပါတယ်...



"အထူးသဖြင့် ကျွာပွတ်မယ်နဲ့ စိတ်အေးချမ်းသာစွာ စကားစမြည် ပြောဆိုရတာမှာ ကျုပ်အတွက်ပိုပြီးကြည်နူး ပျော်ရွှင်ရတယ်ဗျာ"

လရောင်နှင့် သူမ၏မျက်နှာဝယ် အံ့ဩသည့်အရိပ်တို့ ဖြတ်သန်းသွားသည်ကို သိရှိလိုက်ရသည်။

"ဘာဖြစ်လို့ ပိုပြီး ကြည်နူးပျော်ရွှင်ရတာလဲဟင်"

"အဲဒါကို ကျုပ်လဲသိချင်တာပါပဲ ကျွာပွတ်မယ်၊ ကျွာပွတ်မယ် ရောက်မလာခင်လေးမှာ ကျုပ် ကျွာပွတ်မယ် အကြောင်း စဉ်းစားတွေးတော နေမိခဲ့တာကိုး...."

"ရှင်..."

"အရှင်မင်းသား ကျွန်မအကြောင်း၊တွေးနေတယ်၊ ဟုတ်လားရှင်"

"ဟုတ်ပါတယ် ကျွာပွတ်မယ်၊ လမင်းကြီးကိုတွေ့ရတော့ အေးမြပြီး ကြည်နူးရတယ်လေ၊ အဲဒီလိုပဲ ကျွာပွတ်မယ်ကို မြင်ရတော့ ကျုပ်ရင်ထဲ အေးချမ်းတယ်၊ ပြီးတော့ ကြည်နူး တယ်...

www.burmeseclassic.com

www.burmeseclassic.com



"လူတွေကပြောကြတော့ ကျွန်တော်ယုံနေခဲ့သည် ကြား လိုက်ဘာနဲ့ ဒူးတုန်သွားကြသတဲ့၊ ကျုပ်ကတော့ ဒူးမတုန်မိ ပါဘူး၊ အဲ...ရင်တော့ခုန်သလားပဲ"

သူမက သူ့ကိုအံ့အားသင့်သလို ငေးကြည့်နေရာက...

"အရှင်မင်းသား အခုလိုပြောဆိုနေတာ တကယ်ပဲလား ဟင်...ကျွန်မ အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်"

"အိပ်မက်လို့ထင်ရင် ကျုပ် လက် ဖ ဝါး ကို ဆိုင်ဆုပ် ကြည့်လိုက်ပေါ့"

မင်းသား လီကျွန့်ရှန်းက သူ၏လက်ဝါးကို ဖြန့်ပေး လိုက်၏။

သူမက ထိုလက်ဖဝါးကို ဆုပ်ကိုင်လိုက်သည်။

"အိပ်မက် ထင်သေးသလားဟင်"

သူမက သူ၏လက်ကို တင်းကျပ်စွာ ဆုပ်ညှစ်ထား၏။

"တကယ်ပါပဲလား မင်းသားရယ်"

သူမက မင်းသားအား ရင်ခွင်ထဲ ထွေးပွေ့လိုက်၏။

မင်းသား လီကျွန့်ရှန်း၏ နုတ်ခမ်းမွှေးနောင်သော ဆံပင်များထဲ လက်ချောင်းများကို ထိုးသွင်းတော တိုးညင်းသော စကား တို့ကို ပြောကြားလေသည်။



"ကျွန်မ အရှင်မင်းသားကို မြင်မြင်ချင်း ချစ်မိခဲ့တာ ပါရှင်"

"ကျုပ်ကတော့ မင်းရဲ့တိုယ်ဘင်းနေနံ့တို့ ရှိုက်ရှူစဉ် ကတည်းက ရင်ခုန်ရတာပေါ့"

မင်းသား လီကျွန့်ရှန်းကလည်း တိုးဖြန့် ပြောကြားလေ သည်။

"အခုရော...အရှင်မင်းသား၊ ကျွန်မရဲ့ရင်ထဲကခုန်သံတွေ ကြားဘူးလားဟင်"

"ဟင့်အင်း၊ မင်းကယ်... ချစ်တယ်ဆိုတဲ့အသံတွေပဲ ကြား တယ်"

"ဟုတ်တယ်...ဟုတ်တယ်၊ ကျွန်မရဲ့ရင်ခုန်သံတွေက အဲဒီ မြည်နေတာ ဖြစ်မယ်"

" "

..........

ထို့နောက်...

သူတို့နှစ်ဦးသည် ငွေလရောင်အောက်ဝယ် လွတ်ထွက် ားမည် စိုးသော ပွေ့ဖက်ခြင်းမျိုးဖြင့် တင်းကျပ်စွာပွေ့ ားကြ၏။

"အရှင်မင်းသား၊ ကျွန်မတို့ မတွေ့ကြောက်ဘူးလား"

"ဘာလို့ ကြောက်ရမှာလဲ၊ ချစ်တာ"

"ကျွန်မတို့ မကြောက်တာ ရှင်တစ်ယောက်ပဲ တွေ့ဖူး ယ်"

"အေး...ကျုပ်ဦးခေါင်းက ဆံပင်ကို လက်နဲ့ထိုးသွင်းပြီး ပြောကြားတဲ့တာလဲ မင်းတစ်ဦးပဲရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



တို့မနောက် သက်ပြင်းမောကို ဖြိုင်တူ ချလိုက်ဖြစ်ေ
သည်။

ထိုစဉ်...

ထိန့်ထိန့်အာသော လမင်းကြီးအား တိမ်မည်းတစ်အုပ်
ဖုံးအုပ်သွားသည်။

ထိုအခါ...

ငွေလရောင် မရှိသော ညဥ့်နက်မည်းကြီး ဖြစ်သွားေ
သည်။

★

## အခန်း (၁၇)

### အရိပ်များ

ရှိအန်းပြည်နယ်မြောက်ပိုင်း...

မပြန်လမ်းဘောင်တန်းအနီးရှိ ဝိန်စဝါး ဟုခေါ်သော
ကျေးရွာကလေးတစ်ရွာ။

ထိုရွာကလေး၌ ရေကကျော်ပွတ်မယ်အား လှိုက်လှဲစွာစမ်း
ဆက်လှမ်းနေခဲ့သော မနီချူးထောက်လှမ်းရေး ရဲဘော်
ဦး လှုပ်ကြံခံရ၏။

အခင်းဖြစ်ပုံမှာလည်း ရိုးရိုးစင်းစင်းလေးမျိုး

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျေးရွာမှ ဆိုင်လေးတစ်ဆိုင်သို့ ဝင်ရောက် လှက် မရေဖာကျောပွတ်မယ်၏ အမည်ကို မေးမြန်းစုံစမ်းခဲ့ အည်။

ဆိုင်ရှင်က ခေါင်းယမ်းပြလိုက်သည်။

ထို့ကြောင့်...

သူတို့က ဆိုင်အပြင်သို့ ပြန်ထွက်လာကြကာ ရွာထဲ အတိုင်း လျှောက်ခဲ့ကြ၏။

လူပြတ်သော တစ်နေရာရောက်သည်နှင့် သူတို့နောက် ကျောပွတ်ရိုက်ချက်ဆံ ထစ်ချက် ထွက်ပေါ်လာသည်။

"ရွှမ်း"

ထိုကျောပွတ်ရိုက်သံတို့ သူတို့လူ့ဘဝ၌ နောက်ဆုံးကြ သိလိုက်ရခြင်း ဖြစ်သွားသည်။

ကျေးရွာတွင် မန်ချူးရဲမက်နှစ်ဦး ပွဲချင်းပြီးသေဆုံးသွား ကြသည့်အကြောင်း ရွာသားများ အုတ်အုတ်ကျက်ကျက် ပြောဆိုခဲ့ကြသည်။



လကီးသည်တရားခံရှာတွေ့၊ ဘာကြောင့် အတ်သည်ဟု သိ။

မသိကျွမ်းသော လူစိမ်းမန်ချူးနှစ်ဦး သေဆုံးသွားကြ သည့် အကြောင်းမှာ သုံးရက်မျှပင် မခံ။

ရွာသားများ မပြောကြတော့၊ တိတ်ဆိတ်ငြိမ်သက်သွား သည်။

တိုယ့်ကိစ္စနှင့်တိုယ် ဖြစ်သွားကြသည်။ မန်ချူးတို့ကို မေ့ လျောက်သွားကြသည်။

သို့ရာတွင်...

မန်ချူးတို့က မမေ့နိုင်ကြ။ ထိုရွာသို့ ထပ်မံရောက်လာကြ ၏။

ပိန်ဝါးကျေးရွာဓားမှာ ဈေးနေ့ဖြစ်သောကြောင့် လူ စည်ကားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးသွားဈေးလာများနှင့် ပြွမ်းညပ်နေကြ၏။

ကျေးရွာလမ်းမတစ်လျှောက် စားသောက်ဆိုင်များနှ အရောင်းဆိုင်များက စီတန်းနေခဲ့ကြသည်။

စားသောက်ဆိုင်နှင့် အရက်ဆိုင်များ ဝယ်လူများပြည့် နေကြ၏။

ပျော်ပျော်ပါးပါး သောက်စားဆူညံနေခဲ့ကြသည်။

လူများ စည်ကားသဖြင့် ဈေးတစ်ဝိုက်၌ စားသောက် ကြသည့်အသံ။

ပြောဆိုရယ်မောနေကြသောအသံ။

အော်ဟစ်ခေါ်ဝေါ်၍ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက် ကြသောအသံ။

မူးယစ်ရမ်းကားခိုက်ရန်ဖြစ်နေကြသောအသံ စသည် စီစီညံနေတော့၏။



စီတန်းနေသော ဆိုင်တန်းများအနက် တစ်ခုသော င်မှာ အခြားဆိုင်များထက် ပို၍ ကြီးမား၏။

ဆိုင်၌ အကောင်းစား အရက်မျိုးစုံရှိ၏။

ယင်းကြောင့်...

ထိုဆိုင်မှာ အခြားဆိုင်များနှင့်မတူဘဲ ပရိသတ် စား သာက်သူများ ပိုမိုစည်ကားနေခဲ့လေသည်။

ဆိုင်၏ ထောင့်တစ်ထောင့်တွင် လူနှစ်ဦးက ထိုင်နေကြ ည်။

သူတို့နှစ်ဦးက တစ်စုံတစ်ရာကိစ္စအား ပြောဆိုဆွေးနွေး နကြသကဲ့သို့ ရှိသည်။

သူတို့က စကားစမြည်ပြောဆိုရင်း အပြင်ဘက်သို့ ကျော် ာ မကြာခဏကြည့်ရှုနေတတ်ကြ၏။

ဆိုင်မှကြည့်လျှင် လမ်းပေါ်ရှိလူများ သွားလာနေကြ သည်များကို မြင်တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အထူးလျှို့ဝှက်သားသော အမှုအရာများက လွှင်နေကြသည်။

သူတို့က တစ်စုံတစ်ဦးအား စောင့်ဆိုင်း နေသ အသွင်။

အရပ်ဝတ်အရပ်စားများ ဝတ်ဆင်ထားကြသော်လ တရုတ်လူမျိုးများနှင့်မတူ။ မန်ချူးရဲမက်များ၏ အသွင်အပြ မျိုး ပေါက်သည်။

တကယ်တော့...

ထိုသူများမှာလည်း မန်ချူးရဲမက်များပင် ဖြစ်ကြ သည်။

တစ်ဦးမှာငယ်ရွယ်ပြီး ကျန်တစ်ဦးမှာ အသက်သုံးဆ ငါး ကျော်ကျော်အရွယ်ရှိ၏။

လူငယ်လုပ်ဆောင်ရမည့် အလုပ်ကား တစ်စုံတစ်ဦး လက်ညှိုးထိုးပြရုံသာ ဖြစ်၍ သူတို့နှစ်ဦးကား ကိုယ့်အပိုင် နှင့်ကိုယ် လုပ်ဆောင်ကြရန် တစ်ခဏခန့်က ခွဲပြီးသားပင်။



လူရွယ်၏မျက်နှာကို သဲသဲကွဲကွဲမမြင်နိုင်ပေ။

အဘယ့်ကြောင့်ဆိုသော်...

လူရွယ်ကိုယ်တိုင်က သူ၏မျက်နှာကိုမမြင်နိုင်စေရန်တမင် ကာကွယ်ထားသောကြောင့်ဖြစ်၏။

လူရွယ်မှာ ဦးခေါင်းကိုငုံ့ထားသဖြင့် သူ၏ရုပ်ရည်မှာ မည်သည့်ရုပ်ရည်မျိုးရှိမှန်း မသိနိုင်ပေ။

လူငယ်ကား သည်အရပ်သို့ ကြိုတင်ရောက်နှင့်ပြီးသူ ဖြစ်သည်။

မန်ချူးရဲမက်နှစ်ဦး အသက်ခံနေပြီးနောက် သည်လူငယ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ဦးက လေသံမျှဖြင့် စကားပြောဆို နေလေ၏။

သူတို့ကအမည်ကိုလည်း၊ ဇာတိဓဝင်စား၊ အစအနေကို ကိုလည်း စိတ်မပါပုံရချေ။

www.burmeseclassic.com

www.burmeseclassic.com



တို့ကနန်း ဆိတ်ကနန်းမှုလောက်သာ စားသောက်နေကြသည်။

လူရွယ်ထံမှ စကားသံပေါ်လာ၏။

"သေချာတယ်နော်"

"သေချာပါတယ်ခင်ဗျာ"

"မြင်ရင် သူ့လို တစ်အမှန်ပြောနိုင်လားကွ"

"ပြောနိုင်ပါတယ်"

"အင်း...ဒါဖါနဲ့ဆို တို့မျှားလာစောင့်နေတာ သုံးကြိမ်ရှိပြီနော်"

"ဟုတ်ကဲ့"

"ခုတစ်ကြိမ်တော့ သေချာပါတယ်နော်"

"သေချာပါတယ်ခင်ဗျာ၊ ကျွန်တော် ကျိန်ပြီးပြောဝံ့ပါတယ်"



"အင်း...တော်တော့ကို စိတ်ရှည်ရပါလား"

လူရွယ်က သူ့ဘာသာစပြောဆိုသကဲ့သို့ ရေရွတ်နေလိုက်သည်။

သတင်းအရ သူတို့သည် ဆိုင်မှာ လာရောက်စားသောက်ခြင်းကို စောင့်ဆိုင်းခဲ့ရသည်မှာ သုံးကြိမ်သုံးခါ ရှိပြီဖြစ်၏။

သူတို့ တွေ့ဆုံလိုသူတို့ ယခုအချိန်ထိ အရိပ်အယောင်မျှပင် မမြင်။

သူတို့ လာရောက်စုံစမ်းစောင့်ဆိုင်းနေခြင်းကို ကြိုတင်သတင်း ရရှိလို့များလား။

ဒါမှမဟုတ်...

အခြားသော အကြောင်းတစ်ခုခုကြောင့်များ ဖလေလား။

သူသည် စားပွဲထက်ရှိ အမြည်းပန်းကန်ထဲမှ အမြည်းတစ်ဖတ်ကို ကောက်ယူဝါးရင်း စဉ်းစား တွေးတောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်...

မြတင်းပေါက်မှ လမ်းဘက်ဆီသို့ ကြည့်နေသောသူထံမှ အသံက ထွက်ပေါ်လာသည်။

"ဟော...ဟော လာပြီ"

"ဟင်"

မျက်လုံးစိမ်းနှင့်လူမှာ ခေါင်းညို့ ဆတ်ခနဲထောင်လိုက်သည်။

ပြတင်းပေါက်ဆီသို့ လျှင်မြန်စွာကြည့်လိုက်၏။

လိုသိသည့်သိချင်လိုခြင်းတို့ကိုပင် အမှတ်မထင် မေ့လျော့သွားပုံရသည်။

အစိမ်းရောင်မျက်လုံးများသည် လမ်းမပေါ်မှ သွားလာလှုပ်ရှားနေသောသူများကို တဖျပ်ဖျပ် စူးစိုက်ကြည့်ရှုလိုက်သည်။



လူငယ်က ပြတင်းပေါက် ဆီသို့ အမှတ်မဲ့ ထိုးလိုက်မည့်ပုံသော လက်ညှိုးကို ဖျတ်ခနဲ ဖမ်းဆွဲထားရင်း တီးတိုးမာန်မဲလိုက်၏။

"လက်ညှိုးမထိုးနဲ့ဟေ့၊ ပုံသဏ္ဌာန်ကိုသာပြော"

"အနက်ရောင်အကျႌဝတ်ထားတဲ့၊ ဆံပင်နက်နက် ကိုယ်လုံးကျစ်ကျစ်"

"တွေ့ချာတယ်နော်"

"သေချာပါတယ်"

မျက်လုံးစိမ်းသည် စူးရှစွာ ပြတင်းပေါက်ဆီ ကျော်လျက် ကြည့်သည်။

လမ်းပေါ်တွင် လူများက ဥဒဟို သွားလာနေကြလေသည်။

ဈေးသွားဈေးလာ မိန်းမ၊ ယောက်ျား၊ ကလေး၊ ခွေးများဖြင့် စည်ကားလျက်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် အနက်ရောင်ဝတ်စုံနှင့် သွယ်သွယ်ကျစ်ကျစ် အမျိုးသမီးတစ်ဦးမှာ ခပ်သွက်သွက် လျှောက်သွားနေသည်ကို တွေ့လိုက်ရသည်။

လူရွယ်က သူ၏ဗခုံးကိုပုတ်လျက် အမိန့်ပေးသောအသံဖြင့် ပြော၏။

"မင်းတာဝန်ပြီးပြီကွ၊ ကျန်တာငါဆက်လုပ်မယ်"

"ဟုတ်ကဲ့"

"ဒီက ငါထွက်သွားပြီးမှ မင်းဆိုင်ပြင်ကို ကျွန်ကြွမပျက် ထွက်သွားပေါ့"

"ဟုတ်ကဲ့"

မျက်လုံးစိမ်းက စားပွဲမှ ဆတ်ခနဲ ထလျက် ဆိုင်တံခါးပေါက်ဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်။

ကျန်ခဲ့သောသူမှာ စားပွဲမှာပင် မသိလိုက်မသိဘာသာ အမူအရာမျိုးဖြင့် စားသောက်ကျန်ရစ်ခဲ့၏။



သို့သော်....

သူ၏စိတ်များ အလွန်အကျူး လှုပ်ရှား ချောက်ချားနေကြောင်းတို့မှ မသိမသာ တုန်ယင်နေသော လက်ချောင်းလေးများက ဖော်ပြလှုပ်ရှားနေကြသည်။

ထိုအချိန်ဝယ်....

မျက်လုံးစိမ်းသည် လမ်းမပေါ်သို့ ရောက်ရှိလာခဲ့ပြီး လူအုပ်နှင့် ရောထွေးသွားခဲ့ပြီဖြစ်သည်။

အနက်ရောင်ဝတ်စုံနှင့် အမျိုးသမီးကတော့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လှမ်းသွားနေဆဲ။

သူမနောက်သို့ တစ်စုံတစ်ဦး ချောင်းမြောင်းလိုက်ပါလာသည်ကိုလည်း သိရှိရိပ်မိဟန်မတူ။

အစိမ်းရောင် မျက်လုံးရှင်သည် အနက်ရောင်ဝတ်စုံနှင့် ခြေလှမ်းမကွာ မ်းမှ ပါလာရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာစ်ခါတော့ တို့များတွေ့ကြရပြီပေါ့ကွယ်"

စကားသံတော့ ရစ်ထဲ၌ ပဲ့တင်ထပ်နေတော့၏။

သူကား ခပ်သွက်သွက် လျှောက်လှမ်းလိုက်ပါသွားနေခဲ့လေတော့သည်။

## အခန်း (၁၈)

### အရိပ်မဲ့ အထိတ်

ညနေဆည်းဆာ။

လေညင်းက တသုန်သုန်တိုက်ခတ်နေသည်။

သင်ရှက်များကိုလေတိုးသဖြင့် တရှဲရှဲမြည်သံများ ကြားနေရသည်။

အိပ်တန်းပြန်ငှက်များ သစ်ပင်များဆီ ခိုဝင်လာကြပြီး ရွာနှင့် တဖြည်းဖြည်း လှမ်းလာသည်။

ဝတ်စုံအနက်ရောင်နှင့် မိန်းမပျိုလည်း လူသူ ကင်းရှင်းနေသော တောလမ်းတွင် တစ်ကိုယ်တည်း ဆက်လက်လျှောက်နေ၏။

www.burmeseclassic.com

သူမက တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနေခဲ့သည်။

သူမဦးတည်ရာအရပ်ဘက်၌ မပြန်လမ်း တောင်တန်းက မှိန်မှိန်ပျပျ မြင်တွေ့နေရသည်။

ညနေဆည်းဆာ လေပြည်သည် သူမ၏ ဆံနက်ရော ဝတ်စုံများနှင့်ဆံစများကို လှုပ်ခါသွားအောင် ကလူကျီစယ် နေခဲ့သည်။

ဓတ်ဝန်းကျင် တောလမ်းရှိ သစ်ပင်ကြီးငယ် ချုံနွယ် အများသည် နေရောင်ပျောက်လာပြီဖြစ်၍ စိမ်းရာမှပြာ ပြာရာမှညို၊ ညိုရာမှ မှိုင်းလာခဲ့ပြီ ဖြစ်သည်။

မြူရိပ်မြူငွေ့များက ဓတ်ဝန်းကျင်အား လွှမ်းခြုံ ရစ် သိုင်း၍ မြူလာခဲ့ပြီ ဖြစ်သည်။

မိန်းမပျိုက ခြေလှမ်းမှန်မှန်နှင့် လျှောက်သွားနေဆဲ။

ရုတ်တရက်....

မိန်းမပျို၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွား၏။

သူမ ဘာကြောင့် ရပ်တန့်သွားရသနည်း။

မျက်နှာကို နောက်ပြန်လှည့်မကြည့်ဘဲ နားများထောင်သ နောက်သို့ စွင့်ထားလိုက်ဟန်တူ၏။



သူမ၏ကိုယ်လုံးသွယ်သွယ်ကျစ်ကျစ်လေးသည် လှုပ်ရှား တင်းမဲ့စွာ ရပ်တန့်၍နေလေသည်။

တစ်စုံတစ်ရာကို စောင့်နေသကဲ့သို့ ရှိ၏။

တစ်စုံတစ်ခုအား မကျေမချမ်းဖြစ်နေတန်ရာသည်း ရှိသည်။

ထိုစဉ်....

သူမနောက်ကျောဘက်ဆီမှ လေကိုဖြတ်သန်းလာသည့် ာဝတ္ထုတစ်ခု ထွင့်ပျံလာလေသည်။

"ဟိတ်"

"ဖပ်"

"ဘုတ်"

သူမက ဝဲပျံလာသည့် အရာဝတ္ထုအား နောက်ဘက်သို့ ည့်မကြည့်ဘဲ ယာခေါက်ကို ဆန့်တန်းလျက် လက်ဝါး ာင်းဖြင့် ဆတ်ခနဲ ခုတ်ချလိုက်၏။

အရာဝတ္ထုလေးမှာ သူမ၏ခြေရင်းတွင် ကျရောက်လာ ည်။

မဟူရာကြောင်ရုပ် ရင်ထိုးဓားတစ်ခု။

www.burmeseclassic.com



မိန်းမပျိုသည် နောက်ဘက်မှ ဝင်ရောက်လာသည့်အ အား အဝေးသို့မရောက်အောင် ခုတ်ရိုက်ချလိုက်ခြင်းသ ဖြစ်သည်။

သူမက ကျေနပ်စွာပြုံးလိုက်သည်။

တစ်စုံတစ်ခုကို နားလည် သဘောပေါက်လိုက်သည် ဖြစ်သည်။

တစ်ပြိုင်နက်ပင် နောက် ကျော ဘက် ရှိ ချုံနွယ်မျာ အကြားမှ လှုပ်ရှားသံတစ်ရပ်က ပေါ်ထွက်လာလေသည

သူမက နောက်ဘက်သို့ ဆတ်ခနဲလှည့်၍ မျက်နှာမူလို သည်။

ချုံနွယ်အတွင်းမှ မျက်လုံးစိမ်းနှင့်လူ ထွက်ပေါ်လာလေ သည်။

သူက အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် အနေအထာ တွင် ခြေစုံရပ်တန့်လိုက်သည်။

သူက မိန်းမပျိုအား ဂရုမစိုက်သည့်ဟန်နှင့် လှမ်းကြ သည်။



မိန်းမပျိုကမူ သူမနှင့် ဝါးနှစ်ရိုက်လောက်အကွာမှ လူ ယ်ကို မျက်လုံးအစုံ စူးရဲရဲနှင့် မျက်တောင်မခတ် စိုက် ကြည့်နေခဲ့သည်။

တစ်ဦးကိုတစ်ဦး အတန်ကြာအောင်ကြည့်ပြီးမှ မျက်လုံး မ်းက စတင်လှုပ်ရှား၏။

သူက စတင်ပြုံးလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင်...

သရော်သည့်အပြုံး။

ထီမထင်သည့်အပြုံး။

လက်စားချေလိုသောအပြုံး။

နာကြည်းသောအပြုံးတို့သာလျှင် ဖြစ်ကြ၏။

နောက်ဆုံးတွင်မူ...

စိန်ခေါ်လိုသည့်အပြုံးနှင့် နိဂုံးချုပ်၏။

မိန်းမပျိုကမူ...

အမူအရာ အေးစက်စက်နှင့် တုန်လှုပ်ချောက်ချားဖွယ်ရာ ပြုံးဖြင့် တုံ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးစိမ်းက...

မသိမသာ ခေါင်းညိတ်ရင်း စကောင်စကားဆိုလိုက်၏။

"ခုတော့ တို့တွေ ဆုံတွေ့ရပြီ၊ ဒီလိုအချိန်မျိုး ငါ ေ… ဆိုင်းနေခဲ့တာ တြေခလှပြီ မရဏာကျောပွတ်မယ်၊ ကဲ…တို့မျ… ကြေးစာရင်းလေးတွေ ရှင်းကြရအောင်"

မိန်းမပျိုထံမှ အပြုံးရယ်မဲ့စွာ တည်ငြိမ်သော တုံ့… သံအချို့က ထွက်ပေါ်လာပြန်၏။

"ကျွန်မမှာ ကြွေးစာရင်းတွေက အများကြီးရှင့်၊ ဘ… စာရင်းကို ရှင်းမှာလဲ၊ ခေါင်းစီးတိုပြောမှ သိနိုင်မယ်… ဒါမှလဲ ရှင်းလို့ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား"

မိန်းမပျို၏တုံ့ပြန်စကားကြောင့် မျက်လုံးစိမ်းနှင့်လူ… ဏ သဘောကျစွာရယ်ရင်း...

"ကျုပ်က ရှိအနှိုးနယ်ဂရားကြီးချူဟို့ လျှူရဲ့ ညီ ချူ… လန်းပေါ့"

မိန်းမပျိုက မျက်ခမှောင်ကြုတ်သွားလျက် ဦးခေါင်း… ဆတ်ခနဲညိတ်လိုက်သည်။

"အယ်အကြွေးမဲ့ဖြစ်ဖြစ် ခေါင်းစီးသိရင် ရှင်းဖောင်း… တတ်ပါတယ်၊ ကဲ…အခုပဲရှင်းချင်လား ပြောပေါ့"



"ဟုတ်အင်း"

သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်၏။

ရက်ရာ နှစ်ပေါင်းများစွာ စောင့်မျှော်ခဲ့ရသော ကိစ္စ… …ခုကို သည်မျှ မြန်ဆန်စွာ ပြီးဆုံးမသွားချင်ပေ။

တကယ်တော့ မရဏာကျောပွတ်မယ်ဆိုရာ သူ၏ နှစ်ဦး… …လုံး ဘိုင်းသမားများပင် မဟုတ်ပေလား။

သူက မန်ချူးသိုင်းပညာကို အားကိုးအားထားပြုသလို… …မကလည်း တရုတ်တို့၏ သိုင်းပညာရပ်များကို အခိုက… …ားမည့်မှာ အမှန်။

ထို့ပြင်...

သိုင်းသမားတို့၏ စိတ်ကြိုက်ဆက်ဆုံဆိုသည့်အလည်း… …သေး၏။

ယခု...

သူမ၌ မည်သည့်လက်နက်မှ ဆောင်ယူလာပုံမရ။ တိုက်… …လျှင်လည်း လက်နက်မဲ့ ချည်းသာ ဖြစ်လိမ့်မည်လေ။

သိုင်းသမားများ၏ စရိုက် ဝါဒနာကို ဖြသချင်မိ၏။

တစ်ဦးနှင့်တစ်ဦး အစွမ်းကုန် ညာပြိုင်ကာ အနိုင်ရမှ… …ရသာရှိမှာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏သိုင်းပညာကို အစွမ်းပြသချင်သည်မှာ သိုင်းသမားတို့၏ ဝါသနာသာ ဖြစ်သည်မဟုတ်ပါလား။

“သိုင်းသမားချင်းပဲ၊ ပညာပြိုင်ပြီးအနိုင်ယူကြရအောင်”

“လက်ခံပါတယ်”

“လောင်းကြေး အရှုံးအနိုင်မှိကရော”

“အသက်ဝီညာဉ်ပဲပေါ့ရှင်”

ဓူူရှန်လန်းက ကျေနပ် သဘောကျစွာ ခေါင်းညိတ်လိုက်သည်။

“အချိန်ကရောရှင်”

“လာမယ့် လပြည့်နေ့ည သန်းခေါင်”

“ဘယ်မှာလဲ”

“မင်းတို့မြို့လမ်းတောင်တန်းပေါ်မှာပဲပေါ့”

“ဘာနဲ့တိုက်ကြမှာလဲ”

“ကြိုက်ရာလက်နက်၊ ကြိုက်ရာပုံစံနဲ့တိုက်မလေ”

“ကောင်းပြီ”

တစ်ဦးကိုတစ်ဦး ဦးညွှတ်အရိုအသေပြုလိုက်ကြ၏။



ရန်သူများ ဖြစ်သော်လည်း ပညာကို လေးစားသည့် သဘောနှင့် ဖြစ်လေသည်။

တောလမ်းကား မှိုင်းရာမှ ညို့လာခဲ့ပြီ။

မကြာမီ...

အမှောင်တို့ ကြီးစိုးရောက်လာတော့မည်လေ။

တစ်ဦးကိုတစ်ဦး ကျောခိုင်းလိုက်ကြလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

### ပိန္နဝါးရွာမှ မသတ်ဖွယ်စားသောအစား

မင်းသား လီရှင်း၊ နဂါးမောင် ခေးနွစ်လက် ဆရာကြီး ချင်းယုံနှင့် သူ့အစေခံ ဗာဂိုဏ်းသား စမ်ဝူးတို့သည် ရှိအင်း မြောက်ပိုင်း မပြန်လမ်းတောင်တန်းဆီသို့ ဦးတည်ခရီးထွက်ခဲ့လာကြရာ လပြည့်နေ့တွင် ပိန်ဝါးကျေးရွာသို့ ရောက်ရှိလာကြလေသည်။

သူတို့လူစု ရွာလေးသို့ ဆိုက်ရောက်သွားသောအချိန်မှာ နေဝင်ဖျိုးဖျ မှောင်စပျိုးသောအချိန်ပင် ရှိနေခဲ့ပြီ ဖြစ်၏။

မပြန်လမ်းတောင်တန်းတွား လရောင်အောက်ဝယ် မှုန်ရိုင်းဝါး ပျပျလေးသာ မြင်တွေ့နေခဲ့ကြသည်။



"အင်း.... တောင်တန်းတို့တော့ မြင်တွေ့ရပြီ ဆရာကြီး၊ ဟောဟိုမှာ နေလုံးကြီး တိုးဝင်သွားတဲ့ တောင်တန်းဟာ မပြန်လမ်းတောင်တန်းပဲ ပါခင်ဗျာ"

နေအဝင်အထွက်ဝယ် တောင်တန်းကြီးက ရှည်လျားစွာ မှိုင်းပျပျ လဲလျောင်းတည်ရှိနေခဲ့သည်။

မင်းသားလီရှင်းနှင့် နဂါးမောင် ဆရာကြီး ခေးနွစ်လက် ချင်းယုံတို့က တောင်တန်းကြီးအား လှမ်းမျှော် ကြည့်ရှုနေခဲ့ကြ၏။

အတန်ကြာမှ ဆရာကြီး ခေးနွစ်လက်က စမ်ဝူးအား မေးမြန်းလိုက်သည်။

"ဒီကျေးရွာလေးရဲ့နာမည်က ဘာတဲ့လဲကွယ့်"

"ပိန်ဝါးကျေးရွာပါ ဆရာကြီး"

မှောင်ရီဖျိုးဖျ ဖြစ်နေခဲ့သော်လည်း ရွာလမ်းလေးမှာ ရွာသားများ ဥဒဟိုသွားလာနေကြဆဲ ရှိသည်။

စားသောက်ဆိုင်များ၊ အရက်ဆိုင်များနှင့် စည်ကားနေကြဆဲ။

www.burmeseclassic.com

www.burmeseclassic.com



"ခရီးက တော်တော်လှမ်းသေးတာပဲကွ၊ ဒီရွာမှာ ဒီည တည်းခိုပြီး မနက်ဖြန်မှ လင်းလင်းကျင်းကျင်း တောင်တန်းဆီ ခရီးဆက်ကြရင် မကောင်းဘူးလားကွယ်"

"သင့်မြတ်တာပေါ့ ဆရာကြီး၊ ခရီးလဲပန်းလာကြတာပဲ၊ စားသောက်ဆိုင်တစ်ဆိုင်ဆိုင် ဝင်စားသောက်ပြီး တည်းခိုနိုင်မယ့်နေရာကို စုံစမ်းမေးမြန်းကြတာပေါ့ခင်ဗျာ"

မင်းသား လီရှင်းကလည်း ဝင်ရောက် ထောက်ခံသဖြင့် သူတို့လူစုမှာ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လာခဲ့ကြ၏။

ထိုစားသောက်ဆိုင်၌ စားသောက်နေသူ များများစားစား မရှိသောကြောင့် သူတို့က ကျေနပ်သွား၏။

သူတို့က ချောင်ကျကျ စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြသည်။

ထိုစားပွဲမှ လှမ်းကြည့်လျှင် အပြင်သို့ ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်သော နေရာဖြစ်၏။

အပြင်ဘက်တာမူ သူတို့စားပွဲအား ရုတ်တရက် မမြင်နိုင်ချေ။

"ဘာများ သုံးဆောင်ကြမှာလဲ ခင်ဗျာ"



စားပွဲထိုးတစ်ဦး အနီးသို့ရောက်ရှိလာပြီး မေးမြန်းသဖြင့် ဆရာကြီး ဓားနှစ်လက်က မင်းသား လီရှင်းအား လှမ်းကြည့်လေသည်။

"မင်းသား၊ ဘာများကြိုက်နှစ်သက်ပါသလဲ၊ ဒီဆိုင်မှာ စုံစုံလင်လင်ရှိပုံရတယ်"

"ကျွန်တော့်အတွက် ခေါက်ဆွဲကြော် တစ်ပွဲရရင် လုံလောက်ပါပြီ ဆရာကြီး"

မင်းသားထံမှ ခေါက်ဆွဲကြော်တစ်ပွဲသာ မှာကြား စားသောက်မည်ဟု ကြားလိုက်သဖြင့် ဆရာကြီးဓားနှစ်လက်မှာ အားမလိုအားမရ ဖြစ်သွားပြီး...

"အို...စားချင်တာရှိရင် မှာစားပါကွယ့်၊ စုံစုံလင်လင် ရှိမှာပေါ့၊ ဝဝလင်လင်စားသောက်စမ်းပါကွယ်၊ ခရီးပန်းပြီး ဆာလောင်ခဲ့ကြတာမဟုတ်လား၊ ဝမ်းရေ ဘာစားချင်လဲ၊ ကြိုက်တာမှာကွယ့်"

"ဆရာကြီးပဲ မှာလိုက်ပါခင်ဗျာ၊ ဘာမဆို ကျွန်တော် စားတတ်ပါတယ်၊ တော ထဲ တောင် ထဲ နေလာခဲ့တဲ့လူပဲ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မင်းပြောမှလားကွ၊ ဲ လျှို ထဲမြောင်ထဲ က အကောင်ပါ၊ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပါး ပါး စားသောက်ကြရအောင်လို့၊ မင်းသားလဲ လျှိုထဲမှာ ဘယ်လောက်ကြာမြှာလဲ မစားရမသောက်ရတာ၊ ကဲ...ဈဲ... မင်းတို့မမှာရင် ငါမှာလိုက်မယ်"

"ခရီးသွားနေစဉ်မို့ ပါဆရာကြီး၊ စားကောင်းသောက် ဖွယ်တွေဆိုရင် အများကြီးစားမိပြီး ဗိုက်အင့်လို့ ခရီး ဖင့် နွှေးမှာစိုးရိမ်လို့ပါခင်ဗျာ"

"စားသာစားသောက်စမ်းပါကွယ်၊ ခရီးကလဲ ရောက် တော့ ရောက်နေမှာပဲကွ"

သို့ဖြင့်...

စားနှစ်လက် ချင်းယှဉ်သည် စားသောက်ဖွယ်ရာများတို့ သူကိုယ်တိုင် ဖွယ်ဖွယ်ရာရာ မှာကြားလေတော့၏။

"အရက်တစ်အိုးနဲ့ အမြည်းတစ်ခုခု အရင်ယူလာခဲ့ကွာ"

"ကောင်းပါပြီ ခင်ဗျာ"

စားပွဲထိုးက သူတို့အနီးမှ လျင်မြန်စွာ ထွက်ခွာသွား၏။



"ပင်ပန်းတယ်ကွာ၊ မစားခင် တစ်ခွက်နှစ်ခွက် သောက် သားကြရအောင်၊ စားကောင်း သောက်ကောင်းရှိမှာ ဟုတ်သား"

မင်းသားက ဆရာကြီးစားနှစ်လက်အား ပြုံးလျက် ကြည့် သည်။

ဆရာကြီးကြည့်ရသည်မှာ အရက်တို့ သောက်ချင်နေဟန် ၏။

သူထင်သည့်အတိုင်းပင် အရက်အိုး လာရောက်ချပေး သောအခါ၌ ခွက်၌ လျှင်မြန်စွာသောက်ယူပြီး အရက် ၏ ျက် ငွပ်ခနဲ့ မော့ချလိုက်လေသည်။

"တဲ...ဟဲ...စားလို့မသောက်လို့ ကောင်းအောင်ကွ၊ မင်း လဲ သောက်ကြ"

သို့ရာတွင်...

ဝမ်ဝူးရော မင်းသားလီရှင်းရော မည်သူမျှ အရက်ခွက်ကို လှမ်းမကိုင်ခဲ့ကြချေ။

ထို့ကြောင့်...

www.burmeseclassic.com



ဓားနှစ်လက်ဆရာကြီးသည် ခွက်ကို ကောက်ယူပြန်ကာ အရက်တို့ ငှဲ့ပြန်ပါ၏။

ထို့နောက် ပါးစပ်ကြီး ဖွင့်ဟကာ ဂွပ်ခနဲ လောင်းထည့်လိုက်ပြန်သည်။

မင်းသားလီရှင်းရော ဝမ်ရှူးပါ ပြုံးမိကြပြန်ပါသည်။

"ဟဲ...ဟဲ... စားလို့သောက်လို့ကောင်းအောင်ကွ၊ မင်းတို့လဲ သောက်ကြစမ်းပါဟ"

ထိုစဉ်...

စားပွဲထိုးက, စားသောက်ဖွယ်ရာများကို ဗန်းကြီးနှင့် သယ်ဆောင်လာကာ စားပွဲ၌ ချလာ၏။

စားဖွယ်သောက်ဖွယ် ဟင်းလျာများမှာ စားပွဲ၌ပြည့် ဖြစ်သွားလေတော့သည်။

"ကိုင်း...အဝသာ စားကြဟေ့"

သို့ဖြင့်...

သုံးယောက်သား စားပွဲပေါ်မှ စားသောက်ဖွယ်ရာများကို တိတ်ဆိတ်ငြိမ်သက်စွာ စားသောက်နေခဲ့ကြတော့၏။



မကြာမီ။

စားပွဲပေါ်မှ ဟင်းလျာများမှာ တစ်တက်စင်အောင် ပြောင်ခါသွားလေသည်။

ဓားနှစ်လက်က သောက်လိုက်စားလိုက်နှင့် အရက် တစ်အိုးမှာလည်း ပြောင်သွားသောအခါ ဆရာကြီးမှာလည်း စားပွဲပေါ် ဦးခေါင်းကြီးငိုက်ကျကာ သွားလေတော့သည်။

စကား မေးမရတော့ပြီ။

မင်းသားလီရှင်းနှင့် ဝမ်ရှူးတို့လည်း တစ်ဦးကို တစ်ဦး နားမလည်မှုနှင့် ကြည့်မိကြ၏။

"ဆရာကြီးတော့ စကားမေးမရတော့ဘူး၊ သည်တော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီဆိုင်မှာ တည်းလို့ ရမရ မေးစမ်းကြည့်ရအောင်ပေါ့ကွ"

သို့နှင့်...

မင်းသားက စားပွဲထိုးကို လက်ယပ်ခေါ်လိုက်သည်။

စားပွဲထိုးမှာ သူတို့စားပွဲအနီးသို့ လျင်မြန်စွာ ရောက်ရှိလာသည်။

"ဘာအလိုရှိပါသလဲ ဆရာလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါဗျာ၊ ကျွန်တော်တို့ဆရာကြီးက ခင်ဗျားမြင်တဲ့အတိုင်း ခေါင်းမထူနိုင်တော့ဘူး၊ ဒီဆိုင်မှာ တည်းခိုစရာ...လေး ဘာလေး မရှိဘူးလား"

"အား...ရှိပါတယ်၊ ကျွန်တော်တို့ဆိုင်မှာ တည်းခိုတဲ့အခန်းလဲ ငှားရမ်းပါတယ်"

"ဟာ...အတော်ပဲ၊ တို့အတွက် အခန်းလုပ်ပေးပါဦးဗျာ၊ ဆရာကြီးကို အခန်းထဲ သိပ်ထားလိုက်မယ်"

မင်းသားလီရှင်းနှင့်ဝမ်ဗူးတို့မှာအလွန်ဝမ်းသာသွားကြရလေသည်။

စားပွဲထိုးက သူတို့၏ အနီးမှ ထွက်ခွာသွားပြန်ပါသည်။

ခေတ္တကြာသောအခါ ပြန်လည်ရောက်လာပြီး....

"အခန်းရှင်းပြီးပါပြီ"

"အေး...အားလုံးဘယ်လောက်ကျလဲကွ၊ အခန်းဖိုးပါထည့်တွက်ပါ"

"အားလုံး ငွေစနှစ်ဆယ်ကျပါတယ် ဆရာလေး"

"ကောင်းပြီ...ရော့ဟေ့၊ ဒီမှာ တို့ဆရာကြီးကို အခန်းထဲပို့ရအောင် ကူညီပေးလိုက်ပါဦး"



...စားပွဲထိုးအား ငွေစနှစ်ဆယ်ထုတ်ပေးပြီး အကူအညီတော...ခါဘည်း တောင်းလိုက်၏။

သို့နှင့်....

စားပွဲထိုးနှင့် ဝမ်ဗူးတို့သည် ဆရာကြီး၏ ခန္ဓာကြီးကို...၏အနောက်ခန်းသို့ ဆယ်ဆောင် သွားကြတော့သည်။

...မင်းသားလီရှင်းသည် ခေါင်းမဖော်နိုင်အောင် မူးသွား...ော ဆရာကြီးအတွက် စိုးရိမ်နေမိသည်။

...အကယ်၍ အရက်အလွန်အကျွံ မူးယစ်ပြီး မနက် မပြန်...း တောင်တန်းသို့ မသွားရောက်နိုင်လျှင် တောင်ပေါ်မှ...င်တော်အတွက် အလွန်စိုးရိမ်မိသွား၏။

...သရောင်အောက်မှ မပြန့်လမ်းတောင်တန်းဘက်သို့ မျှော်...ကြည့်မိသည်။

...တောင်တန်းမှာ ပျပျရေးရေး ခပ်ဝေးဝေးမှ မြင်နေရ...သည်။

...ိုစဉ်....

...တောင်တန်းဘက်သို့ ခမောက်ဝိုင်းကြီးနှင့် ဓားကိုလွယ်...ားနေသည့် သိုင်းသမားတစ်ဦးကို ထူးဆန်းစွာတွေ့လိုက်...

...ားမှာသူတို့၏ဓားများနှင့်မတူ၊ ဓားပြားကြီးတစ်လက်...သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ဝင်စားသွားခဲ့သည်။

မပြန်လမ်း တောင်တန်းဘက်ဆီ ဦးတည်သွားနေသဖြ ပို၍ စိတ်ဝင်စားမိ၏။

ထို့ပြင်...

ထိုခမောက်စိုင်းဆောင်းထားသောလူမှာ သူတို့ တရု ဆိုင်းသမားများကဲ့သို့မဟုတ်။ နိုင်ငံခြားသားတစ်ဦးနှင့်တူ သည်။

မန်ချူးလူမျိုးလား၊ မျက်နှာကို ခမောက်ရိပ်က ကွယ် သောကြောင့်လရောင်အောက်မှာဖြစ်သော်လည်း သဲသဲကွဲ မသိနိုင်။

မန်ချူးဟု ထင်မိသဖြင့် သူ့စိတ်ထဲ ထင့်ခနဲဖြစ်သွား သည်။

ခမောက်စိုင်းနှင့်မြင်းသမားမှာ တရွေ့ရွေ့ လျှော လှမ်းသွားနေ၏။

မင်းသား လီရှင်း၏ စိတ်မှာ ဗလောင်ဆူနေသည်။

သူ့မျက်စိထဲတွင် သူတို့နဝါးမာန်ကို လာရောက် တို ခိုက်သည့် မန်ချူးမြင်းသမားနှင့် တူသယောင်ယောင်။



သူက စေ့ခွဲစဉ်းစားမရ ဖြစ်နေစဉ်မှာပင် ထိုမြင်းသမား ာ အဝေးသို့ ရောက်သွားခဲ့ပြီ။

လရောင်အောက်ဝယ် တရွေ့ရွေ့ တိုးသွားနေဆဲ တွေ့ရ သည်။

သူက တည်းခိုခန်းထဲ မင်ဝူးကို သွားရောက်တိုင်ပင်ရ ကောင်းမလား စဉ်းစားမိလေ၏။

ထိုသို့အခန်းထဲဝင်ရောက်တိုင်ပင်နေစဉ်မှာ ထိုမြင်းသမား မြင်ကွင်းက ပျောက်ကွယ်သွားနိုင်သည်။

ခု သူ၏မျက်စိအဆုံးဝယ် တွေ့နေရသေးသည်။

သို့သော်...

ထို မြင်းသမားနောက်သို့ အရမ်း လိုက်၍လည်း မဖြစ် ။

ဆရာကြီးမော်နှစ်လက် သင်ကြားခဲ့ဖူးသည်များရှိသည်။ ၍ ကြားမိသည်။

"တော်လှန်ရေးကာလတွင် အရာရာသတိဖြင့်လှုပ်ရှားမည်၊ ုံးရှုံးသင့်သည်ကို မဆုံးရှုံးစေအောင် ဆင်ခြင်ရမည်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားပင်တည်း။

အခြေအနေကိုကြည့်ပြီး နောက်မှပင် ဆရာကြီး ဓား လစီအစား အကျိုးအကြောင်း၊ ပြောတော့မည်ဟု ဆုံး လိုက်မိတော့သည်။

★

## အခန်း (၂၀)

### မြန်လမ်းသို့ နောက်သွားသူများ

ခမောက်ဝိုင်းဆောင်းထားသော ဓားသမားမှာ မပြန်နီ လမ်း တောင်တန်းသို့ စတင် တက်ရောက်နေခဲ့သည်။

လပြည့်ညဖြစ်၍ လမင်းက ထိန်ထိန်သာနေ၏။

နက္ခတ်တာရာ စုံလင်သော ညတစ်ည။

ပြာမှိုင်းသောကောင်းကင်၌ ကြယ်ပွင့်လေးများက ပြန့်ကြဲနေ၏။

စိန်ပွင့်လေးများသဖွယ် တလက်လက် တဖိတ်ဖိတ်။

www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်လမင်းက အလင်းရောင်တို့ကို ကြဲဖြန့်ပေးထား သောကြောင့်မပြန်လမ်းတောင်တန်းမှာ စိမ်းလဲ့လဲ့ တောက် ပနေခဲ့သည်။

ထူထပ်သော သစ်ပင်အုပ်များအောက်မှာ အရေမှောင်ရိပ် တို့က ရှိနေသည်။

ညဥ့်နက်လေက တသုန်သုန် တိုက်ခတ် နေသောကြောင့် သည်။

မပြန်လမ်းတောင်ခြေမှ မြက်ရိုင်းပင်ကြီးများက ရှည် လျားလွန်းလှသည်။

လေတိုက်တိုင်း ဘယ်ညာနွဲ့လျက် ကခုန်နေကြသည်သို့ ရှိ၏။

အစိမ်းရောင် ဖုံမှုလာကြီးက တလှုပ်လှုပ် တခတ်ခတ်နှင့် လှိုင်းများသဖွယ် နိမ့်ချည် မြင့်ချည်။ ကြည်နူးဆွတ်ပျံ့ဖွယ်ရာ ကောင်းလှ၏။

မြက်ရိုင်းပင်များ အကြားမှ ပိုးကောင် မွှားကောင်လေး များ၏ အသံတို့က ဆူညံနေခဲ့ကြသည်။

လသာသော ညဝယ် သံပြိုင်တေးများ မညီမညာ သီကြွေး နေကြသည်သို့....



မြက်ရိုင်းပင်များကို လွန်မြောက်လာသောအခါ၌ ထူထပ် သိပ်သည်းသည့် ဝါးရုံပင်တောတ ရှိနေခဲ့ပြန်၏သည်။

အစိမ်းရင့်ရောင် ရှည်သွယ်ညွတ်ဆိုင်းနေသော ခက်ရွက် လက်တံများအား လှုပ်ခတ်လျက် တရှဲရှဲအသံများ ပြုစေး ခြောက်လှန့် နေကြပြန်ပါသည်။ အချိန်မှာ ဆန်းခေါင်ယံ အချိန် မရှိတရှိအချိန်။

အဝေး၌ မှိုင်းမှုန်သော တောင်တန်းကြီးဝယ် မြူခိုးတွေ တလူလူဝေဖြိုး တိတ်ဆိတ်ငြိမ်သက်နေကြပြီး

တောင်တန်း၏ အမြင့်ဆုံးတောင်မှေပါ်တစ်နေရာ တောင့် တင်းကြံ့ခိုင်သော ခန္ဓာကိုယ်ပေါ်၌ မန်ချူးတိုက်ခိုက်ရေး သမားတစ်ဦး၏ ဝတ်စုံဖြစ်သည့် အနီရောင်အင်္ကျီ ဘောင်းဘီ များကို ဝတ်ဆင်ထားခဲ့သည်။

ခေါင်း၌ ခမောက်တစ်လုံးကဖြက်ကြီးကြီးနှင့် လမရောင်တို တာကွယ်ထားသဖြင့် သူ၏ မျက်နှာကို အရိပ်တို့ ကျနေ သည်။

ရှည်လျားသော မန်ချူး ခတ်ခေား အပြားကြီးကလည်း ခါးတွင် တွဲလောင်းချိတ်လျက် ရှိသည်။

မန်ချူးဓားသမားကြီးကညဥ့်သန်းခေါင်ယံမှာမပြန်လမ်း တောင်တန်းပေါ် မကြောက်မရွံ့ တက်ရောက်လာသည်မှာ အံ့ဩစရာ။

www.burmeseclassic.com

www.burmeseclassic.com



သာမန်လူများအဖို့ သည်လို ညဥ့်ဆန်းခေါင် ရေပြာနှင့် နေ့လယ် ကြောင်တောင်မှင် ဤတောင်တန်းသို့ မလာ ဝံ့ကြ။

ယခု ဓားဆွဲသူကား ညဥ့်နက်ဆန်းခေါင် တစ်ဦးတည်း တက်ရောက်လာခဲ့ပြီ။

သူက တစ်စုံတစ်ဦးကို စောင့်စားမျှော်လင့်နေသူဖြစ်ဟန် တူသည်။

မည်သူ့အား စောင့်မျှော် နေပါသနည်း။

သူတ အရုပ်လေးမျက်နှာသို့ ဟိုဟိုဒီဒီ ရှာဖွေ ကြည့်ရှုနေခဲ့သည်။

ချစ်သူရည်းစားနှင့် ချိန်းဆိုထား၍ ချစ်သူအား စောင့် မျှော် နေခဲ့သည်လား။

သည်လိုလည်း မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော်…

သူ၏မျက်နှာသည် ချစ်သူတစ်ဦးအား လာရောက်တွေ့ဆုံသည့် ကြည်နူးချမ်းမြသည့် မျက်နှာထားမျိုးမဟုတ်။

အေးစက်တင်းမာသည့် ခက်ထန်သော အမူအရာများနှင့် ဖြစ်နေခဲ့လေသည်။



ထိုသူကား တခြားသူမဟုတ်။

ရှိအန်းနယ်ကို စားရသည့် ရှိအန်နယ်စား မန်ချူး သိုင်းသမား ချူရှန်လန်းသခင်ကြီး ဖြစ်၏။

ဤနေရာ၌ တစ်ဦးနှင့် တစ်ဦးရန်ငြိုးများကို အသက် သွေးတို့ဖြင့် ဖြေးဆပ်ကြရန် စိန်ခေါ် ချိန်းဆိုခဲ့ကြခြင်း ဖြစ် သည်။

စိန်ခေါ်သူကား ရောက်ခဲ့ပြီ ဖြစ်သည်။

စိန်ခေါ်ခံရသူကတော့ ရောက်မလာသေး။

စောသေးလို့လည်း ဖြစ်နိုင်သည်။

သန်းခေါင်ယံတိုင်ဖို့ကအချိန်အနည်းငယ်မျှတော့လိုသေး သည်။

"တောက်—"

မန်ချူးဓားသမားက 'မရဏကျွာပွတ်မယ်'ကို မတွေ့ရ သဖြင့် ဒေါသဖြစ်စွာ 'တက်'ခေါက်လိုက်သည်။

သူမ သူ၏ စိန်ခေါ်မှုကို ရှောင်လွှဲ ထွက်သွားခဲ့ပြီလား။

ထိုသို့ဆိုပါလျှင်—

သိုင်းလောကဝယ် ဤမရဏကျွာပွတ်မယ်၏ ကျော်ကြားမှုများ ရေစုန်မျောဖို့ပဲ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အနှစ်နှစ်အသလူ ထိန်းသိမ်းခဲ့သော ဂုဏ်ဒြပ်ကိုသူမသည် ဤချိန်းပွဲကို ရှောင်တိမ်းချင်၍ ဖျက်ဝစ်ခဲ့ပြီလား။

ဤဘွင် လရောင်အောက်မှာ တစ်စုံတစ်ဦး လျှောက်လာသည်ကို တွေ့လိုက်ရသည်။

သူမက တစ်ဖက်ကျွန်းထက်မှ တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ခန္ဓာကိုယ်၌ အနက်ရောင် ပိုးကိုယ်ကျပ်အင်္ကျီ၊ ဘောင်းဘီနှင့် ကျစ်လျစ်သွယ်လျသည့်သဏ္ဍာန်၊ ညာဘက်လက်ထဲတွင်လည်း အရောင်တောက်နေသည့် ကုလားမှတ်ရှည်ကြီး တစ်ချောင်းကို ကိုင်ဆောင်လျက် လာ၏။

မှောင်ရိပ်များကို ဖြတ်ကျော်လာသော သူမအား ကျွန်းထိပ်ပေါ် ရောက်သောအခါ ပီပီသသ မြင်တွေ့လာရတော့သည်။

ကြောင်မျက်နှာဖုံးနှင့် မရဏကျောမွှတ်မယ်။

တစ်ဖက်က သူမဆက်ရောက်လာသည်နှင့် ကျောက်ရုပ်တစ်ရုပ်လို ရပ်ကြည့်နေသည့် ချူရှန်ယန်းလည်း လှုပ်ရှားရတော့သည်။

သူက ခြေလှမ်းကို စတင်လှမ်းလိုက်၏။



တောင်ကုန်း ငုပ်ဖမ္ဗာတစ်ချက်မှ မျက်နှာ ချင်းဆိုင်လျှောက်လာကြရာ ဝါးတစ်ရိုက် အကွာဆီရောက်ပြီး ခြေလှမ်းမှုား ဖြိုက်တူလိုလို ရပ်တန့်သွားကြသည်။

တစ်ဦးအခြေအနေကို တစ်ဦး အကဲခတ် လိုက်ကြသည့်အလား ငြိမ်သက်သွားကြသည်။

စကားဦးဆုံး စတင်လှုပ်ရှားလိုက်သူမှာ ချူရှန်ယန်းပင် ဖြစ်လေသည်။

သူက မျက်နှာအုပ်လူမတတ် ဆောင်းထားသော ခမောက်ကြီးကို ခေါင်းမှ ဖြုတ်လျက် တစ်ဖက်သို့ ပစ်လိုက်လေသည်။

ထိုအခါကျမှ---

အလွန်ခက်ထန်ကြမ်းမာသည့် မျက်နှာအမူအရာရှိသည့် မန်ချူးနယ်စား ချူရှန်ယန်း၏အသွင် ပေါ်လာ၏။

မန်ချူးသိုင်းသမား ချူရှန်ယန်း။

သိုင်းအတတ်တွင် တစ်ဖက်ကမ်းခတ် တတ်မြောက် ကျွမ်းကျင်သော မပေါက်စားဘုရင်တစ်ဦး။

သူနှင့် မျက်နှာချင်းဆိုင်အရပ်မှာ ကိုယ်ကျပ်ဝတ်စုံအနက်နှင့် မိန်းမပျိုကလေးသည်း မျက်နှာပေါ်မှ ကြောင်မျက်နှာဖုံးကို ချွတ်လျက် လွှင့်ပစ်လိုက်သည်။

www.burmeseclassic.com



ငယ်ရွယ်နုပျိုသလောက် ချောမောလှပသော မိန်းမပျို လေး တစ်ဦး၏မျက်နှာက ပေါ်လာသည်။

သည်လောက် ချောမောလှပသည့် မိန်းမပျိုလေးတစ်ဦး က ယောကျာ်းများကို ယှဉ်ပြိုင်သတ်ဖြတ်ခဲ့သည်မှာ ယုံချင် စရာမရှိ။

သူမနာမည် ကြားလိုက်သည်နှင့် ကြောက်ဒူး တုန်သွား ရမည့် မရဏကျော့ပွတ်မယ်။

မန်ချူးတို့၏ အုပ်ချုပ်မှုကို ဆန့်ကျင်တိုက်ခိုက်နေသည့် သူရဲကောင်း မိန်းမပျိုတစ်ဦး။

လရောင်က လင်းလက်နေသောကြောင့် ဝါးတစ်ရိုက် ကျော် အကွာဆီမှ ယှဉ်ပြိုင်ရပ်နေကြသူ နှစ်ဦးမှာ တစ်ဦးကို တစ်ဦး ပီပီပြင်ပြင် မြင်နေကြရလေသည်။

ချူရှန်လန်းက အေးစက်သောအကြည့်နှင့် ရန်သူမိန်းမ ပျိုကို လှမ်းကြည့်သည်။

သူမကလည်း သူ့အား ထီမထင်သည့် တုံ့ပြန်မှုဖြင့် တန် ပြန် ကြည့်လာသည်။

အနှစ်နှစ်အလလ သူမ မုန်းတီးဆန့်ကျင်ခဲ့သော မန်ချူး ပဒေသရာဇ်အနွယ်၊ မန်ချူးကေရာဇ်၏တူတော်စပ်သူ ထိပ် တန်း တိုက်ခိုက်ရေးသမား တစ်ဦး။



သူနိုင်ငါနိုင် အသက်လုပွဲ ဆင်နွှဲရတော့မည်လော။

သူက လက်နှစ်ဖက်ကို ရင်ဝဆီသို့အပ်လျက် ဒူးကို ညွတ် လိုက်မိသည်။

သူမကလည်း ထိုနည်းနှင်နှင် ပြုမူလေသည်။

ပြိုင်ပွဲဝင်တော့မည့် သိုင်းသမားများ တစ်ဦးပညာ တစ် ဦးက လေးစားမှုထားသည်ဟူသည့် သဘောပင်ဖြစ်၏။

လရောင်အောက်ဝယ် နှင်းဖွဲဖွဲ တို့ကျဆင်းနေ၏။

သူတို့နှစ်ဦး၏ ကိုယ်ခန္ဓာပေါ်တွင်လည်း နှင်းမှုန်နှင်းပွင့် များ တဖွေးဖွေး ဖောက်နေ၏။ လေက အေးမြရိုင်းစြမ်းလာ သည်။

ပိုးကောင်ငယ်များ၏ အသံတို့ကလည်း ပိုမိုကျယ်လောင် လာသည်။

ဝါးရုံရွက် လေတိုးသံ တရှဲရှဲမြည်နေ၏။

"ချိန်းတဲ့အတိုင်း မပျက်မကွက် ရောက်လာလို့ ဝမ်းသာ ပါတယ် ကျော့ပွတ်မယ်"

သူ့စကားကြောင့် သူမကလည်း သရော်ပြုံးပြုံး၏။

www.burmeseclassic.com

ထို့နောက်...

မာခကျော့စူးရှသော စကားသံလေးကလည်း သူမထံမှ ထွက်ပေါ်လာခဲ့ရ၏။

"ရှင့်လိုပဲ ကျွန်မကလဲ ဝမ်းသာပါတယ်"

သောင်းလေးနှယ် အေးစက်သည့် စကားနှင့် တုံ့ပြန်သည်။

"ကောင်းပြီလေ၊ တို့များ ကြွေးရှင်းပွဲ စကြပါစို့"

"အဆင်သင့်ပါပဲရှင်"

သူမက စကားဆုံးသည်နှင့် သူမ၏ ကိုယ်လုံးလေးကို တစ်ပတ်လှည့်ရင်း ညာလက်မှ ကျာပွတ်ကြီးအား ဝှေ့ယမ်းလိုက်၏။

"ရွှမ်း...ရွှမ်း"

တရွှမ်းရွှမ်း မြည်ညံနေသည့် ကျာပွတ်သံနှင့်အတူ တိုက်ကွက်ဆင်ရန် စတင်လှုပ်ရှားလိုက်၏။

ကျာပွတ်ကြီးသည် သူမ၏ဦးခေါင်းထက်၌ မရပ်မနား သွားကို ရှင့်ကျူးရင်း ပြိုးခနဲပြက်ခနဲလက်ကာ ချာချာလည် နေတော့သည်။



သည်အချိန်၌ ချူရှန်လန်းမှာလည်း ဖွေးခနဲအရောင်တစ်ခုက ဝင်းလက်လာကြသည်။

ခါးကြားမှ ဆောင်လာသည့် ဓားအိမ်အတွင်းရှိ ခန့်ချူးဆောင်ဓားရှည်ကြီးကိုဆွဲထုတ်လိုက်ရာမှထွက်ပေါ်လာသော အရောင်စင် ဖြစ်လေသည်။

ဆွဲထုတ်ပြီးသောဓားကို ညာလက်တွင် တင်းတင်း ဆုပ်ကိုင်ထားရင်းမရဏကျာပွတ်မယ်စတင်လာမည့်သော တိုက်ကွက်၏ အနေအထားကို ချူရှန်လန်း မျက်ခြည်မပြတ် ဂရုတစိုက် အကဲခတ်လိုက်သည်။

သူ၏ ကိုယ်လက်အနေအထားများက ကျွမ်းကျင်သော သိုင်းသမားတစ်ဦးပီပီ တန်ချက်ကို အပြည့်အဝယူထားပြီး ဖြစ်သည်။

သူကော သိုင်းကွက်များကို သွက်လက်ဖျတ်လတ်စွာ တစ်ကွက်ပြီးတစ်ကွက် ပြောင်းလိုက်သည်။

ယခုထိ ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် မတုန်မလှုပ် ရှိနေသော ချူရှန်လန်း သူမ၏လှုပ်ရှားမှုများကို မမှိတ်မသုန် ကြည့်နေရာမှ လက်တစ်ဖက်အား ဝှေ့ယမ်းလိုက်သည်။

"ဦး"

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုက လေထဲဖြတ်သန်းလာသည်နှင့် ကျားပွတ်မယ်၏ ကိုယ်လုံးလေးကလည်း ထိုစင်လာသော အရာဝတ္ထုလေးကို ပေါ့ပါးစွာ ယိမ်းနွဲ့လှုပ်ရှား ရှောင်တိမ်းလိုက်သည်။

"ဝှီး"

"ယား"

ချူရှန်လန်းက သူ၏ဓေါက်ဓားဘုရင် ဓားချက်နှင့် ကျားပွတ်မယ်အား ဟန်ချက်ပျက်ပြားသွားအောင် ပြုလုပ်လိုက်စဉ်...

သူမကလည်း ခုန်ပျံရှောင်ထွက်လိုက်ရ၏။

ထို့ကြောင့်...

သူမ၏ ရပ်နေသည့်ဟန်မှာ ရွှေ့လျားပျက်ပြားသွားရသည်။

သည်ကဲ့သို့ ရွှေ့သွားသည်နှင့် တစ်ပြိုင်နက် ချူရှန်လန်းက သူမရှောင်တိမ်းရာဘက်သို့ လေထဲမှာပင် ခုန်ပျံလာ ဓားကြီးနှင့် ခုတ်ချလိုက်လေသည်။

"ဟိတ်"



"ယား"

"ဝှီး"

"ရှပ်"

သို့ရာတွင် သူက လေကိုသာ ခုတ်မိသွားလေသည်။

ရှေ့ဘက်သို့ကျွံပြီး ငိုက်ကျလာသည့် ချူရှန်လန်း၏ ကိုယ်ပေါ်သို့ သူမ၏ကျားပွတ်တစ်ချက်က ကျရောက်လာပြန်သည်။

"ရွှမ်း"

"ဒါမျိုးနဲ့တော့ မရဘူးကွ"

ချူရှန်လန်းက သွက်လက်စွာ တစ်ဖက်သို့ ယိမ်းထိုးရှောင်ထွက်လာသဖြင့် လွင့်ထွက်သွားရပြန်သည်။

တစ်ဦးနှင့်တစ်ဦး နီးကပ်လာကြသည်။

တိုက်ပွဲကား သွေးပူလာ၍ လျင်မြန် ပြင်းထန်လာလေသည်။

ရိုက်ချက်လွတ်သွားသဖြင့် ကျားပွတ်မယ်က သူမ၏ တုတ်ကြီးကို ချူရှန်လန်း ရင်ညွှန့်ထံ ကန့်လန့်ဖြတ်ရိုက်သွင်းလိုက်ပြန်သည်။

www.burmeseclassic.com



ထိုရိုက်ချက်ကား ခံရသူအဖို့ ရှောင်တိမ်းရခက်သော ရိုက်ချက်မျိုးဖြစ်သည်။

ရွှမ်းခနဲအသံကြားလိုက်သည်နှင့်တစ်ပြိုင်နက် သူက ခေ ခေါင်းထိုင်ချပြီးသား ဖြစ်သည်။

ကျားပွတ်ရိုက်ချက်က သူ၏ခေါင်းပေါ် ဖြတ်ကျော်သွာ ကာ လေထဲချော်ထွက်သွား၏။

တစ်ပြိုင်နက်ပင်....

ထိုင်လျက်က ခေါင်းဦးနှင့် သူမ၏ခါးထံသို့ဝင့်ထိုးချလို ပြန်သည်။

ခေါင်းဦးဝင်လာသည်ကို သတိပြုလိုက်မိသော ကျားပွ မယ်က ကျွမ်းဘားသမားတစ်ဦးကဲ့သို့ ခန္ဓာကိုယ်ကို မှ နေအောင် လှည့်ပြီး တစ်ဖက်သို့ ခုန်ပျံရှောင်တိမ်းလိုက သည်။

သူမ၏ခန္ဓာမှာ လေထဲသို့လှပစွာချာလည်ပြီးလည်ပြော တက်သွားရစဉ်...

ချူရှန်လန်းက ထိုင်ရာမှထပြီး သူမပြန်ကျလာမည့်နေ ကို ပြေးသွားခုတ်ချသည်။



သည်တစ်ချီတော့ သူမ၏ခန္ဓာ သွယ်သွယ်နွဲ့နွဲ့လေးမှာ ခ်ပိုင်းပြတ်သွားနိုင်လောက်ပေသည်။

ချူရှန်လန်း၏ တိုက်ကွက်မှာ လျှင်မြန်တိကျလှပေသည်။

လေထဲမှ ဝဲပျံလာသည့်ငှက်ကို ကြောင်ရိုင်းက ခုန်ပျံဖမ်း ပ်သည့် တိုက်ကွက်နည်း ဖြစ်သည်။

ပျံသန်းဆဲငှက်ငယ်သည် ကြောင်ရဲ၏ လက်သည်းအစွယ် ားအကြား မိသွားသကဲ့သို့ ကျားပွတ်မယ်သည်လည်း ချူ န်လမ်း ဓားဖျားဝယ် မိသွားရပေမည်။

သို့ရာတွင်....

ထင်သည့်အတိုင်း ဖြစ်မလာခဲ့ချေ။

လေထဲတွင်ရှိနေဆဲဖြစ်သည့် ကျားပွတ်မယ်က ကျားပွတ်ကို ရှန်လန်း လည်စင်းရှိရာသို့ ပစ်ပြီး ဆွဲယူလိုက်သည်။

ချူရှန်လန်း ခေါင်းငုံ့လျက် ကျွမ်းထိုးပြီး အလျင်အမြန် ှောင်လိုက်ရ၏။

သူမကပြုံးလျက်—

"ရှင့်ပညာ မဆိုးပါဘူး"

"မင်းလဲ တော်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မရဏကျော်ပွတ်မယ်၏ ဘာကြောင့်နခမည်ကြီးနေသည်ကို တစ်ဆက်တည်း သဘောပေါက်လိုက်၏။

သူမ၏ သိုင်းအဆင့်မှာ တော်တော်လေး မြင့်မားနေ ကြောင်းအား တိုက်ကြည့်မှပင် သူနားလည်သဘောပေါက် မိရတော့၏။

နေခင်တော်သည် မန်ချူးသိုင်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ထိုသို့ ပုဂ္ဂိုလ်မျိုးကိုပင် တိုက်ခိုက်သုတ်သင်သွားနိုင် သည့်အတွက် ကျော်ပွတ်မယ်တို့ အစပိုင်းက အံ့ဩမိခဲ့သော သည်။

ယခုတော့ မအံ့ဩတော့။

အတိတစ်ချက် လွတ်သွားသည်နှင့် သူ့ကျောပွတ်ကြီး အဖျားတွင် ကားရားကြီးအသက်ပျောက်သွားနိုင်သည်။

သို့ကလိုတွေးနေတာရင်း သူမအား တရကြမ်းဝင်ရော တိုက်ခိုက်မည်လော။

သို့မဟုတ်....

တစ်ယောက်နှင့်တစ်ယောက် အဝင်အထွက်စောင့်ကြ အကဲခတ်ရင်း ပိုင်လောက်မှ အပြတ်ရှင်းမည်လော။



သူမ၏ပညာကိုတော့ နားလည်သိမှတ်စပြုလာပြီဖြစ်၏။

သည်အတိုင်း....

ပွဲကား ပြီးလိမ့်မည်မထင်။

သူက နေခင်ကော့စ်အတွက် သူမအပေါ် အမြန်ဆုံး လက်စားချေလိုစိတ် ရှိသည်။

သူမတစ်ယောက် အမြန်ဆုံး သွေးထွက်သံယိုဖြစ်မှ အမြန်ဆုံး အသက်ပျောက်ပါမှ သူ ကျေနပ်နိုင်မည်မဟုတ်ပေလော။

သို့ဖြင့်....

အချိန်တိုတိုအတွင်းကိစ္စပြီးစေရန် သိုင်းကွက်ကြမ်းကြမ်းကို အသုံးချမည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် ချူရှန်လန်းသည် ခန္ဓာများရှိအင်အားများကို အဆများစွာ တိုးပွားလာစေရန် စိတ်အားဖြင့် မောင်းနှင်း၍ ရောနှောစုပေါင်းလိုက်သည်။

သူ၏ကိုယ်ထဲတွင် ဆင်မြောင်တစ်စီး အင်အားများနှယ် အတွင်းအားတာ ပြည့်လာသည်ဟု ထင်မှတ်ရ၏။

သူက တိုက်ပွဲအား အရှိန်မြင့်တော့မည်ဟု ဆုံးဖြတ်ပြီးသည်နှင့် ထိုးစစ်ဆင်ရန် ပြင်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေးရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက်....

မီးထွက်မတတ် မျက်လုံးအစုံဖြင့် သူမကို စိုက်ကြည့်လိုက်သည်။

ထို့နောက်....

သူက မာန်သွင်းပြီး ဝမ်းခေါင်းသံနှင့် အော်ဟစ်လိုက်လေသည်။

"တေး...."

သူက လွှားခနဲခုန်ပျံလျက် ကျားပွတ်မယ်အား ပြင်းထန်စွာ ဓားဖြင့်ပိုင်း၍ ခုတ်ချလိုက်သည်။

သူမက ရှောင်တိမ်းလျက် ကျားပွတ်ရိုက်ချက်တစ်ချက်နှင့် တုံ့ပြန်သည်။

"ဝှီး—ဝှီး"

"ရွှမ်း....ရွှမ်း"

သည်တစ်ခါတော့....

ယှဉ်ပြိုင်သူနှစ်ဦးမှာ တရကြမ်း၊ သဲသဲမဲမဲ ထိုးနှက် တိုက်ခိုက်နေကြပြီ ဖြစ်သည်။



ဓားသွားက လေထုထဲ ဖြတ်သန်းသည့် အသံများနှင့် အတူ တုန်လှုပ်ဖွယ်ကျားပွတ်သံတို့ကလည်း လေပြင်းမုန်တိုင်း အလား သဲကြီးမဲကြီးပင် ထွက်ပေါ်လာကြ၏။

အဝင်အထွက် အရှောင်အတိမ်း အပြေးအလိုက် အခုတ် အပိုင်း အရိုက်အနှက် အခုန်အပျံတို့မှာလည်း အရှိန်အဟုန် ကြီးမားပြင်းထန်လှပေတော့သည်။

ပြေးလိုက် တိမ်းလိုက်နှင့် တောင်ဝေါဝယ် ယှဉ်ပြိုင် တိုက်ခိုက်နေကြပုံမှာ ကျားရဲနှစ်ကောင် လုံးထွေးပုတ်သတ် နေသည့်အလား ရှိလေတော့သည်။

ဓားချက်များကြောင့် ပတ်ဝန်းကျင်မှ သစ်ပင်တို့ တဝုန်းဝုန်း ပြိုလဲနေကြကုန်သည်။

ထို့အတူပင်....

မရဏကျားပွတ်မယ်၏ ရိုက်ချက်များကြောင့် သစ်ရွက် သစ်ခက်များသည်လည်း ဖွားခနဲ ဖွေးခနဲ လွင့်စဉ်နေကြသည်။

တစ်ကြိမ်တွင်....

ချူရှန်လန်းက သူမအား အပိုင်ဓားဖြင့် ပိုင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုး"

"သွားပေတော့မေတ."

"ရှမ်း"

သူမက ခေါ့ပါးစွာ ရှောင်လိုက်ပြီး ကိုယ်ကို တစ်ပတ် လှိမ့်ပြီး ကျားပွတ်နှင့် ပြန်သိမ်းလိုက်ရာ...

ချူရှန်လန်း လက်မှ ဓားပြားကြီးက ကျားပွတ်ဖျားဝယ် ငါသွားတော့၏။

"ဟာ..."

"တယ့်နှယ်ရှိစ၊ ဆင်း...ဟင်း"

ဓားမှာ သူမ၏ လက်အတွင်း ရောက်ရှိသွားခဲ့သည်။

"ဒီတစ်ခါ ရှင့်အလှည့်ပဲ"

"ဟိတ်"

သူမက အရှိန်နှင့်စတ်တာ ချူရှန်လန်းအား မန်ချူးဓား နှင့် ပိုင်းချရန်အတွက် ရှေ့သို့တိုးဝင်လိုက်စဉ် ချူရှန်လန်း ၏ လက်တစ်ဖက်က လှမ်းခတ်လိုက်သည်။

"ဝုဗ်"



"ဖောက်"

"အစ်"

မရဏကျားပွတ်မယ်၏ လက်နှစ်ဖက်က သူမ၏ လည်တံ ရှင်းခြောက်ကြောကို နာကျင်စွာ ဖမ်းအုပ်လိုက်ရှာလေသည်။

ချူရှန်လန်း ပစ်ခတ်လိုက်သော အဆိပ်လုံး ပေါက်ဓား လေးမှာ သူမ၏လည်မျိုဝယ် ဖောက်ထွက်လျက်ရှိ၏။

မရဏကျားပွတ်မယ်၏ ကိုယ်ခန္ဓာလေးသည် ဓားတိုက် လဲကျသွားရှာလေတော့သည်။

"ဟား...ဟား...ဟား...ဟား"

ရှိအန်းနှယ်စား မန်ချူးဓားသမားး၏ အော်ဟစ် ရယ် မောသံက သန်းခေါင်ယံ အချိန်ဝယ် တုန့်လှုပ် ချောက်ချား ဖွယ်ကောင်းအောင် မြိုင်လမ်းတောင်တန်း၌ ကျယ်လောင် စွာ ပဲ့တင်ထပ် ဆူညံသွားခဲ့သည်။

ချူရှန်လန်းကား...

ရန်သူအား လက်စားချေ အောင်ပွဲရလိုက်သဖြင့် အလွန် ကျေနပ်အားရစွာဖြင့် အရုပ်တစ်ဦးကဲ့သို့ ငေးကြည့်နေခဲ့ လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး...ဟေး...ဟေး...ဟေး"

"ခွီး...ခွီး"

"အ...အ"

ရက်တရက်....

မမျှော်လင့်ဘဲ မဟူရာ ကြောင်နက်ကြီးက အရှုံးနှယ် အော်ဟစ်ရယ်မောနေသည့် သူ၏မျက်နှာကို ကုတ်ခြစ် တိုက်ခိုက်သေရာ ချူရှန်လန်းမှာ နာကျင်စွာ အော်ဟစ်လျက် နောက်ပြန်လဲကျသွားလေ၏။

သူက အလွန်ဒေါသကြီးစွာဖြင့် မဟူရာ ကြောင်နက်ကြီး၏ ဝမ်းဗိုက်အား၊ ငရဲငှက် ပေါက်ဓားနှင့် ပင့်ဆိုးချလိုက်တာ သူ၏မျက်နှာမှ ဆွဲဖယ်လိုက်သည်။

"ခွီး"

မဟူရာကြီး၏ မာန်ဖီအော်ဟစ်သံကား ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ဆူညံသွားလေသည်။

"ခွီး...ခွီး"

"အ...အ"

"တောက်...ကြောင်တကောင်၊ ကျွတ်...ကျွတ်"



မဟူရာကြီးမှာ ဗိုက်တွင် ငရဲငှက် ပေါက်ဓားတစ်စင်းက အဆုံးထိစူးဝင်လျက်တဝင် မန်ချူးခါးသမားအား ပြန်လည်တိုက်ခိုက်ရန် မာန်ဖီနေဆဲ ရှိသည်။

မန်ချူးနယ်စား ချူရှန်လန်း၏ မျက်လုံးတစ်ဖက်ကား ပေါက်ဖက် ဖြစ်နေခဲ့ရပြီ။

မဟူရာကြီးက လက်သည်းဖြင့် ကော်ထုတ်သွားသကဲ့သို့ သူ၏ မျက်နှာမှ အသားစများကိုလည်း ဆွဲထုတ်ကုတ်ခြစ်သွားရာ မန်ချူးကြီး၏ မျက်နှာမှာ အလွန်ကြောက်စရာကောင်းလောက်အောင်ပင် သွေးရဲရဲ သံရဲရဲနှင့် ဖြစ်နေတော့သည်။

သူက မဟူရာ ကြောင်နက်ကြီးကို ကျိန်ဆဲလျက်ရှိလေသည်။

"ကြောင်သူရဲ၊ ကြောင်တကောင်၊ နင့်ရှိုးမသေမသေအောင် ငါသတ်မယ်ကွ"

မဟူရာကြောင်နက်ကြီးကား ဗိုက်တွင် ပေါက်ဓားတန်းလန်းနှင့် ရန်သူရှေ့မှ လူးဝပြေး၍ သူ၏ရှေ့ခြေတစ်ဖက်တွင် မန်ချူးမျက်လုံးအိမ်မှကော်ထုတ်ယူခဲ့သည့် မျက်လုံးတစ်လုံး။

"ခွီး..."

www.burmeseclassic.com

www.burmeseclassic.com



မဟူရာကြီးက နေ့ခက်ဆုံးအခင်းအကျင်းနှင့် ပြန်လည်တိုက်ခိုက် မာန်ဖီအားတင်းနေစဉ်ဝယ်....

လူရိပ်တစ်ရိပ်ကို တွေ့မြင်လိုက်သဖြင့် မန်ချူးမေးသမေး ချူရှန်လန်းက ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

"ဟင်...မင်းသား လီကွေ့ရှန်း"

မျက်နှာတွင်သွေးများယိုစီးနေပေကျ လျက် မန်ချူးကြီးသည် နှုတ်မှ ရေရွတ်လိုက်လေသည်။

ကျန်တစ်ဖက်မှ မျက်လုံးကို ပြူးလျက်ကြည့်ပြီး သူ၏နှုတ်ခမ်းမှာ ပြုံးယောင်ဝေသွားသည်။

"ခြော်...နန်းကျာဘုရင်ရဲ့ နန်းမွေဆက်မင်းသားက ဒီကို ရောက်နေတာကိုး၊ ဟဲ...ဟဲ...အဆင်သင့်လိုက်လေ၊ နန်းဆက်တော့ ခံခွင့်မရှိပါဘူး၊ သွေးကြွေးဆပ်တော့ ခံယူခွင့်ရှိမှာပါတယ်မင်းသား"

မင်းသား လီကွေ့ရှန်းသည် မန်ချူးနယ်စား ချူရှန်လန်း၏ ကြုံးဝါးမှုကို မကြားသကဲ့သို့ မြေပြင်ပေါ် လဲကျနေရှာသည့် မရဏကျောပွတ်မယ်၏ ရုပ်အလောင်းထံသို့သာ တစ်လှမ်းချင်း လျှောက်သွားသည်။



ထိုအခွင့်အရေးကို အရယူရန် မန်ချူးကြီးက ဓားကို လှစ်ရှားလိုက်ပြန်ပါသည်။

"ဝှစ်..."

"ဖောက်"

"အား..."

မင်းသားလီကွေ့ရှန်း၏နှလုံးသားတည့်တည့်သို့ ရဲ့ဇာတ်ပေါက်ဓားတစ်လက်က ဖြောင့်တန်းစွာ ထိုးဖောက်ဝင်သွားခဲ့သည်။

လျှောက်နေသောခြေလှမ်းမှာလည်း ထားသို့ ယိုင်လျက် ပျက်သွားခဲ့သော်လည်း မင်းသားမှာ ချစ်သူ မရဏ ကျောပွတ်မယ်ထံသာ ခြေလှမ်းကို ဆက်လှမ်းသွား၏။

"ခွမ်း"

မဟူရာကြောင်နက်ကြီးကား သည်တစ်ကြိမ်ဝယ် ယူသေ တွယ်မသေ တိုက်ခိုက်မည်ဟူသော မာန်တို့သွင်းလျက် ဒဏ်ရာရလျက်က ရှိအန်နယ်စား ချူရှန်လန်း၏ မျက်နှာလက်သို့ ဒုတိယအကြိမ် ခုန်တက်တိုက်ခိုက်ပြန်ပေါ်၏။

"အ...အ"

www.burmeseclassic.com

www.burmeseclassic.com



"ရှူး…ရှူး…ကြောင်ကစ္ဆေ…ကြောင်သရဲ"

"ဟဲ့…ဟဲ့…သွားစမ်း…"

မဟူရာကြီးက ကျန်သော မျက်လုံးတစ်လုံးအား မန်ချူးကြီးထံမှ မရအရ ကုတ်ခဲ့ရှိက်ဖဲ့ လျှက် ထုတ်ယူပြန်သည်။

ချူရှန်လန်းတား အလွန်ခေါင်းမာသော ကြောင်ကြီး၏ ကုပ်ကို ဆွဲပြီး ခွာထုတ်တိုင်း သူ၏မျက်လုံးမှာ စူးရှနာကျင်စွာဖြစ်နေရာ ငရဲငှက်ခေါက်မောနှင့် ကြောင်ကြီး၏ ဗိုက်ကို ဒုတိယအကြိမ် မြှောက်မင့်ထိုးချလိုက်ပြန်ပါသည်။

"ခွိ…"

"အား"

ချူရှန်လန်း၏ယေသံပေါ်အောင် အော်ဟစ်လိုက်သံကား တောင်ကြောတစ်ကြောလုံး ပဲ့တင်ထပ်သွား ပြန်ပါ၏။

မဟူရာကြီး၏ လက်ထဲတွင်မာနီချူးကြီး၏ ကျန်မျက်လုံး တစ်ဖက်က ပါသွားပြန်ပါ၏။

ခုတော့…

ချူရှန်လန်းတား မျက်လုံးနှစ်ဖက်စလုံး ပေါက်ကော်ဖြစ်သွားခဲ့လေပြီ။



သူ၏ နှာခေါင်းထိပ်ဖျားဝင်လျှင် မဟူရာကြီးက ကိုက်ဖဲ့သွားရာ မရှိတော့ပြီ။

သူ၏မျက်နှာကား သွေးများအလိမ်းလိမ်းနှင့် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းနေတော့သည်။

"ညောင်…ဝမ်း"

"မဟူရာ…မဟူရာ"

"လာစမ်းကွယ်"

"ညောင်ဝမ်း"

မဟူရာ ကြောင်နက်ကြီးခမျာ ဗိုက်တွင် ခေါက်မောနှင့်လက် စိုက်လျက်က သခင့်ထံသို့ ဒယီးဒယိုင်နှင့် သွားနေရှာသည်။

ခင်းသွေး လီကွေ့ရှန်းက ချစ်သူ မရဏာကျာပွတ်မယ်၏ အေးတွင် လဲနေရာမှ မဟူရာအား ခေါ်နေခြင်းဖြစ်လေသည်။

မဟူရာကြောင်ကြီး အော်သံကြားသဖြင့် ချူရှန်လန်းသည် အလွန်ဒေါသဖြစ်စွာဖြင့် ကြောင်ကိုသတ်ရန် လိုက်ရှာနေပြန်သည်။

"ဘယ်မလဲ ဒီကြောင်စုတ်"

မျက်လုံးနှစ်လုံးစလုံး မရှိတော့သဖြင့် ချူရှန်လန်းသည် တွေ့ရာဆီသို့ ရောက်အောင်မသွားနိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌....

မင်းသားလီကွေ့ရှန်းသည် မရဏကျာပွတ်မယ်၏ လည်မျိုတွင် စိုက်ဝင်နေသည့် ငရဲငှက်ပေါက်ခေါင်းကို နှုတ်ယူလေသည်။

"ကျာပွတ်မယ်ကိုသတ်ခဲ့တဲ့ မန်ချူးကို ကျုပ်ရအောင် ပြန်သတ်ပေးပါ့မယ် အချစ်ရယ်"

သူက ချစ်သူ၏လည်မျိုမှပေါက်ခေါင်းကိုနှုတ်ရင်း တီးတိုး ရေရွတ် ပြောကြားနေလေသည်။

"ကြောင်စုတ်၊ ကြောင်နာ၊ ကြောင်တစ္ဆေ၊ ကြောင်သရဲ နင်ဘယ်မှာလဲ"

ချူရှန်လန်းသည် မဟူရာကြောင်ကြီးအား သတ်လိုဇော နှင့် အရူးတစ်ယောက်လို ဖြစ်နေလေသည်။

မင်းသား လီကွေ့ရှန်းသည် အလွန်အားနည်းသော ချူ အားနှင့် မန်ချူးခေါင်းသမားကြီးကို စောင်းငဲ့ကြည့်နေသ သည်။

သူ၌ ခေါင်းလက်နက်ရှိသေ၏လည်း သည်ခေါင်းတွေကို သူ မန်ချူးထံရောက်အောင် မပစ်ခတ်နိုင်ပေချေ။

ထို့ကြောင့် သူက မဟူရာကြီးကို ရင်ခွင်ထဲ ပွေ့လိုက် ပြီး....



"မင်းကို ခေါင်းနဲ့ထိုးလိုက်တဲ့ရန်သူကို ငါခေါင်းနဲ့ပြန်ထိုးပေး ပါ့မယ် မဟူရာ၊ မင်းမသေနဲ့ဦးကွယ်"

မင်းသား လီကွေ့ရှန်းသည် ကြောင်မဟူရာကြီး၏ဗိုက်မှာ စိုက်ဝင်နေသည့် ပေါက်ခေါင်းနှစ်ချောင်းကို ဆွဲနှုတ်ယူလိုက် သည်။

"ငွပ်"

"ညောင်"

"ငွပ်"

"ညောင်"

ပေါက်ခေါင်းနှစ်လက်ကို ဗိုက်မှနှုတ်ယူလိုက်တိုင်းသွေးများ အလုံးလိုက် စီးကျလာသဖြင့် မဟူရာကြီးမှာ နာကျင်လှစွာ အော်မြည်လိုက်ရှာသည်။

မဟူရာကြီး၏ ညည်းညူသံကိုကြားလိုက်ရသော မန်ချူး ခေါင်းသမားကြီးမှာ အံသြွက်ခေါ်ရာဆီသို့ လျှောက်လှမ်း လာလေသည်။

မင်းသားလီကွေ့ရှန်းက ပေါက်ခေါင်းသုံးလက်ကို လက်ထဲ တွင် ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

သူ၏ရင်ခွင်တွင် စိုက်ဝင်နေသော ခေါင်းကြောင့် မနှုတ်ပဲ သေး။

www.burmeseclassic.com

www.burmeseclassic.com



ဓားနှုတ်သည်နှင့် သူ၏ဇာတ်ပေါ် ထွက်သွားမည်ကို သိသည်။

သူသေလို့ မဖြစ်သေးပေ။

ချစ်သူ ကျွန်တော်မယ်အတွက် လက်စားချေရဦးမည်။

ထို့ကြောင့်...

ရင်ဝမှဓားကို မနုတ်ဘဲ ထားလိုက်တာ တရွေ့ရွေ့နှင့် အနားကပ်လာသော ချူရှန်လန်းကို မမှိတ်မသုန် စောင့်ကြည့်နေလေသည်။

လက်ထဲတွင်တော့ ပေါက်ဓားသုံးလက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခဲ့သည်။

"ညောင်"

"ဝမ်"

"ဟဲ...ဟဲ...မင်းအာယ်မပြေးမလဲ၊ ကြောင်စုတ်၊ ကြောင်နာ"

ကြောင်၏ညည်းညူသံကိုကြားလိုက်ရသော ကြောင့်သူက ဝမ်းမြောက်ဝမ်းသာ ရယ်မောလာ၏။

လက်တစ်ကမ်းသို့ ရောက်လာခဲ့ပြီး မင်းသားလီကွေ့ရှန်းက ဗက်လက်အနေအထားနှင့် လဲနေရာ သူ၏ရင်ဘက်ပေါ်ရှိ ကြောင်ကြီးမဟူရာက ညည်းညူနေရှာ၏။



"ညောင်"

"ဝမ်"

အသံကြားနေရသည့် နေရာသို့ မန်ချူးကြီး ငုံ့ကာပြီး ကြောင်ကြီးကို ဖမ်းဆီးချန်ကြီးစားသည်။

"ကဲ...တဲ၊ ချစ်သူအတွက်"

မင်းသားလီကွေ့ရှန်းသည် သူ့ရင်ဘတ်ပေါ် ကိုယ်ခန္ဓာကြီး ငုံ့လာသည့် မန်ချူး ချူရှန်လန်း၏လည်မျိုသို့ ပေါက်ဓားချွန်လေးများဖြင့် ပင့်ထိုးလိုက်လေတော့သတည်း။

"ဝူစ်"

"သော"

ငရဲခွက် ဓားသုံးချောင်းပူးက မန်ချူးကြီး၏လည်မျိုအား ထိုးဖောက်ဝင်သွားခဲ့လေသည်။

ချူရှန်လန်း အောက်တစ်လိုက်သံမှာ သည်း၊ ထိတ်လန့်ဖွယ် ဆူညံသွားတော့၏။

မန်ချူးကြီး မင်းသားနှင့်မဟူရာကြောင်နက်ကြီးပေါ်သို့ ထိုးကျသွားခဲ့လေသည်။

မန်ချူးကြီး ချူရှန်လန်း၏ကိုယ်ခန္ဓာကြီးက သူတို့ခန္ဓာပေါ်သို့ ပိကျလာသဖြင့် မဟူရာကြီးနှင့် မင်းသား လီကွေ့ရှန်းတို့မှာ ချူရှန်လန်းနှင့်အတူ တစ်ဖြိုင်နက် အသက်ထွက်သွားကြရရှာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ပြင်းထန်သောလှုပ်ရှားမှုများနှင့် အသက်လုံပွဲများ ကျင်းပခဲ့သော ဤနေရာသည် ကြောက်လန့်ဖွယ် တိတ်ဆိတ်လျက် ရှိတော့သည်။

အမှောင်၏အောက်ဝယ် မတ်စန်းကျင်တစ်ဝိုက်မှ ပိုးကောင်ငယ်လေးများ၊ ညဉ့်ငှက်လေးများ၏ အသံပင် ထွက်ပေါ်လာခြင်းမရှိ။

ထိတ်လန့်တုန်လှုပ်မှုအောက်မှငြိမ်သက်နေသောကြောက်မက်ဖွယ် ညတစ်ညပါတကား။

★

## အခန်း (၂၁)

### ညီညွတ်စည်းလုံးသူများ၏ အောင်ပွဲဆီသို့

မင်းသား လီကွေ့ရှန်း၊ မရဏာကျောပွတ်မယ်နှင့် မဟူရာကြောင်နက်ကြီးတို့၏ အသုဘများပန အခမ်းအနားအား မြင့်လမ်း တောင်တန်းပေါ်ရှိမဟူရာကြောင်နက်ဂိုဏ်းချုပ်သည်ရှိရာ ဘုံကျောင်းရှေ့၌ ကျင်းပသည်။

မင်းသား လီကွေ့ရှန်းနှင့် မဟူရာကြောင်နက် ဂိုဏ်းချုပ်လူကြီးများက မန်းစည်းများကို မြေပုံပေါ်သို့ ညင်သာစွာချလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးခေါင်း မီးနှစ်လက် ချင်းယဲ့နှင့် သုဘရာဇာ ဂိုဏ်းသား ဝမ်စူးတို့မှာလည်း စိတ်ထိခိုက်စွာ လက်ထဲမှ ပန်းစည်းများကို မြေပုံပေါ် သွားတင်လိုက်၏။

"သူရဲကောင်း မရအာကျောပွတ်မယ်နဲ့ နောင်တော် လီကွေ့ရှန်း၊ မဟူရာကြီးတို့ဟာ မန်ချူးနယ်စားကြီး ချူရှန်လန်းကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေ ခေါင်ရေပေါင်းတိုက်ခိုက်သွားကြတာဟာ အလွန်အားကျစရာ ကောင်းတဲ့ အဖြစ်သနစ်ပါပဲ"

ဈာပနပွဲ တက်ရောက်သူတို့မှာ စိတ်ထိခိုက်စွာ ငြိမ်သက် တိတ်ဆိတ်နေကြသည်။

သူတို့၏ဂိုဏ်းချုပ် မရအာကျောပွတ်မယ်နှင့်အတူကွယ်လွန် သွားသော မင်းသားလီကွေ့ရှန်းနှင့် မဟူရာကြောင်နက်ကြီး တို့၏ ကွယ်လွန်သွားခြင်းအတွက် အလွန်ဝမ်းနည်း ကြေကွဲ ခဲ့ရသည်။

သူတို့၌ သူရဲကောင်းတစ်ဦးသဖွယ် သိုင်းစွမ်းထက်ပြီး သတ္တိခပြောင်ပြောင်စွာ ဦးဆောင်မှုပေးခဲ့သည့် မရအာ ကျောပွတ်မယ် ဆုံးရှုံးသွားရမှုကြောင့် ယူကျုံးမရ ဖြစ်ခဲ့ကြရ လေသည်။

အဖြူရောင် တိုးတိုးက ဆက်လက်ပြောကြားပြန်သည်။



"တို့များ မျိုးချစ်တွေဟာ မန်ချူးတွေကို တော်လှန်ဆန့် ကျင်နေတဲ့နေရာမှာ ခုလိုမျိုး အကွဲကွဲအပြားပြား ကိုယ့်နည်း ကိုယ့်ဟန်နဲ့ တိုက်ခိုက်နေကြရင် တစ်နေ့ အင်အားကြီးတဲ့ မန်ချူးတွေရဲ့ ဖြိုခွင်းမှုကိုခံကြရမှာပဲကွယ်...

"ဒါကြောင့်မို့ ရှိအင်နယ်စား မန်ချူးမင်းသားချူ ရှန်လန်းကို သုံးဦးပေါင်းပြီး တိုက်ခိုက်အနိုင်ယူခဲ့တဲ့ နမူနာ ကို တို့များ သင်ခန်းစာယူသင့်တယ်ကွယ်"

အဖြူရောင်တိုးတိုးက ခေတ္တရပ်ပြီး သုဘရာဇာဂိုဏ်းသား ဝမ်စူးကို လှမ်းကြည့်သည်။

"ခုပဲကြည့်၊ တို့များရဲ့ မိတ်ဆွေဂိုဏ်း သံချိုင်းထောက် ကြီးတို့ဆိုရင် မန်ချူးတွေရဲ့ ဖြိုခွင်းမှုနဲ့ ဂိုဏ်းလဲပြိုကွဲသွားခဲ့ ရပြီ၊ ခေါင်းဆောင်တွေလဲ ကွပ်မျက်ခံလိုက်ရပြီ...

"ဒါကြောင့်တို့များကျန်တဲ့ အကွဲကွဲအပြားပြားဖြစ်နေတဲ့ အဖွဲ့အစည်းဂိုဏ်းတွေစုပြီး အင်အား တောင့်တင်းအောင် စည်းလုံးညီညွတ်ကြရမယ်၊ မန်ချူး ဆန့်ကျင်ရေး တော်လှန် ရေးဟာ ရေရှည်စစ်ပွဲတစ်ခု ဖြစ်တယ်ကွယ်...

"ဒါကြောင့်ရေရှည်ကိုကြည့်၊ ရှေ့ကပျက်စီးသွားတဲ့အဖွဲ့ တွေကို သင်ခန်းစာယူပြီး ပြုပြင်သင့်တာတွေကို ပြုပြင်ကြ ရမယ်...

www.burmeseclassic.com

www.burmeseclassic.com



"ကျောပွတ်မယ်ဟာ မန်ချူးနယ်စားနဲ့ သိုင်းသမားပီပီ တင်ဦးချင်း စိန်ခေါ်မှုကို လက်ခံပြီး တိုက်ခိုက်သွားခဲ့တယ်၊ သို့ပေမယ့် သူ့ရဲ့ မှာတမ်းတစ်စောင်ကိုတော့ ဘိုးဘိုးထံမှာ ယုံကြည်စွာ အပ်နှံထားခဲ့တယ်"

အဖွဲ့သားများမှာ မရဏကျောပွတ်မယ်က မှာတမ်းထား ခဲ့သည်ကို အခုမှသိရ၍...

"ကျွန်တော်တို့ သိခွင့်ရှိရင် သိပါရစေ ဘိုးဘိုး"

"သိရမှာပေါ့၊ အားလုံးအတွက် ထားခဲ့တာပဲ၊ ဒီတိုက်ပွဲမှာ သူနိုင်ရင်တော့ ဒီစာကို သူ့ပြန်ပေးရမယ်၊ သူ တစ်စုံတစ်ခုဖြစ်သွားခဲ့ရင် ဒီစာကိုအဖွဲ့သားတွေအားလုံးရဲ့ရှေ့မှာ ဖတ်ပြလို့ ပြောခဲ့တာပဲ"

အဖြူရောင်ဘိုးဘိုးက အမှာစာအား ဖွင့်လိုက်သည်။

"ကဲ...ဖတ်ပြမယ်"

မန်ချူး တော်လှန်ရေး ရဲဘော်အပေါင်းတို့...

မန်ချူးနယ်စားရဲ့ စိန်ခေါ်မှုကို သိုင်းပညာသည် တစ်ယောက် အနေနဲ့ရော၊ ရဲစွမ်းသတ္တိ၊ သစ္စာရှိမှု တို့ကြောင့် မြချင်တာကြောင့် လက်ခံခဲ့တာပဲ။

ဒီစာကို နားထောင်နေကြတဲ့ အချိန်မှာ ကျွန်ုပ် လူ့လောကမှာ ရှိမှာမဟုတ်ဘူး၊ဒါကြောင့် ရှေ့ရေး



အတွက် လိုအပ်တာတွေကိုပဲ မှာပါရစေ၊ မန်ချူး တွေဟာ အင်အားကြီးမားတယ်၊ ဒီကြီးမားတဲ့ အင် အားနဲ့ တရုတ် မင်း မင်းဆက် တပ်တော်ကြီးတွေကို ယှဉ်ပြိုင်ပြီး ကျွန်မတို့ပြည်ကို သိမ်းခဲ့တာပဲ၊ သာမန် အင်အားနဲ့ သာမန်ပြောက်ကျားစစ်နဲ့ တော့သူတို့ကို အောင်ပွဲရသည်ထိ မတိုက်နိုင်ပါဘူး...

သူတစ်ဖွဲ့တို့ယ်တစ်ဖွဲ့ အင်အားလောက်နဲ့ စနစ် တကျ လေ့ကျင့်ထားတဲ့ မန်ချူးတွေကို မနိုင်နိုင် ပါဘူး၊ ဒါကြောင့်စုစည်းကြပါ၊အင်အားကြီးသွား အောင် လုပ်ကြပါ။ ခေါင်းဆောင်ကောင်း ရှာကြ ပါ။ သားစဉ်မြေးဆက်အထိ တော်လှန်နိုင်အောင် မျိုးချစ်စိတ် မွေးကြပါ။

လောလောဆယ်တော့ ဒီနေရာက အမြန်ခွာပြီး မြောက်ဘက်ကိုရွှေ့ပြီး အင်အားစုကြပါ။ ဒီနေရာကို မန်ချူးတွေ သိသွားပြီမို့ မကြာမီ အင်အားနဲ့လာ တိုက်ကြတော့မှာပါ။

သင်တို့ရဲ့ မရဏကျောပွတ်မယ်

"ကဲ...မရဏမယ်ရဲ့ မှာတမ်းစာတော့ ဒါပါပဲ"

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



နဂါးမောက်ခေါင်းဆောင် ဓားနှစ်လက် ချင်းယုံက ရှေ့ထွက်ပြီး...

"ကျွန်တော်တို့နဂါးမောက်ဂိုဏ်းကို မရဏကျော်ပွတ်မယ်ရဲ့ ဂိုဏ်းနဲ့ ပူးပေါင်းဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ပါပြီ ဘိုးဘိုး"

"ဟော...ဟော"

ဂိုဏ်းသားများက ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည်။

"ဒါဆိုရင် ဘိုးဘိုးကလဲ အဆိုတစ်ခုပြုချင်ပါတယ်"

"အခုဆိုရင် ဒီဂိုဏ်းမှာ ခေါင်းဆောင် မဲ့သွားပါပြီ၊ ဒါကြောင့် ခေါင်းဆောင်တစ်ယောက်ရှိဖို့ လိုအပ်နေပါတယ်"

မရဏဂိုဏ်းမှ ဝါရင့်မှုတ်ကြီး တစ်ဦးက...

"မင်းမင်းဆက် ကြေးရာဇ်လီကွေ့ဟန်ရဲ့သားတော် လီကွေ့ရှန်ကလဲ မရဏကျော်ပွတ်မယ်နဲ့အတူ ကျဆုံးသွားပြီဆိုတော့ ကြေးရာဇ်ရဲ့ တူတော်သူ မင်းသား လီရှင်းကိုပဲ ခေါင်းဆောင်ခန့်သင့်တယ်လို့ ထင်ပါတယ်"



"သဘောတူပါတယ်"

"ကျေနပ်ပါတယ်"

နဂါးမောက်ခေါင်းဆောင် ဓားနှစ်လက် ချင်းယုံ အပါအဝင် မရဏကျော်ပွတ်မယ်၏ ဂိုဏ်းသားများကပါ လိုလားစွာ ဝမ်းသာအားရ ထောက်ခံကြသည်။

အဖြူရောင်ဘိုးဘိုးက...

"ကဲ...ဒါဆိုရင် အများသဘောတူညီချက်အရ မင်းသား လီရှင်းကို မနီချူး တော်လှန်ရေးခေါင်းဆောင်အဖြစ် အသိအမှတ် ပြုပါတယ်"

"ဟော...ဟော...မနီချူးတွေကိုဖြုတ်ချ၊ မင်း မင်းဆက်ကို ပြန်တင်ကြ"

တော်လှန်ရေးသမားများက အော်ဟစ်လိုက်ကြသည်။

ထိုစဉ်...

မင်းသား လီရှင်းက တော်လှန်ရေးသမားများ ဘက်လှည့်၍ လက်မြှောက်ပြလိုက်သည်။

အော်ဟစ်သံများ ငြိမ်သက်သွားစဉ်...

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဘိုးဘိုးဘက်သို့ လှည့်၍...

"မရဏာချာပွတ်မယ်ရဲ့ အမှာထဲမှာ ပါတဲ့အတိုင်း ကျွန်တော်တို့ ဒီက အမြန်ပြောင်းသင့်ပါတယ်...

"နယ်စားချူရှန်လနီးရဲ့ ကျဆုံးမှုကို မန်ချူးကောရာဇ်က ဒီတိုင်း ငြိမ်ပြီး ကြည့်နေမှာ မဟုတ်ပါဘူး...

"မဖြန်လမ်းတောင်က တော်လှန်ရေးသမားတွေရဲ့ ဌာနချုပ် ဆိုတာလဲ သိသွားပါပြီ...

"ဒါကြောင့် အင်နဲ့အားနဲ့ တိုက်ခိုက်လာမှာပါ"

မရဏာဘိုးဘိုးက ပြုံးလိုက်သည်။

"မင်းသား၊ မရဏာချာပွတ်မယ်ဟာ သိုင်းသမားဆန်ဆန် တစ်ဦးချင်းတိုက်ခိုက်ပြီး နယ်စား ချူရှန်လန်းကို သုတ်သင်ခဲ့ပေမယ့် တော်လှန်ရေးအင်အားစု တစ်ခုလုံးရဲ့ လုံခြုံရေးအတွက်လဲ စဉ်းစားပြီး ဆောင်ရွက်ထားခဲ့တဲ့ အစီအစဉ်တွေ ရှိပါတယ်"

"ကင်းအဖွဲ့ခေါင်းဆောင်"

အဖြူရောင်ဘိုးဘိုးရှေ့သို့ မရဏာအဖွဲ့၏ ကင်းမှူးဖြစ်သူ ဂူယွင်းဖိန် ရောက်ရှိလာသည်။



"အမိန့်ရှိပါ ဘိုးဘိုး"

"မင်းနဲ့ ကင်းတပ်ဖွဲ့တွေ အဆင့်ဆင့် သတိဝီရိယ ရှိကြပါစေ...

"မန်ချူးတွေ ဝင်ရောက်လာရင် လျှို့ဝှက်အချက်ပြပါ...

"မြောက်ကျွန်းစနစ်နဲ့တိုက်ပြီး ယခင် စီစဉ်ထားတဲ့ ဖြတ်လမ်းတွေကနေ အမြန် ပြန်ဆုတ်ခဲ့ပါ...

"အင်အားနဲ့ ရင်ဆိုင်မတိုက်ပါနဲ့၊ အမြန်ဆုတ်ခဲ့ပါ"

"ကောင်းပါပြီ ဘိုးဘိုး"

"အေး... နားလည်ရင် မင်းတပ်ဖွဲ့တွေကို စနစ်တကျ စီစဉ်ပေတော့"

အဖြူရောင်ဘိုးဘိုးက မင်းသားလီရှင်းဘက်သို့ လှည့်၍...

"မင်းသား... လောလောဆယ်တော့ အစီအစဉ်တွေကို တစ်ခုချင်း တင်ပြဖို့ အချိန်မရှိလို့ ကျွန်တော်ပဲဆက်ပြီး အမြန် ဆောင်ရွက်ခွင့်ပြုပါ"

"ရပါတယ်ဘိုးဘိုး၊ ပြောစရာတောင် မလိုပါဘူး၊ ဒါလိုအပ်ချက်အရ လုပ်ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ အဖြူရောင်ဘိုးဘိုးက...

"ဝမ်ယို"

ဟု ခေါ်လိုက်သည်။

"မင်းကော မင်းရဲ့တာဝန်အရ လက်နက်တွေကို စခန်းအတွင်းမှာ စနစ်တကျ ထပ်ဆင်ထားပြီးပြီလား"

"မှန်ပါ၊ အားလုံး အစီအစဉ်တကျ ဆောင်ရွက်ထားပါတယ်၊ အဖွဲ့သားအားလုံးကိုလဲ စနစ်တကျ လေ့ကျင့်ပေးထားပြီးဖြစ်ပါတယ်"

"အေး...ဒါဖြင့် လိုအပ်တာနဲ့ စနစ်တကျ အသုံးပြုနိုင်အောင် စီစဉ်ထားပေါ့"

"ကောင်းပါပြီဘိုးဘိုး"

ဝမ်ယို ထွက်ခွာသွားရာ...

"လူကျင့်"

"ရှိပါတယ် ဘိုးဘိုး"

"မင်းနဲ့ အဖွဲ့သား လူအင်အား နှစ်ဆယ်နဲ့ တို့ရဲ့ အခိုင်ကြိုတင်ပြင်ဆင်ထားတဲ့ တောင်ကြားနောက်ဘက် ထွက်



ပေါက် လုံခြုံရေးကို ကြိုတင်ပြီး ကင်းပုန်းချ စောင့်နေရမယ်။ အရိပ်အယောင်မပြနဲ့၊ လိုအပ်မှ တို့ထွက်လာမှာမို့ အဖြင်က ကြိုသိလို့မရဘူး၊ လျှို့ထိပ်ကဂူမှာရှိတဲ့ ရိက္ခာ ...င်းတွေကစ အားလုံး ခရီးထွက်နိုင်အောင် အဆင်သင့် ...င်ထား"

"ကောင်းပါပြီ ဘိုးဘိုး"

* * *

ရှိအန်းနယ်စား ချူရှန်လန်း၊ မရကာကျွဲပွတ်မယ်၊ ခင် ...ဘရာဇ်ဟောင်း၏ သားတော် လီကွေ့ရှန်းတို့ မပြန်လမ်း ...ဘောင်တွင် အတူတကွ ကျဆုံးသွားသောသတင်းသည် မန် ...ချူးကေရာဇ်ထံသို့ သသင်းရောက်ရှိသွားခဲ့သည်။

မန်ချူးကေရာဇ် ဤအရေးနှင့်ပတ်သက်၍စစ်ဘက်ဆိုင်ရာ ...ကြီးအကဲများ၏ သဘောအား တွေ့ဆုံ မေးမြန်းလျက် ...သည်။

စစ်ဗိုလ်ချုပ်ကြီး ချန်ဝူးက...

"မှန်ပါ...ဧကရာဇ်မင်းမြတ်၊ သူပုန်တွေရဲ့ အခြေစိုက် ...ခန်းကို သိရနေပြီဆိုတော့ သူတို့အင်အား မကြီးထွားခင် ...မြန်ပြတ် ရှင်းပစ်သင့်ပါတယ်"

www.burmeseclassic.com

တခြားဗိုလ်ချုပ်ကြီးများကလည်း...

"ဗိုလ်ချုပ်ကြီးချန်ဝူး၏ အကြံဉာဏ် သင့်လျော်စေကြောင်း ပါ အရှင်မင်းကြီး"

ချန်ဝူး၏အကြံကို ထောက်ခံတင်ပြကြသည်။

ဧကရာဇ်က...

"ချန်ဝူး...အမိန့်နာခံ"

"မှန်ပါ...တောရာဇ်"

"လိုအပ်တဲ့ ရဲမက်၊ မြင်း၊ ရိက္ခာ အပြည့်အစုံယူ [illegible] ဒီ တရုတ်တောင်လှန်ရေးသမားတွေ ခိုအောင်းနေတဲ့ မြ[illegible] ဆမ်း တောင်စခန်းကို အမြစ်ပြတ် သုတ်သင် ရှင်းလင်း[illegible] ပစ်ပါ"

"အမြန်ဆုံး ဆောင်ရွက်ပါ"

"မှန်ပါ၊ ဧကရာဇ် အမိန့်တော်နာခံလျက်ပါ၊ ကျွန်ုပ်တ[illegible] မျိုး တပ်များအဆင်သင့်အမြဲရှိတာမို့ မနက်ဖြန်နံနက် [illegible] သောက်လျှင်ပင် တပ်ထွက်မည်ဖြစ်ကြောင်းပါ"

"ကဲ...ကောင်းမင်း၊ ဆောင်ရွက်စရာရှိတာ ဆောင်ရွ[illegible] ပါ"

ဧကရာဇ်နှင့် စစ်ဗိုလ်ချုပ်ကြီးများ၏ ဆွေးနွေးပွဲ[illegible] ပြီးဆုံးသွားခဲ့ပြီ။



မပြန်လမ်းတောင်၏ ကြမ္မာကား မည်သို့နည်း။

မန်ချူးဧကရာဇ်သည် အင်အားဖြင့် ချေမှုန်းစေတော့ သည်။

* * *

ပိန်ဝါးကျေးရွာ...

မပြန်လမ်းတောင်ခြေမှ ကျေးရွာငယ်လေးတစ်ရွာဖြစ်ပါ သည်။

ထိုအခါများကဆိုလျှင် ခုနစ်ရက်တစ်ကြိမ်ကျ ဈေးမှ [illegible]ပါး စည်ကားခြင်းမရှိသော အာမခံကျေးရွာတစ်ရွာ [illegible] ဖြစ်ပေသည်။

ယခုမူ...

ကျေးရွာတစ်ခုလုံး မန်ချူးစစ်သည်များ ပြည့်လျှံ လျက် သည်။

စစ်သူကြီးချန်ဝူးသည် ပိန်ဝါးကျေးရွာတွင် မန်ချူးတပ် [illegible]စွဲ၍ မပြန်လမ်းတောင်ကုန်းအား တိုက်ခိုက်ချေမှုန်း [illegible]ပြင်ခဲ့ပေသည်။

www.burmeseclassic.com



မန်ချူးတို့၏ တပ်ခွန်များ၊ အလုံများ၊ ဟိုမှသည်မှ သွားလာနေသော မန်ချူးများဖြင့် ပြည့်လျှံနေသောကြောင့် ရွာသားများ ရွာနှင့်ဝေးရာသို့ ထွက်ပြေး တိမ်းရှောင်နေကြရသည်။

အထူးသဖြင့်....

မိန်းမပျိုလေးများမှာ ရွာမှတိမ်းရှောင်၍အခြားကျေးရွာများသို့ အလျှင်အမြန် ထွက်ပြေးကြရသည်။

စစ်သူကြီးချန့်ဝူးမှာ တပ်ဦးရောက်သည်နှင့် မဖြန်လမ်းတောင်၏ အဝင်အထွက်လမ်းအား ပိတ်ဆို့ထားလိုက်ေ သည်။

နောက်တပ်များ စုမိသည်နှင့် တောင်းဘက်ကိုလွှတ်၍ စေ တိုက်ခိုက်စေသည်။

မဖြန်လမ်းတောင်ပေါ်ရှိ အစောင့်တပ်ဖွဲ့များမှာ ရောက်သွေးတိုးစမ်းထောက်ကင်းတပ်များအား အကာအကွ များမှနေ၍ မြားဖြင့်ပစ်ခတ်ခြင်း၊ ကျောက်မောင်းများ ၍ လိမ့်ချခြင်းတို့ကြောင့် တင်းတပ်များ ရှေ့သို့မတက် ဖြစ်ရလေသည်။

စစ်သူကြီး ချန်ဝူးမှာလည်း ထောက်လှမ်းရေးသမား တောင်ပေါ်၌ အမှန်ရှိနေကြောင်း သိရသောအခါ



ကြီးမှ အင်အားများကို သုံး၍ အင်နှင့်အားနှင့် တိုက်စေသည်။

ထိုအခါ....

ထောက်လှမ်းရေး ကင်းအဖွဲ့များမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မြွောင့်များ၊ ကျင်းများဖြင့် ထောင်ချောက်ဆင်ခြင်းတို့ကိုသာ အသုံးပြု၍ လှချင်းမယှဉ်ဘဲ ကင်းစခန်းတစ်ခုပြီးတစ်ခု စွန့်လွှတ်ဆုတ်ခွာသွားကြသည်။

စစ်သူကြီးချန့်ဝူးမှာက မဖြန်လမ်းတောင်ပေါ်သို့ မရောက်ခင် သူ၏တပ်သားများ ရာနှင့်ချီကျဆုံးနေကြောင်း သိရ၍ အလွန်ဒေါသထွက်လျက်ရှိလေသည်။

ထိုအချိန်တွင်....

မဖြန်လမ်းတောင် ကုရားကျောင်းဌာနချုပ်တွင် ကင်းမှူးသုယွင်းဖိန်က....

"အဖြူရောင်ဘိုးဘိုး၊ ကျွန်တော်တို့ နောက်ထပ် တင်းခန်းသုံးခုပဲ ကျန်ပါတော့တယ်၊ မန်ချူးတွေက အင်အားနဲ့ အတင်းတိုက်တော့ ကျွန်တော်တို့လဲ မြောက်ဘက်ကျား နည်းအတိုင်း တိုက်ပြီး ပြန်ဆုတ်လာကြရပါတယ်၊ ရှေ့ကင်းစခန်းက လူတွေကိုတော့ နောက်ဆုံးတင်းစခန်းသုံးခုမှာပူးပေါင်းတိုက်ဖို့ နေရာချထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မားနှစ်လက်ချင်းယုံက...

"ဘိုးဘိုး...ကျွန်တော်တို့ဘယ်နေရာကနေ တိုက်ရမှာလဲ၊ ကျွန်တော်တို့ကို တာဝန်ပေးပေါ"

ဘိုးဘိုးက...

"မားနှစ်လက်...လောလောဆယ် တိုက်ဖို့ မလိုဖူးပါဘူး၊ အစီအစဉ်တွေ စနစ်တကျရှိတာမို့ အေးအေးဆေးဆေးနေစေပါ"

မနီချူးတို့၏ အော်ဟစ်သံများ၊ စစ်ခရာသံများတို့ဝင် ကြားနေရပြီမို့ မားနှစ်လက်ချင်းယုံမှာ မရိုးမရွဖြစ်နေပေသည်။

သို့သော်...

အဖြူရောင်ဘိုးဘိုးက အစစအရာရာ တည်ငြိမ်စွာကွပ်ကဲနေသောကြောင့် မပြောသာဘဲရှိနေသည်။

ထိုအခိုက်...

ကောင်းကင်ယံသို့ မီးကျည်အနီ ရောင်ခြည်တန်းများ ထွင့်တက်လာသည်။

အဖြူရောင် ဘိုးဘိုးက...

"ကဲ...အားလုံး ရိုက္ခာဂိုဒေါင်တွေဘက် အမြန်ဆုတ်ကြပါ၊ ချင်းယုံတို့က ကျုပ်နောက်လိုက်ခဲ့ပါ"



"အေး...ကောင်းတယ်"

"ဝူယွင်းဖိန်"

ဘိုးဘိုးက ခေါ်လိုက်သည်။

"မင်း ကင်းစခန်းသုံးခုကို တစ်ဆင့်ပြီးတစ်ဆင့် ရန်သူတို့ ခုခံရင်း ဆုတ်ခဲ့...

"တတ်နိုင်သမျှ ကိုယ့်ဘက်က အထိအခိုက် မရှိစေနဲ့ ပြီးတာနဲ့ ကင်းသားအားလုံး တောင်နောက်ဘက်က ရိက္ခာ ထားတဲ့ ဂူတွေဆီရောက်အောင် အမြန်ဆုတ်ခဲ့"

"ဘိုးဘိုး ကျုန်တဲ့တော်လှန်ရေးအဖွဲ့တွေအတွက်"

"ဒါတွေ မင်းမပူနဲ့၊ ငါအားလုံး အစီအစဉ်တကျ လုပ် ထားတယ်...

"ကဲ...မင်းကင်းစခန်းမြန်မြန် မှာတဲ့အတိုင်းလုပ်၊ နောက် ဆုံး စခန်းက ခွာတော့မယ်ဆိုရင် အချက်ပြမီးမြားနဲ့ပစ်တင် ကဲ...သွားတော့"

ကင်းတာဝန်မှူး ဝူယွင်း ထွက်ခွာသွားသည်နှင့် မရဏ ဂိုဏ်းအဖွဲ့သားများ အားလုံး ပစ္စည်းများ သိမ်းဆည်းနေ ကြသည်။

တန်ဖိုးကြီးလှသော ရွှေတောင်းမှုပ်တုတော်များ၊ ရွှေ ဖြင့် ပြုလုပ်ထားသော ဗုဒ္ဓ၏ ရုပ်ပွားတော်တို့ကို စနစ် တကျ သိမ်းဆည်းထုပ်ပိုးနေကြသည်။

www.burmeseclassic.com



မင်းသားလီရှင်းနှင့် နှားနှစ်လက်ချင်းယုံတို့မှာ အဖြူရောင်ဘိုးဘိုး ခေါ်ရာသို့ လိုက်ခဲ့ကြရသည်။

တောင်ကြော၏ နောက်ဖက်တွင် မရဏာအဖွဲ့သားများ စုဝေးရောက်ရှိနေကြပေပြီ။

ထိုအခိုက်....

ဝမ်းယုံဖိန့် အပြေးအလွှား ရောက်ရှိလာသည်။

"ဘိုးဘိုး၊ ကျွန်တော်တို့အဖွဲ့အဆင်သင့်ဖြစ်ပါပြီ၊ ဘိုးဘိုးတို့ ထွက်ပါတော့"

"အေး....ကောင်းပြီ ဝမ်းယုံ၊ မင်းနဲ့ အဖွဲ့သားတွေလဲ အန္တရာယ်ကင်းကင်းနဲ့ ဆောင်ရွက်နိုင်ပါစေ"

"ကောင်းပါပြီ ဘိုးဘိုး"

ဝမ်းယုံထွက်ခွာပြီးနောက် အဖြူရောင်ဘိုးဘိုးဦးဆောင်၍ ရိုက္ခာများထားခဲ့သော ဂူတွင်းသို့ ဝင်ခဲ့ကြသည်။

မင်းသားလီရှင်းမှာ အဖြူရောင်ဘိုးဘိုး၏ တည်ငြိမ်သော လှုပ်ရှားမှုများကြောင့် အနှောင့်အယှက် မပေးလိုသဖြင့် ဘာမှမမေးဘဲ နောက်မှ လိုက်ခဲ့ပေသည်။

ဂူမှာ တဖြည်းဖြည်း ကျဉ်းမြောင်းလာ၍ တဖြည်းဖြည်း ဆင်ခြေလျှော ဆင်းနေသည်ကို သတိထားမိသည်။

သို့သော်....



ဂူတွင်းသို့ အတန်ကြာ လျှောက်ခဲ့သော်လည်း သန့်စင်သော လေကိုသာ ရှူနေခဲ့ရ၍ အခြားလေဝင်လေထွက် ပေါက်များ ရှိနေဦးမည်ကို သတိထားမိသည်။

ဂူအတွင်းလမ်း လစ်လျှောက်၍သည်း မီးတုတ်များကို ထိုးစိုက် ထွန်းညှိထားသောကြောင့် ဂူလမ်းကို လင်းကျင်းစွာ မြင်တွေ့နေရသည်။

ဂူမှာ တမြောင့်တည်းမဟုတ်ဘဲ ကွေ့၍ ဆင်းသွားပြီး တဖြည်းဖြည်း ကြောင်လိမ်သဖွယ် အောက်ဘက်သို့ ဆင်း၍ ဆင်း၍ သွားသည်။

မကြာမီ....

တစ်ဖက်မှ အလင်းရောင်ပျပျကို လှမ်းမြင်ကြရပြီး ဂူ၏ ထွက်ပေါက် အပြင်တွင် မဟူရာမြောင်နက် ဂိုဏ်းသား အားလုံးနီးပါး ရောက်ရှိနေသည်ကို တွေ့ရသည်။

ခရီးထွက်ခွာရန်အတွက် မြင်းများကိုလည်း အဆင်သင့် ပြင်ဆင်ထားပြီး ဖြစ်နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အများ၏အမြင်တွင် တောင်ကြော၏ တစ်ဖက်မှာ မတိ စောက်သော တောင်ကြားဖြစ်သော်လည်း မရဏအဖွဲ့သား များမှာ နှစ်ပေါင်းများစွာကပင် ရှိနေခဲ့သော တစ်ဖက် ချောက်ကမ်းပါးအခြေသို့ ထွက်ရာဂူပေါက်ကို ရှာဖွေတွေ့ရှိ ထားခဲ့ပြီး ဖြစ်လေသည်။

ထိုအကြောင်းကို အပြင်သို့ ပေါက်ကြားမည်စိုး၍ မရဏ ကျွပ်မယ်နှင့် မရဏဘိုးတိုး အပါအဝင် လူကြီးပိုင်း အနည်းငယ်သာ သိရှိခွင့် ပေးထားခဲ့ခြင်း ဖြစ်လေသည်။

ဓားနှစ်လက် ချင်းယုံက....

"ဘိုးဘိုး၊ ကင်းအဖွဲ့သားတွေနဲ့ စမ်းယုံတို့အဖွဲ့ကော"

"ကင်းအဖွဲ့သားတွေက ကျုပ်တို့ထွက်မယ့် ဖမ်းမှာ အန္တရာယ်မရှိအောင် ကင်းပုန်းစောင့်နေကြပါတယ်၊ တချို့ ကလဲ ရှေ့ဆက်ပြီး သွားရမယ့်စခန်းအတွက် အဆင်သင့် ဖြစ်အောင် ထွက်ခွာသွားကြပါပြီ...."

"စမ်းယုံတို့ကတော့ တာဝန်တွေကျန်နေလို့ စခန်းထဲမှာ ရှိပါတယ်၊ မကြာခင်ရောက်လာပါလိမ့်မယ်"

စနစ်ကျ၍ စေ့စပ်လှသော ဘိုးတိုး၏ အစီအမံကြောင့် ဓားနှစ်လက်နှင့် မင်းသားလီရှင်းတို့မှာ နှုတ်ပိတ်၍သာ နေ လိုက်ကြတော့သည်။

* * *



မန်ချူးတပ်ဖွဲ့များမှာ ကင်းစခန်းများထို့ အကျအဆုံး များစွာနှင့်အတင်းတိုက်ခိုက်ပြီးနောက် တောင်ကုန်းပေါ်သို့ ရောက်ရှိလာခဲ့ကြလေပြီ။

ရှေ့တန်းမှသတင်းပို့ချက်အရ စစ်သူကြီးချန်ဝူးကိုယ်တိုင် တောင်ပေါ်သို့ ရောက်ရှိလာခဲ့လေပြီ။

စစ်သူကြီး ရောက်ရှိလာသောအခါ တာဝန်ရှိ စစ်ဗိုလ် တစ်ဦးက—

"စစ်သူကြီး၊ သူပုန်တွေ တစ်ယောက်မှ ရှာလို့မတွေ့ဘူး ဖြစ်နေပါတယ်"

"ဟေ...."

စစ်သူကြီး၏ ဒေါသတကြီး အော်ဟစ်သံကြောင့် မန်ချူး စစ်ဗိုလ်မှာ လန့်၍သွားလေသည်။

"ဒီတောင်က တစ်ဖက်ကချောက်ကြီး၊ ဘယ်ကိုဆင်းပြေး လို့ ရမှာလဲ၊ တွေ့အောင်ရှာကြ"

အော်ဟစ်အမိန့်ပေးပြီးနောက်....

သူကိုယ်တိုင် စစ်သည်တစ်စုနှင့်အတူ ဘုရားကျောင်း ရှိရာသို့ တက်လာခဲ့လေသည်။

ဘုရား ကျောင်းပျက်ထဲတွင်လည်း ဘာမှမရှိ။

နတ်ရုပ်အဟောင်းများ၊ ပစ္စည်း အကျိုးအပဲ့များသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်လူယောင်မတွေ့…

ထိုအခိုက်တွင်…

စစ်သူကြီး ချွန်ဂူး၏နောက်မှ မန်ချူးစစ်သည် တစ်ဦးက…

"စစ်သူကြီး ကျွန်တော့်အနံ့ တစ်မျိုး ရနေတယ်၊ ညှော်နံ့လိုပဲ"

စစ်သူကြီး ချွန်ဂူးမှာ တစ်စုံတစ်ခုကို သတိရပြီး…

"ဟေ့ …အဆောက်အအုံတွေ ဘုရားကျောင်းရဲ့ နောက်တွေမှာ ဘာတွေများရှိလဲရှာစမ်း၊ အမြန်လုပ်ကြ"

သို့သော်…

"ဝုန်း"

"ဝုန်း"

"ဝုန်း"

ပြင်းထန်သော ပေါက်ကွဲသံများကြောင့် တောင်ကုန်းတစ်ခုလုံး ငလျင်လှုပ်သကဲ့သို့ တုန်လှုပ်သွားတော့သည်။

ဘုရားကျောင်းမှာလည်း ပြိုကျသွားပြီး စစ်သူကြီးနှင့်အဖွဲ့မှာ ဘုရားကျောင်း အပျက်အစီးများအောက်ဝယ် ပိပြားနေကြလေပြီ။

မန်ချူးစစ်သားများတစ်ရာနီးသူတို့လည်းမတွေ့၊ ကြောက်မက်ဖွယ် တုန်လှုပ်ပေါက်ကွဲသံများကြားဝယ် တောင်ပြေးမြောက်ပြေး ဖြစ်နေကြသည်။



ထိုအခိုက်…

မြေပြင်အနှံ့မှ ပေါက်ကွဲသံများ ထွက်ပေါ် လာပြန်သည်။

"ဝုန်း"

"ဝုန်း"

"ဝုန်း"

* * *

တောင်ပေါ်မှ ပြင်းထန်လှသော ပေါက်ကွဲမှုများကို မင်းသား လီရှင်း၊ ဓားနှစ်လက်ချင်းယှဉ်နှင့်တကွ မရဏာအဖွဲ့သားများ ကြားလိုက်ရသည်။

အဖြူရောင် ဘိုးဘိုးမှာ စိတ်ပူပန်စွာဖြင့် တစ်စုံတစ်ယောက်အား စောင့်စားနေဟန် ရှိသည်။

မကြာမီ…

ဂူပေါက်မှ ဖုန်အလိမ်းလိမ်းဖြင့် ဝမ်းယှဉ်နှင့် သူ့လူနှစ်ဦး ပြေးထွက်လာကြသည်။

အဖြူရောင် ဘိုးဘိုးမှာ ယခုမှ သက်ပြင်းချနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယုံက...

"ဘိုးဘိုး၊ ကျွန်တော် ဂူပေါက်ပိတ်ခွင့်ပြုပါ..."

"ဘိုးဘိုးတို့ ဒီနေရာက ထွက်ကြပါတော့၊ ကျွန်တော် လုပ်စရာရှိတာလုပ်ပြီးရင် မြန်မြန် လိုက်ခဲ့ပါမယ်"

ဘိုးဘိုးက...

"အေး...အေး၊ အန္တရာယ်ကင်းအောင်လဲ လုပ်ကြပေ"

ထို့နောက်...

မရဏဂိုဏ်း အဖွဲ့သားအားလုံး ထိုနေရာမှ ထွက်ခဲ့ကြသည်။

ဝမ်းယုံနှင့် သူ့လူနှစ်ယောက်သာ ကျန်ခဲ့ကြသည်။

ခရီးအတော်လှမ်းသောအခါတွင်...

"ဝုန်း"

"ဝုန်း"

ဟူသောအသံများ ထပ်မံကြားကြရပြန်သည်။

မကြာမီ...

နောက်မှ ဝမ်းယုံနှင့် သူ့လူနှစ်ယောက်က မြင်းနှင့်ဒုန်းစိုင်း လိုက်လာသည်ကို တွေ့ကြရသည်။

မရဏကျောပွတ် အဖွဲ့သားများမှာ....

"ဟေး...."



"ဟေး..."

ဟု အော်ဟစ်၍ ဩဘာပေးလိုက်ကြသည်။

မင်းသား လီရှင်းမှာ မနေနိုင်တော့၍...

"ဘိုးဘိုး၊ သိချင်တာတွေ မေးခွင့်ပြုပါ"

"မင်းသား မေးနိုင်ပါတယ်"

"ဘိုးဘိုး တောင်ပေါ်မှာ ဘာတွေဖြစ်ပြီး ကျန်ခဲ့တာလဲ သိပါရစေ"

"မင်းသား၊ တောင်ပေါ်က မန်ချူးတွေ ကျုပ်ရဲ့ ယမ်းမီးကြောင့် မိုက်ဇာတ်သိမ်းကုန်ကြတဲ့ အသံပါ၊ နောက်ဆုံး အသံတွေကတော့ ဝမ်းယုံက ကျုပ်တို့ထွက်ခဲ့တဲ့ဂူပေါက်ကိုပါ ယမ်းမီးသုံး ဖောက်ခွဲပြီး ပိတ်ပစ်ခဲ့တာပါ"

"ယမ်းမီးဆိုတာက...."

"ကျုပ်က ယမ်းမီးလက်နက်ကို နှစ် ပေါင်း များစွာ ကတည်းက လေ့လာနေခဲ့တဲ့ ပညာရှင် တစ်ဦးပါ၊ ဒီလက်နက်ကို မန်ချူးတွေကလဲ လိုချင်ကြပါတယ်၊ မရဏမယ်တာ တူညီတဲ့အနေနဲ့ ကျုပ်ကို အကာအကွယ် ပေးထားတာပါ၊ တိုင်းပြည် ကိုယ့်လူမျိုးအတွက် လိုအပ်လာလို့ ကျုပ် ဒီယမ်းမီးပညာကို သုံးရတာပါ....

"ဝမ်းယုံကတော့ ကျုပ်ရဲ့တပည့်ကြီးပေါ့၊ နောက်တော့ ဒီပညာရဲ့ နည်းစနစ်တွေ မင်းသားကို တင်ပြမှာပါ၊ ခုတော့ မန်ချူးတွေကိုတော်လှန်ဖို့ အားစုဖို့အတွက် ကျွန်တော်တို့

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းကို ပြောင်းရဦးမယ်၊ ဟိုမှာလဲ ကျွန်တော်တို့ အမြဲစိုက်စခန်းတစ်ခု ကြိုတင် ပြုလုပ်ထားပါတယ်”

နယ်ချဲ့မန်ချူးများအား တော်လှန်ရန် အင်အားစုစည်းနိုင်ရေးတွက် သူ့ရဲ့တောင်းများ မြောက်ဘက်သို့ ရွှေ့ပြောင်းနေကြသည်။

တရားသော စစ်ဖြစ်၍ တစ်နေ့သူတို့(သို့မဟုတ်)သူတို့၏ မျိုးဆက်များ အောင်ကြရမည်မှာ မလွဲမသွေ မဟုတ်ပါလော။

ပြီးပါပြီ။

တက္ကသိုလ် ထိန်းစည်

BURMESE CLASSIC .com

www.burmeseclassic.com